မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၈၇)

e-Government ဆိုတာ နိုင်ငံတော်တစ်ခုလုံးနဲ့ ဆိုင်တယ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် e-Government ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကားပြော

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် e-Government ဦးဆောင်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၄

e-Government ဦးဆောင်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။

တိုးတက်ဖို့ အချက် ၃ ချက်

အစည်းအဝေးတွင် ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "e-Government နဲ့ပတ်သက်လို့ ကျွန်မတို့ အစကတည်းက စီးပွားရေးနဲ့ ပတ်သက်ပြီး ချထားတဲ့ မူဝါဒ ၁၂ ချက်ထဲမှာ တစ်ချက်ပါဝင်ပါတယ်၊ အဲဒီအထဲမှာ ဖြစ်မြောက်အောင် လုပ်မယ်ဆိုတာ ပါဝင်ပါတယ်၊ ဒါကို e-Government ဖြစ်မြောက်အောင် လုပ်မယ်ဆိုရင်လည်း ကျွန်မတို့ရဲ့ ဒီနှစ်အတွင်းမှာ အဲဒီဘက်က နှောင့်နှေးနေတာကိုလည်း သတိပြုမိပါတယ်၊ e-Government မြန်မြန်လုပ်ဖို့၊ တိုးတက်ဖို့ဆိုရင် အချက် ၃ ချက်က အဓိကဖြစ်ပါတယ်၊ ကျွမ်းကျင်မှု လိုအပ်ချက်ရှိမယ်၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ရှိမယ်၊ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ချက်ရှိမယ်။

"ဒီလိုအပ်ချက် ၃ ခုစလုံး ဖြည့်ဆည်းဖို့ အခုလို အစည်းအဝေးခေါ်တာလို့ နားလည်ပါတယ်၊ ဦးဆောင်ကော်မတီ ဥက္ကဋ္ဌကြီးဖြစ်တဲ့ ဒုတိယသမ္မတကြီး ဦးမြင့်ဆွေက ဦးဆောင်ပြီး လုပ်သွားမှာ ဖြစ်ပါတယ်၊ သုံးချက်ထဲမှာ အဓိက အမြန်ဆုံး စတင်လုပ်ရမှာတော့ ပူးပေါင်းဆောင်ရွက်မှုပါပဲ။

စာမျက်နှာ ၃ ကော်လံ ၁ ❒

ပြည်သူလိုအပ်ချက်နှင့် အစိုးရဆောင်ရွက်ချက်တို့အကြား ဟန်ချက်ညီရန် ကြိုးပမ်းနေသည့် နိုင်ငံပိုင်သတင်းစာများ

စာမျက်နှာ-၈

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၂၁၁ YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)
ဒေဝယက္ခ အကျိတ်ကြေအလှူမြို့ မန်းဆေး
အဖုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နူရင်ကြေ၊ ရင့်ရင်ပေါက် အမြစ်ပါမကျန်ပျောက်ကင်းသည်
မှိုးဦးကျဖြစ်တတ်သောရောဂါများအတွက် ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ
အမှတ် (၃၇၃)၊ သနပ်ပင်လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့။ Ph-052-2221422 , 09-5300141

မြန်မာ့အလင်း

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈-၂၀၂၀) တတိယမူကြမ်း၏ အခြေခံယူဆချက်တို့ကို သတင်းမီဒီယာတို့၌ တွေ့ရှိရပါသည်။ အဆိုပါ တတိယမူကြမ်း၌ စိုက်ပျိုးမြေများအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုအားနည်းခြင်း အပါအဝင် ရာသီဥတုပြောင်းလဲခြင်းနှင့်ဓာတုပစ္စည်းတို့ကို စနစ်တကျသုံးစွဲနိုင်ခြင်းမရှိခြင်းတို့ကြောင့် သီးနှံထွက်နှုန်းတိုးတက်မှုအပေါ် ထိခိုက်နေကြောင်း သုံးသပ်ထားပါသည်။

အထက်၌ တင်ပြထားသည့် တတိယမူကြမ်း၏ အခြေခံသဘောတို့ကို တွေ့ရသောအခါ အာဖရိကတိုက်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍပြုပြင်ပြောင်းလဲရေးဆိုင်ရာ အခြေခံသဘောတို့ကို ပြန်လည်သုံးသပ်မိပါသည်။အာဖရိကတိုက်၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တို့ အကောင်အထည်ဖော်ရာတွင် ၎င်းတို့ထက် အစိမ်းရောင်တော်လှန်ရေး စောပြုလုပ်ခဲ့သည့် အာရှတိုက်၏သင်ခန်းစာတို့ကို အလေးအနက်ထားသုံးသပ်ခဲ့ပါသည်။ အာရှတိုက်အစိမ်းရောင်တော်လှန်ရေး၏ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးတို့ကို သုံးသပ်ထားသည်မှာ အလေးအနက်နှလုံးသွင်းရမည့် ကိစ္စရပ်ဖြစ်ပါသည်။

အာရှတိုက်အစိမ်းရောင်တော်လှန်ရေး၏ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးတို့အား ဖြစ်ပေါ်စေသည့် အကြောင်းအရင်းတို့ကို ဖော်ပြရာ၌ အစဉ်အလာအရ စိုက်ပျိုးမြေတွင် သီးနှံမျိုးစုံစိုက်ပျိုးရာမှ ပြည်ပတင်ပို့နိုင်ရေးကို ဦးတည်လျက် သီးနှံတစ်မျိုးတည်းအကြီးအကျယ်စိုက်ပျိုးခြင်းသည် အကြောင်းရင်းတစ်ရပ်အဖြစ် ပါဝင်ပါသည်။ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးတို့ အလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီဩဇာကုန်ခန်းခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ကြောင့် ကျေးလက်သဘာဝဝန်းကျင်ထိခိုက်ခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ အထွက်တိုးသီးနှံတချို့အပေါ်၌သာ အားပြုခြင်းကြောင့် လယ်ယာစိုက်ပျိုးရေး၏ အခြေခံကျဉ်းမြောင်းခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကဲ့သို့သော သွင်းကုန်တို့၏ ကုန်ကျစရိတ်မြင့်မားမှုကြောင့် လုပ်ကွက်ငယ်လယ်သမားတို့ကြွေးပိလျက် လယ်ယာမြေဆုံးရှုံးမှုတို့ ကြုံတွေ့ရခြင်းသည်လည်း အကြောင်းရင်းတစ်ခုဖြစ်ပါသည်။ ဤအကြောင်းရင်းများကြောင့် လူနည်းစုက လယ်ယာမြေတို့ကို ထိန်းချုပ်နိုင်လျက် လူမှုရေးမညီမျှမှု ဖြစ်ပေါ်စေခြင်းသည်လည်း နောက်ဆက်တွဲအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈-၂၀၂၀) ၌ လက်ရှိစိုက်ပျိုးနေသော မြေယာတို့၏ မြေဆီလွှာကောင်းမွန်ရေးကို အလေးအနက်ထားဦးတည်ထားသည့်နည်းတူ စိုက်ပျိုးရေရရှိရေးနှင့် ခေတ်မီစက်ကိရိယာများအသုံးပြုနိုင်ရေးတို့ကို အားပြုထားပါသည်။ စိုက်ပျိုးမြေယာအသစ်များ ဖော်ထုတ်ရာ၌ အစိုးရ၊ ပုဂ္ဂလိကနှင့်တောင်သူတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ဦးတည်ထားသကဲ့သို့ ဘဏ္ဍာငွေကြေးဖြည့်ဆည်းရေးကဏ္ဍ၌လည်း အစိုးရနှင့် ပုဂ္ဂလိကလက်တွဲဆောင်ရွက်ရေးကို အကြံပြုထားပါသည်။ ဤမူကြမ်း၌ လုပ်ကွက်ငယ်တောင်သူလယ်သမားတို့၏ အခွင့်အလမ်းနှင့် အကျိုးစီးပွားတို့ ဖော်ဆောင်ရေးအပေါ် အလေးအနက်ထားခြင်းက အားတက်စရာကိစ္စရပ်ဖြစ်ပါသည်။ ထို့မျှမက လယ်ယာမြေများ ရေပေးဝေရေးစီမံခန့်ခွဲရာ၌လည်း တောင်သူလယ်သမားများကိုယ်တိုင် ပါဝင်နိုင်ရေးကို သုံးသပ်နေသည်မှာ ကျယ်ပြန့်ကောင်းမွန်သော လယ်ယာကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ နိဂုံးချုပ်အားဖြင့် အတွေးအခေါ်သစ်များအပေါ် အခြေခံထားသည့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈-၂၀၂၀) အား ကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

စာပေမြင့်မှ လူမျိုးတင့်မည်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် စင်ကာပူသံအမတ်ကြီးနှင့်တွေ့ဆုံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆွေးနွေး

နေပြည်တော် မေ ၄

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး H.E. Ms.Vanessa Chan နှင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် ရုံးညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ်၊ လုပ်ငန်းအစီအစဉ်နှင့်အညီ ကော်မရှင်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဆောင်ရွက်ချက်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာ(၂၀၁၈ -၂၀၂၁) မူကြမ်းရေးသားပြုစုနေမှုများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ် (Code of Conduct) နှင့် အမှုစစ်ဆေးရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း (Investigation Manual) ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ချက်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေးလုပ်ငန်းအဖြစ် အခြေခံပညာအဆင့် ကျောင်းသင်ခန်းစာများတွင် ကိုယ်ကျင့်သိက္ခာဆိုင်ရာ သင်ခန်းစာများ ထည့်သွင်းရေးဆွဲနိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ သံအမတ်ကြီးက စင်ကာပူနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်း ဆောင်ရွက်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နယ်ပယ်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မဟာသင်္ကြန်ကာလ မူခင်းလျော့နည်းကျဆင်းရေးဆောင်ရွက်

နေပြည်တော် မေ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်းတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုးလွင်၏ ညွှန်ကြားမှုဖြင့် ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလ မူခင်းလျော့နည်းကျဆင်းရေးအတွက် ဆေးဆိုင်များတွင် ကာမရာဂစိတ်ကြွဆေးများ ရောင်းချမှုမရှိစေရေး စစ်ဆေးဖမ်းဆီး ပညာပေးလျက်ရှိရာ မေ ၃ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးအောင်မြင့်သိန်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ် (၂) ဦးညီညီဇော်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သဃ်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာရပ်ကွက် လေးထောင့်ကန်လမ်းရှိ ဆေးဆိုင်တစ်ဆိုင်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ အဆိုပါဆေးများရောင်းချနေသည်ကို တွေ့ရှိရသည့်အတွက် နောက်နောင်တွင် အဆိုပါဆေးများအား ရောင်းချမှုမရှိစေရေး အသိပညာပေးဟောပြောဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၄-၄-၂၀၁၈

ရွှေစျေးနှုန်း (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၈၆၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၂၅၀၀

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၈၁၅/၈၂၅ ကျပ်	(လက်လီစျေး)
အောက်တိန်း ၉၂	၇၈၀/၈၀၅ ကျပ်	(လက်လီစျေး)
အောက်တိန်း ၉၅	၈၃၀/၈၄၅ ကျပ်	(လက်လီစျေး)
ပရီမီယံဒီဇယ်	၈၃၀/၈၄၀ ကျပ်	(လက်လီစျေး)

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၃၂ ·၀
ဥရောပ	တစ်ယူရို	၁၆၃၅ ·၄
စင်ကာပူ	တစ်ဒေါ်လာ	၁၀၁၆ ·၂
ဂျပန်	ယန်း (၁၀၀)	၁၂၅၀ ·၅
ထိုင်း	တစ်ဘတ်	၄၂ ·၇
အိန္ဒိယ	တစ်ရူပီး	၂၀ ·၄
တရုတ်	တစ်ယွမ်	၂၁၁ ·၇
မလေးရှား	တစ်ရင်းဂစ်	၃၄၄ ·၇

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လှိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

စုပေါင်းအင်အား

ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာ၊ အားလုံး ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံအေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်မှု(၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❐ *ရှေ့ဖုံးမှ*

အစိုးရအဖွဲ့ဌာနအသီးသီး ပြည်နယ်၊ တိုင်းအစိုးရများနဲ့ အားလုံး ပူးပေါင်းပြီးမလုပ်ရင် e-Government ဆိုတာ တကယ်တော့ ဖြစ်မြောက်နိုင်မှာ မဟုတ်ပါဘူး။

"ရင်းနှီးမြှုပ်နှံမှု၊ ကျွမ်းကျင်မှုတွေကျတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ အခြေအနေအရ၊ ပညာရေးစနစ်အခြေအနေအရ ဒါတွေကို စောင့်ဆိုင်းပြီးတော့ လုပ်ရမှာ ဖြစ်ပါတယ်၊ ပူးပေါင်းဆောင်ရွက်ခြင်းဆိုတာကတော့ ဒီနေ့ကစပြီး လုပ်နိုင်တယ်လို့ ကျွန်မ ယုံကြည်ပါတယ်၊ ဒီလိုပူးပေါင်း ဆောင်ရွက်မှုရှိမှလည်း e-Government ရည်ရွယ်ချက်က ထမြောက်နိုင်မှာပါ။

"အဓိက ရည်ရွယ်ချက်ကတော့ နိုင်ငံနဲ့ပြည်သူအတွက် အကျိုးရှိဖို့ပဲဖြစ်ပါတယ်၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီး ခေတ်သစ်၊ စနစ်သစ်တွေကို မသုံးလို့လည်း မဖြစ်ပါဘူး၊ အဲဒီလို မသုံးရင် ကျွန်မတို့နိုင်ငံဟာ တခြားနိုင်ငံတွေရဲ့နောက်မှာ ကျန်ရစ်ခဲ့မှာဖြစ်ပါတယ်၊ ဒီအထဲမှာ e-Government နဲ့ ပတ်သက်လို့ ကျွန်မကို အချက်အလက်တွေပေးထားပါတယ်၊ ဒီအချက်အလက်တွေကို ကျွန်မတို့ထက် အသေးစိတ်သိမယ့် ပုဂ္ဂိုလ်တွေလည်း ဒီအစည်းအဝေးမှာ ရှိပါတယ်။

"စောစောက ပြောသလို ပူးပေါင်းဆောင်ရွက်ခြင်းကတော့ သိပ်အရေးကြီးပါတယ်၊ တစ်ဌာနနဲ့ တစ်ဌာန ပူးပေါင်းဆောင်ရွက်မှုမရှိရင် e-Government ကိစ္စမပြောနဲ့ တခြားကိစ္စတွေမှာလည်း မြန်သင့်သလောက် အောင်မြင်နှုန်းက မမြန်နိုင်ပါဘူး၊ e- Government ဆိုတာကတော့ အစိုးရတစ်ခုလုံးနဲ့ဆိုင်တယ်၊ တကယ်တော့ ပြောမယ်ဆိုရင် နိုင်ငံတော်တစ်ခုလုံးနဲ့ ဆိုင်တယ်။

ဦးတည်ပြီးတော့ ကြိုးစား

"e-Government လုပ်ဆောင်ခြင်းရဲ့ ရည်ရွယ်ချက်က ပြည်သူလူထုအတွက် အဆင်ပြေဖို့ဆိုတဲ့အထဲမှာ မြန်မြန်ဆန်ဆန် အလုပ်ပြီးဖို့လည်းပါတယ်၊ နောက်ပြီးတော့ အဂတိလိုက်စားမှု ပပျောက်သွားဖို့လည်း ပါဝင်ပါတယ်၊ တချို့က ပြောတာတော့ အဂတိလိုက်စားမှု လုံးဝပပျောက်တဲ့နိုင်ငံ ဒီကမ္ဘာကြီးမှာ မရှိဘူးပေါ့၊ ဒါပေမယ့်လည်း နည်းနိုင်သမျှနည်းသွားအောင်လို့ ဦးတည်ပြီးတော့ ကြိုးစားရမှာဖြစ်ပါတယ်။

"ဒီဟာအတွက် e-Government က အများကြီး အထောက်အကူပေးနိုင်ပါတယ်၊ နောက်တစ်ခုက ကျွန်မတို့ နိုင်ငံနဲ့ အစိုးရနဲ့ ပတ်သက်လို့ပြောတာက လုပ်ငန်းတွေက နှေးကွေးတယ်၊ မြန်မြန်ဆန်ဆန်မပြီးဘူး၊ မလိုအပ်တဲ့ ကြိုးနီစနစ်တွေက ရှုပ်ထွေးနေတယ်၊ ဒီဟာတွေကို ရှောင်ရှားဖို့ရာအတွက်ကို e-Government မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဖို့က အရေးကြီးပါတယ်။

"တစ်ချိန်တည်းမှာပဲ ယခုခေတ်ရဲ့တိုးတက်တဲ့ သိပ္ပံနည်းပညာတွေနဲ့ပတ်သက်ရင် အကျိုးအမြတ်တွေရှိသလို အန္တရာယ်တွေလည်းရှိပါတယ်၊ ဒီဟာတွေကိုလည်း စောစောစီးစီး သိရှိနားလည်ပြီး ဒီအန္တရာယ်တွေကနေ ရှောင်ရှားနိုင်ဖို့အတွက် သတိနဲ့ စတင်ပြီး စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံး၊ လုပ်နည်းများကို ဆုံးဖြတ်သွားဖို့ အရေးကြီးပါတယ်။

ကြိုတင်ပြင်ဆင်ပြီး ကာကွယ်

"ဆိုးကျိုး၊ ကောင်းကျိုးကို တစ်ချိန်လုံး ချင့်ချိန်ပြီးတော့ လုပ်သွားရမှာပါ၊ ဒီ e-Government လုပ်ရင် အားလုံးကောင်းတယ်ဆိုပြီး ဒါကိုဖိပြီးတော့ လုပ်လို့လည်း မဖြစ်ပါဘူး၊ ဥပမာ - e-Government တင်မကဘူး၊ ခေတ်သစ်နည်းပညာတွေနဲ့ ပတ်သက်လို့ လူတိုင်း၊ လူတိုင်းရဲ့ လုံခြုံမှု၊ ပုဂ္ဂိုလ်ရေးလုံခြုံမှုတွေကို ထိခိုက်နိုင်တဲ့ အလားအလာတွေရှိတယ်ဆိုတာ အများသိပြီးသားပါပဲ၊ ဒါပေမယ့်လည်း ဒီလို အလားအလာတွေရှိတယ်ဆိုတာ သိရက်နဲ့ အခုကတည်းက ကြိုတင်ပြင်ဆင်ပြီး ကာကွယ်တာမလုပ်ရင် နောင်ကျမှ မကိုင်တွယ်နိုင်တဲ့အဆင့်ကို ရောက်သွားနိုင်ပါတယ်။

"ဒီလို နည်းပညာတွေ၊ စနစ်သစ်တွေကို အလွဲသုံးစား မလုပ်ဖို့လည်း အင်မတန် အရေးကြီးပါတယ်၊ အလွဲသုံးစား

ဒုတိယသမ္မတ ဦးမြင့်ဆွေ

မလုပ်ဖို့ဆိုတာဟာ ကျွန်မတို့ရဲ့ အစိုးရပိုင်းဆိုင်ရာကလည်း အလွဲသုံးစား မလုပ်ဖို့၊ ပြည်သူဘက်ကလည်း အလွဲသုံးစား မလုပ်ဖို့၊ ဒါကြောင့် လုပ်ငန်းအသစ်တစ်ခုကို ဖော်ဆောင်တဲ့နေရာမှာ ဟိုဘက်ဒီဘက် အဘက်ဘက်ကနေကြည့်ပြီး ဆုံးဖြတ်ချက်ချစေချင်ပါတယ်။

"ကိုယ်မြင်ချင်တာပဲမြင်လို့ မရပါဘူး၊ လုပ်ချင်ဇောနဲ့ ဘာမဆို အောင်မြင်မယ်၊ တကယ်တော့ အောင်မြင်မယ်ဆိုတာ သေသေချာချာ စေ့စေ့စပ်စပ် လေ့လာထားလို့ မဟုတ်ပါဘူး၊ လုပ်ချင်လို့၊ လုပ်ချင်တဲ့ဇောနဲ့ အားနည်းချက်တွေကို မသိချင်ယောင်ဆောင်ပြီး၊ အားသာချက်တွေကိုဖိပြီး နောင်ကျရင် ပြဿနာတွေကို မကိုင်တွယ်နိုင်တဲ့ အနေအထားကို ရောက်သွားနိုင်ပါတယ်။

ပွင့်ပွင့်လင်းလင်းဆွေးနွေး

"ဒုတိယသမ္မတ ဦးမြင့်ဆွေရဲ့ ဦးဆောင်မှုရဲ့အောက်မှာ e-Government နဲ့ ပတ်သက်လို့ ဆုံးဖြတ်ချက်တွေချတဲ့အခါ ပွင့်ပွင့်လင်းလင်းဖြောင့်ဖြောင့်မတ်မတ်လုပ်ဖို့ ကိုယ်ဘာအားသာချက်၊ ဘာအားနည်းချက်တွေရှိမလဲ၊ တချို့ကိစ္စတွေက ကျွန်မတို့နိုင်ငံမှာ အခုအချိန်အခါမှာ ဖော်ဆောင်ဖို့ မသင့်သေးဘူး၊ ဘာဖြစ်လို့ မသင့်သေးတာလဲ၊ မသင့်တာလား၊ မလုပ်နိုင်တာလား၊ မသင့်လျော်လို့ မလုပ်နိုင်တာလား၊ လုပ်နိုင်မယ့်အရည်အချင်း၊ ငွေရေး၊ ကြေးရေးမရှိသေးလို့ မလုပ်နိုင်တာလား ပွင့်ပွင့်လင်းလင်းဆွေးနွေးဖို့ လိုပါတယ်။

"ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး အဖြေရှာရမှာ ဖြစ်ပါတယ်၊ ဒီမှာဆိုရင် တိုင်းနဲ့ ပြည်နယ်အစိုးရက ဝန်ကြီးချုပ်တွေ အားလုံး ရောက်နေတယ်လို့ ထင်ပါတယ်၊ ကိုယ့်တိုင်း၊ ကိုယ့်ပြည်နယ်မှာ တခြားတိုင်း၊ ပြည်နယ်တွေနဲ့အတူ စိန်ခေါ်မှုတွေလည်းရှိနိုင်ပါတယ်၊ ဒါတွေဟာ ယခုလို အစည်းအဝေးမျိုးမှာ တင်ပြဖို့ အကောင်းဆုံး အခွင့်အရေးပဲဖြစ်ပါတယ်။

"ဒါကြောင့် တင်ပြကြပါ၊ ကိုယ့်ရဲ့ တချို့ တိုင်း၊ ပြည်နယ် အစိုးရတွေကတော့ သူတို့ တိုင်း၊ ပြည်နယ်ရဲ့ အားနည်းချက်ကို ဖိပြီးတော့ပြောတယ်၊ ဘာလို့လဲဆိုတော့ ပိုပြီးတော့ အထောက်အကူ ယူချင်လို့ ၊ တချို့က အားသာချက်တွေကို ဖိပြီး ပြောတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပိုပြီးတော့ နည်းနည်းကြွားချင်လို့၊ ဒီနှစ်ခုစလုံးကို ပိုပြီးတော့ ရှောင်ရမှာပါ၊ ကြွားဖို့လည်းမလုပ်ပါနဲ့၊ ပိုပြီးတော့ ယူချင်လို့ ၊ စာနာမလား၊ သနားမလားဆိုပြီးတော့ အားနည်းချက်တွေကိုလည်း ထုတ်မပြပါနဲ့၊ မှန်မှန်ကန်ကန် ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ပါ။

"e-Government ကို တည်ဆောက်ဖို့ e-Government ကို မြန်မြန်ဆန်ဆန် အောင်မြင်အောင် ဖော်ဆောင်နိုင်ဖို့ ဘယ်လိုလုပ်သင့်သလဲ၊ ဘယ်လို ကိုယ့်ရဲ့ ဌာနအသီးသီး၊ ကိုယ့်တိုင်း၊ ပြည်နယ်အသီးသီးကလည်း ဘယ်လိုနည်းနဲ့ ကူညီနိုင်မလဲဆိုတာကိုလည်း စဉ်းစားစေချင်ပါတယ်။

မျက်နှာချင်းဆိုင် ဆွေးနွေးညှိနှိုင်း

"အားလုံးမှာတော့ ကိုယ့်အားသာချက်၊ ကိုယ့်အားနည်းချက်တွေရှိကြမှာပဲ၊ ပူးပေါင်းပြီး ဆောင်ရွက်ဖို့ပါပဲ၊ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက e-Government နဲ့

ဦးသောင်းထွန်း
ပြည်ထောင်စု
ဝန်ကြီး

ပတ်သက်လို့ အစိုးရနှစ်နှစ်တာ တာဝန်ယူကတည်းက ဒါကို ကြိုးပမ်းခဲ့တာပါ၊ သို့သော်ငြားလည်း ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှု အားနည်းတာတွေကြောင့် အောင်မြင်သင့်သလောက်၊ မျှော်မှန်းသလောက် တိုးတက်မှုမရှိပါဘူး၊ အကောင်အထည်ဖော်တဲ့နေရာမှာ ယခု ဒီလိုဖွဲ့လိုက်ပြီဆိုရင် ဒီလို စုပေါင်းပြီး ဆွေးနွေးဖို့လိုပါတယ်၊ မျက်နှာချင်းဆိုင် ဆွေးနွေးညှိနှိုင်းတယ်ဆိုတာ ခဏခဏ လုပ်လို့မရပါဘူး၊ ပြည်နယ်နဲ့ တိုင်းနဲ့ ပြည်နယ်က ဝန်ကြီးချုပ်တွေ မိမိတို့ရဲ့ တိုင်း၊ ပြည်နယ်က တာဝန်တွေကို ခဏတစ်ဖြုတ်ထားခဲ့ပြီးတော့ လာရတယ်ဆိုတာ ခဏခဏလာလို့ မရပါဘူး။

"အခွင့်အရေးရှိတုန်းမှာ အခွင့်အရေးကို အပြည့်အဝ သုံးစေချင်ပါတယ်၊ အခွင့်အရေးရှိတုန်းတော့ ပြည့်ပြည့်စုံစုံ ဆွေးနွေးစေချင်ပါတယ်၊ လုံခြုံရေးဘက်က ကြည့်မယ်ဆိုရင် ပြည်ထဲရေးတို့ ကာကွယ်ရေးတို့က ပါဝင်ဖို့ လိုပါတယ်။

"ကျွန်မတို့ နိုင်ငံတော်အတွက်၊ လုံခြုံရေးအတွက် အကြံပေးအရာရှိဖြစ်တဲ့ ဦးသောင်းထွန်းကလည်း လုံခြုံရေးဘက်ကလည်း ပါဝင်ပြီးတော့ ဆွေးနွေးဖို့လိုပါတယ်၊ တခြားနိုင်ငံတွေရဲ့ အတွေ့အကြုံတွေကိုလည်း လေ့လာပြီး သင်ခန်းစာတွေယူဖို့ အင်မတန်မှ အရေးကြီးပါတယ်။

"ကျွန်မကို ပေးထားတဲ့ အချက်အလက်တွေကတော့ စောစောက ကျွန်မပြောသလို ယခုဆိုရင် Mobile Telephone ကွန်ရက်ဟာ လူဦးရေရဲ့ ၈၉ ရာခိုင်နှုန်းကို လွှမ်းခြုံသွားပြီ၊ ၂၀၂၀ ကျရင် ၉၂ ရာခိုင်နှုန်းကို လွှမ်းခြုံဖို့၊ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးက ပိုပြီးတော့ တင်ပြနိုင်မယ်လို့လည်း သိပြီးသားတွေဖြစ်မှာပါ၊ e-Government မှာဆိုရင် တချို့ကိစ္စတွေက ကိုယ်မစဉ်းစားမိတာတွေကို စဉ်းစားနိုင်တာတွေ ပေါ်လာပါလိမ့်မယ်။

ပွင့်ပွင့်လင်းလင်း တင်ပြ

"ဥပမာ - ကျန်းမာရေးနဲ့ e-Government ဘယ်လို အချိတ်အဆက် ရှိတယ်ဆိုတာကို ကျန်းမာရေးအတွက် e-Government ဟာ ဘယ်လောက်အထောက်အကူပြုနိုင်မယ်ဆိုတာ ကျန်းမာရေးဝန်ကြီးက တင်ပြလာမှ ကျွန်မတို့ အားလုံးက ဂဃနဏ သိမှာပါ၊ ထိုနည်းလည်းကောင်းပဲ စိုက်ပျိုး

ဦးသန့်စင်မောင်
ပြည်ထောင်စု
ဝန်ကြီး

ရေးနဲ့ ပတ်သက်လို့ စိုက်ပျိုးရေးကို အခြေပြုတဲ့ နိုင်ငံဖြစ်တဲ့အခါကျတော့ စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်၊ အောင်မြင်အောင်လို့ e-Government က ဘယ်လို အထောက်အကူပေးနိုင်မလဲ၊ ဘယ်လိုပုံစံနဲ့ ချိတ်ဆက်နိုင်မလဲဆိုတာကို စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက တင်ပြရမှာဖြစ်ပါတယ်၊ ဒါကြောင့် ကိုယ့်ရဲ့ဌာနအတွက် အကျိုးအမြတ်တွေရှိနိုင်သလို ကိုယ့်ရဲ့ဌာနကလည်း e-Government အောင်မြင်ရေးအတွက် ပံ့ပိုးနိုင်မလားဆိုတာကို ပွင့်ပွင့်လင်းလင်း တင်ပြကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းစဉ်များကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုး၊ လိုအပ်ချက် အမျိုးမျိုးကြောင့် အရှေ့နှေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ e - Government စနစ် တိုးတက်ကောင်းမွန်လာခြင်းသည် ဒီမိုကရေစီအစိုးရတစ်ရပ်အတွက် ပြည်သူလူထုက အစိုးရ၏ဆောင်ရွက်ချက်များကို ပိုမိုယုံကြည်လာပြီး ပြည်သူလူထုအားကိုးရသည့် အစိုးရတစ်ရပ် ဖြစ်လာမည်ဖြစ်ပါကြောင်း၊ e-Government စနစ် တည်ဆောက်သည့်အခါ ခေတ်မီဆန်းသစ်သည့် နည်းပညာများ တပ်ဆင်အသုံးပြုပြီး ဝန်ဆောင်မှုပေးရုံသာမက e-Government စနစ်အောင်မြင်မှုကို တိုင်းတာသည့်နေရာ၌ အဓိကအချက် နှစ်ချက်ဖြစ်သည့် ပြည်သူလူထုအများစုသည် အစိုးရ၏ ပြည်သူ့ရေးရာ Online ဝန်ဆောင်မှုများကို ယုံယုံကြည်ကြည် အသုံးပြုလာကြရန်နှင့် ပြည်သူလူထုအတွက် အမှန်တကယ် လိုအပ်သည့် Online ဝန်ဆောင်မှုများကို ဖန်တီးပေးနိုင်ရန် ဖြစ်ပါကြောင်း။

စာမျက်နှာ ၅ သို့

"e-Government လုပ်ဆောင်ခြင်းရဲ့ ရည်ရွယ်ချက်က ပြည်သူလူထုအတွက် အဆင်ပြေဖို့ဆိုတဲ့အထဲမှာ မြန်မြန်ဆန်ဆန် အလုပ်ပြီးဖို့လည်းပါတယ်၊ နောက်ပြီးတော့ အဂတိလိုက်စားမှု ပပျောက်သွားဖို့လည်း ပါဝင်ပါတယ်၊ တချို့က ပြောတာတော့ အဂတိလိုက်စားမှု လုံးဝပပျောက်တဲ့နိုင်ငံ ဒီကမ္ဘာကြီးမှာ မရှိဘူးပေါ့၊ ဒါပေမယ့်လည်း နည်းနိုင်သမျှ နည်းသွားအောင်လို့ ဦးတည်ပြီးတော့ ကြိုးစားရမှာ ဖြစ်ပါတယ်"

နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

ယူကရိန်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ယူကရိန်းပြည်သူများကိုယ်စား ယူကရိန်းနိုင်ငံ သမ္မတ မစ္စတာ ပီထရို ပိုရိုရှန်ကိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် နိုင်ငံတော်၏အမြင့်ဆုံးတာဝန်ကို ထမ်းဆောင်နေသည့် အဆွေတော်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း လွတ်လပ်မှု၊ ဒီမိုကရေစီစံနှုန်းများနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် တိုးမြှင့်လုပ်ဆောင်မည်ဟု ယုံကြည်ပါကြောင်း၊ ယူကရိန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နှစ်နိုင်ငံနှင့် ပြည်သူများကြား အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ အဆွေတော်အနေဖြင့် ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းဆောင်တာများကို အောင်မြင်စွာထမ်းဆောင်နိုင်ပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ ငြိမ်းချမ်း၊ ညီညွတ်ပြီး ပြည့်စုံကြွယ်ဝပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်ဟု ဖော်ပြပါရှိသည်။

ဖင်လန်သမ္မတနိုင်ငံ

ဖင်လန်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဆူလီနီနစ်တိုကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပြီး အစစအရာရာအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းခဲ့ပါသည်။

သဝဏ်လွှာတွင် ဖင်လန်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့သည် ခင်မင်ရင်းနှီးမှုနှင့် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဖင်လန်နိုင်ငံသည် အင်အားတောင့်တင်းသည့် အားပေးထောက်ခံသော နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ လာမည့်နှစ်များတွင်လည်း အကျိုးရှိပြီး တက်ကြွသည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် လာအိုပြည်သူများကိုယ်စား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ဝန်ကြီးချုပ် မစ္စတာထောင်လွန်း ဆီဆုလစ်ကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်က အဆွေတော်၏ကောင်းမွန်သော ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများအဖြစ် ရင်းနှီးဖော်ရွေသော ဆက်ဆံရေးရှိသလို ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများလည်းရှိပါကြောင်း၊ ရှိရင်းစွဲဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ယခုထက်ပိုမိုတိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်အနေဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အောင်မြင်မှုအပေါင်းသရဖူဆောင်းနိုင်ပါစေကြောင်းနှင့် မြန်မာပြည်သူများကို တိုးတက်မှုနှင့် ပြည့်စုံကြွယ်ဝမှုတွေ ဆောင်ကြဉ်းပေးလာနိုင်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာထောင်လွန်း ဆီဆုလစ်က လာမည့်နှစ်များတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့၏ ရှိရင်းစွဲ မိတ်ဝတ်မပျက် ခင်မင်မှုနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုမှသည် နှစ်နိုင်ငံအကျိုးနှင့် အာဆီယံအသိုင်းအဝိုင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ အဆွေတော်အနေဖြင့် ကာယသုခ ဉာဏသုခ နှစ်ဖြာသော သုခအပေါင်းနှင့် ပြည့်စုံပါစေကြောင်းနှင့် မြန်မာပြည်သူများအတွက် တိုးတက်မှုများနှင့် သာယာဝပြောမှုကို ဆောင်ကြဉ်းလာနိုင်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြခဲ့ပါသည်။ ။

✻ *ကျောဖုံးမှ*

ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိထိရောက်ရောက်ဆောင်ရွက်

အစည်းအဝေးတွင် ဒုတိယသမ္မတက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအနေဖြင့် ယခင် ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်၊ လမ်းညွှန်ချက်များနှင့်ပတ်သက်၍ မြေပြင်တွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်မှုများ ခံယူကာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ပြင်ဆင်ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုသို့ ပြင်ဆင်ချမှတ်ထားသည့်မူဝါဒ၊ လုပ်ငန်းစဉ်များအတိုင်း သိရှိလိုက်နာ ဆောင်ရွက်သွားနိုင်ရေးအတွက် ဗဟိုကော်မတီဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများသို့ ဖြန့်ဝေပေးပို့ထားပြီးဖြစ်ရာ လက်အောက်ကော်မတီအဆင့်ဆင့်သို့ ဆက်လက်ဖြန့်ဝေပေးပို့၍ မြေကိစ္စတိုင်ကြားစာများအပေါ် ယင်းမူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားစေလိုပါကြောင်း။

အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဗဟိုကော်မတီ၏ မူဝါဒ၊ လုပ်ငန်းစဉ်များအတိုင်း စိစစ်ဆောင်ရွက်မှု အားနည်းခြင်း၊ အထောက်အထား မှတ်တမ်းမှတ်ရာများ ပြည့်စုံစွာတင်ပြမှု မရှိခြင်းများကြောင့် ဗဟိုကော်မတီမှ ပြန်လည်စိစစ်ရန် ပေးပို့ရသည့် အမှုတွဲများကိုလည်း တွေ့ရှိရပါကြောင်း၊ ယခုဆိုလျှင် ဝန်ကြီးဌာနများမှ အသုံးပြုရန် မလိုအပ်သည့် မြေများကို ပြန်လည်စွန့်လွှတ်ပေးအပ်လျက်ရှိရာ ကာကွယ်ရေးဝန်ကြီးဌာနမှ အများဆုံး ပြန်လည်စွန့်လွှတ်ပေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ စွန့်လွှတ်မြေများအနက် မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းသည့် မြေများတွင် အချို့မှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ စွန့်လွှတ်ထားပြီးဖြစ်သော်လည်း ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိရန် အချိန်ကြန့်ကြာနေမှုများ၊ ကာယကံရှင် လက်ဝယ်သို့ ရောက်ရှိခြင်းမရှိဘဲ အခြားသူထံသို့ ပေးအပ်ထားခြင်းများ၊ မူလလက်ငုတ်နှင့် လက်ရှိ လက်ငုတ် အငြင်းပွားနေမှုများ ဖြစ်ပွားနေသည်ကိုလည်း စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အမှုတွဲများ ပြီးပြတ်ခြင်းမရှိဘဲ နှောင့်နှေးနေသည်ကို တွေ့ရှိရပါကြောင်း၊ ကော်မတီဥက္ကဋ္ဌများအနေဖြင့် အောက်ခြေမှ စိစစ်တွေ့ရှိချက်များနှင့် မြေပြင်ကွဲလွဲမှုမရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်သွားနိုင်ရန် တာဝန်ရှိသူများကို အဖွဲ့ဖွဲ့၍ တာဝန်ပေးအပ်ရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သိမ်းဆည်းမြေ တိုင်ကြားစာများ၊ ပြန်လည်စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်မှု ပိုမိုအားကောင်းလာမှု ရှိစေရန်နှင့် တွန်းအားပေးဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ ပါဝင်သည့် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့ လေးဖွဲ့ကို ဖွဲ့စည်း၍ သက်ဆိုင်ရာဒေသများသို့ ကွင်းဆင်းဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ အဆိုပါ အဖွဲ့များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သော ဝန်ကြီးချုပ်များအနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားကြစေလိုပါကြောင်း။

"တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများအနေဖြင့် မိမိတို့ဒေသအတွင်း မြေကိစ္စတိုင်ကြားမှုများ၊ ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် မြေယာများနှင့် ပတ်သက်၍ မူလပိုင်ရှင်များသို့ လွှဲပြောင်းပေးအပ်သည့် အခြေအနေများကို ပြည်သူများ ပိုမိုသိရှိနိုင်ရန် သတင်းထုတ်ပြန်ကြေညာပေး"

ဗဟိုကော်မတီသို့ ရောက်ရှိလာသည့် တိုင်ကြားစာအမှုတွဲပေါင်း ၆၃၂၀ မှုရှိပြီး သက်ဆိုင်ရာ ကော်မတီများသို့ စိစစ်ဆောင်ရွက်ရန် လွှဲပြောင်းပေးပို့ထားရာ ဗဟိုကော်မတီ၏ စိစစ်မှုများအရ တိုင်ကြားစာအမှုတွဲ ၆၆၉ မှုသာ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်သည့်အတွက် ကျန်ရှိသည့် တိုင်ကြားစာ ၅၆၅၁ မှုကို ပိုမိုအလေးထား ဖြေရှင်းဆောင်ရွက်ပေးစေလိုပါကြောင်း။

စိစစ်တွေ့ရှိချက်အစီရင်ခံစာ

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများသို့ တိုက်ရိုက်တိုင်ကြားသော တိုင်ကြားစာအမှုတွဲများကို ဖြေရှင်းဆောင်ရွက်မှု နောက်ဆုံးအခြေအနေများ၊ ယခင် ပြည်ထောင်စုလွှတ်တော် သက်တမ်းတွင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ တိုင်ကြားစာများနှင့် ပတ်သက်၍ စိစစ်တွေ့ရှိချက်အစီရင်ခံစာအပေါ် ဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေများကိုလည်း ရှင်းလင်းတင်ပြပေးစေလိုပါကြောင်း။

ထို့ပြင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် သတင်းထုတ်ပြန်ကြေညာချက်ကို ၂၀၁၇ ခုနှစ် ဧပြီလ ၁၃ ရက်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၄ ရက်တွင် တစ်ကြိမ် နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ထုတ်ပြန်ပေးခဲ့ပြီး ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ Media များ၏ မေးမြန်းချက်များအပေါ် ဗဟိုကော်မတီကိုယ်စား တွဲဖက်အတွင်းရေးမှူးက ဖြေကြားရှင်းလင်းခြင်းကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၃ ရက်ထုတ် ကြေးမုံသတင်းစာတွင် ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများအနေဖြင့် မိမိတို့ဒေသအတွင်း မြေကိစ္စတိုင်ကြားမှုများ၊ ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် မြေယာများနှင့် ပတ်သက်၍ မူလပိုင်ရှင်များသို့ လွှဲပြောင်းပေးအပ်သည့် အခြေအနေများကို ပြည်သူများ ပိုမိုသိရှိနိုင်ရန် သတင်းထုတ်ပြန် ကြေညာပေးသွားစေလိုပါကြောင်း၊ ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ယခုအစည်းအဝေးတွင် ညှိနှိုင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ကော်မတီများအနေဖြင့် အောက်ခြေအဆင့်အထိ ကော်မတီရုံးများ သီးခြားဖွင့်လှစ်၍ လုံလောက်သည့် ဝန်ထမ်းအင်အားဖြင့် တာဝန်ပေးအပ်ထားကြရမည်ဖြစ်ပါကြောင်း၊ အလားတူ ကော်မတီအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေနိုင်ရေးအတွက် မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်း သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအဖွဲ့ဝင်များအနေဖြင့် ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လက်တွေ့မြေပြင်တွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဗဟိုကော်မတီမှ ပံ့ပိုးဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကိုအကြံပြု ဆွေးနွေးတင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် မူဝါဒ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်များက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းများ ပြန်လည်စိစစ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒေါက်တာအောင်သူနှင့် ဦးခင်မောင်ချိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စေတနာထားဆက်လက်ကြိုးပမ်း

တင်ပြချက်များနှင့် စပ်လျဉ်း၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယခုနှစ်တွင် ပြည်ပသို့ စံချိန်တင် ဆန်စပါးတင်ပို့နိုင်ခဲ့ပါကြောင်း၊ ယင်းသို့ တင်ပို့နိုင်ရန် အရေးပါသော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အခြေခံဖြစ်သည့် လယ်ယာမြေများအား စိုက်ပျိုးမည့် တောင်သူများထံ အမြန်ရောက်ရှိစေရေး ဝိုင်းဝန်းညှိနှိုင်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ကော်မတီဖွဲ့စည်းခဲ့သည့် နှစ်နှစ်နီးပါးကာလအတွင်း မြေယာကိစ္စများ ဖြေရှင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံကောင်းများ ရသင့်သလောက် ရရှိပြီးဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီ အဆင့်ဆင့်အနေဖြင့် အချိတ်အဆက်မိမိ စေတနာထား ဆက်လက်ကြိုးပမ်းစေလိုကြောင်း၊ ဗဟိုကော်မတီအနေဖြင့်လည်း သက်ဆိုင်ရာကော်မတီများ၏ လက်တွေ့မြေပြင်တွင် ကွင်းဆင်းစိစစ် သုံးသပ်တင်ပြချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

သတင်းစဉ်

▲ *ကျောဖုံးမှ*

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ လက်ရှိကြိုးတံတားနှင့်အပြိုင် တံတားအသစ်တစ်စင်းကို ဂျပန်အင်ဂျင်နီယာပညာရှင်များနှင့် ပူးပေါင်း၍ ဂျပန်နည်းပညာဖြင့် တံတားအသစ် တည်ဆောက်လျက်ရှိပြီး တည်ဆောက်ချိန်ကာလ တစ်နှစ်ခန့်ရှိခဲ့ပြီ ဖြစ်ပါသည်။

နည်းပညာအရ တံတားတည်ဆောက်ချိန် သုံးနှစ်ခန့် ကြာမြင့်မည်ဖြစ်သဖြင့် ယခုအခါ အခြေအနေအရ တံတားအသစ်တစ်စင်း အမြန်လိုအပ်နေပြီဖြစ်၍ တံတားအသစ်ကိုတစ်နှစ်အတွင်း အမြန်ပြီးစီးအောင် (Type of Bridge) တံတားအမျိုးအစား ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးစီးသော တံတားများအား နှစ်စဉ် တစ်နှစ်လျှင် နှစ်ကြိမ် ပုံမှန်စစ်ဆေးပြီး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကြိုးတံတားများမှာ မြောင်းမြတံတားအပါအဝင် စုစုပေါင်း အစင်း၃၀ ရှိပြီး အဆိုပါကြိုးတံတားများကို ယခုကဲ့သို့ဖြစ်စဉ်မျိုး မဖြစ်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အသေးစိတ်စစ်ဆေးမှုများကို ချက်ချင်း ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါကြိုးတံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဂျပန်အင်ဂျင်နီယာ ပညာရှင်များနှင့် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအစီအစဉ်ဖြင့် တရုတ်အင်ဂျင်နီယာပညာရှင်များနှင့် လည်းကောင်း အတူပူးပေါင်းပြီး တံတားများ၏ ကြံ့ခိုင်ရေးအခြေအနေများအား ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။

မြောင်းမြကြိုးတံတား ကျိုးကျမှုဖြစ်စဉ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အသက်ဆုံးရှုံးသွားကြသော ယာဉ်မောင်း ဦးမဲကြီး(ခ)ဦးသန့်ဇော်ထိုက်နှင့် ယာဉ်နောက်လိုက် ကိုဂျူးဂျူး (ခ) ကိုဝင်းထိုက်အောင် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်းနှင့် လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် လက်ရှိအသုံးပြုလျက်ရှိသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ ကြိုးတံတား ၂၉ စင်းကို စိုးရိမ်မှုမရှိကြပါရန်နှင့် အဆိုပါတံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် အဆိုပါကြိုးတံတားများပေါ်တွင် သတ်မှတ်ခံနိုင်ဝန်ထက် ပိုမိုတင်ဆောင်ခြင်း မပြုကြရန်နှင့် သတ်မှတ်အမြန်နှုန်းအတိုင်း မောင်းနှင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက် ထိန်းသိမ်းပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

စာမျက်နှာ ၃ မှ

ထို့ကြောင့် e-Government လုပ်ငန်းစဉ်များကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရန်အတွက် လိုအပ်သည့် မူဝါဒလမ်းစဉ်များကို ချမှတ်ပေးပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် e-Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီများကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ e- Government စနစ် ရည်မှန်းချက်ပန်းတိုင် ရောက်ရှိနိုင်ရန် ကောင်းမွန်သော မဟာဗျူဟာနှင့် မူဝါဒများ၊ လုပ်ငန်းစဉ်မူဘောင်များ စနစ်တကျရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် ဆောင်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ် ၏ ငွေကြေးအထောက်အပံ့၊ အိန္ဒိယနိုင်ငံမှ Infosys Limited ၏ နည်းပညာကျွမ်းကျင်မှု အကူအညီနှင့် မြန်မာနိုင်ငံရှိ အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်အဖွဲ့များ၊ သုတေသနအဖွဲ့အစည်းများ၊ လုပ်ငန်းအေဂျင်စီများ၊ ပြည်တွင်း၊ ပြည်ပမှ e-Government နှင့် ICT နည်းပညာ ကျွမ်းကျင်သူ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်၍ ကမ္ဘာ့နိုင်ငံအသီးသီး၏ အတွေ့အကြုံကောင်းများနှင့် နှိုင်းယှဉ်လေ့လာကာ မြန်မာနိုင်ငံအတွက် e- Governance Master Plan ကို ရေးဆွဲခဲ့ပါကြောင်း၊ ၎င်း၏လုပ်ငန်းစဉ်များကို လေ့လာသုံးသပ်ပြီး ပထမဦးစားပေး ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ၊ နှစ်တိုကာလ၊ အလယ်အလတ် အဆင့်ကာလနှင့် နှစ်ရှည်ကာလအလိုက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် စီမံဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း။

မျက်ခြည်မပြတ်လေ့လာ

အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ အာဆီယံနိုင်ငံများအတွင်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်လျက်ရှိသည့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ အရ မိမိတို့နိုင်ငံအနေဖြင့် လိုက်ပါဆောင်ရွက်သွားကြရမည့် ကိစ္စများကိုလည်း မျက်ခြည်မပြတ်လေ့လာပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဖန်တီးလာနိုင်မည်

e-Government လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပထမဦးဆုံး လိုအပ်ချက်မှာ မဟာဗျူဟာမြောက် ရေရှည်အမြင် (Strategic Vision) ချမှတ်ရေးပင် ဖြစ်ပါကြောင်း၊ အစိုးရဌာနများအကြား (Government to Government - G2G)၊ အစိုးရများနှင့် လုပ်ငန်းရှင်များအကြား (Government to Business - G2B)နှင့် အစိုးရနှင့် ပြည်သူများအကြား (Government to Citizen - G2C)အစရှိသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာ၌ ပြည်သူများ အမှန်တကယ်လိုလားသည့် ဝန်ဆောင်မှုအမျိုးအစားများကို လေ့လာဆန်းစစ်ပြီးမှ ဦးစားပေး အကောင်အထည်ဖော်စေလိုပါကြောင်း၊ သို့မှသာ ပြည်သူများအတွက် ထိရောက်သော အကျိုးသက်ရောက်မှုများ ရရှိလာနိုင်စေမှာဖြစ်ပြီး ကောင်းမွန်သော ပြည်သူ့ဝန်ဆောင်မှုများကို ပေးနိုင်သည့် ဝန်းကျင်တစ်ရပ်ကို ဖန်တီးလာနိုင်မည် ဖြစ်ပါကြောင်း။

ပြည်သူ့အကျိုးကိုသာ ရှေးရှုဆောင်ရွက်

အချို့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ကြသည့်အခါတွင် ဌာနအချင်းချင်းသော် လည်းကောင်း၊ ဗဟိုရုံးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် သော်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများ အများကြီးရှိလာမည် ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် ပြည်သူ့အကျိုးကိုသာ ရှေးရှုဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ တချို့လုပ်ငန်းများသည် ရေတိုအနေဖြင့် သိသာမြင်လွယ်သည့် အကျိုးရလဒ်ကို ချက်ချင်းမရရှိနိုင်သော်လည်း ရေရှည်ရလဒ်ကို မျှော်မှန်းပြီး လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှာ e-Government (သို့မဟုတ်) IT ဌာနခွဲများ ဖွဲ့စည်းပြီး သတ်သတ်မှတ်မှတ် တာဝန်ပေးအပ် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ e-Government လုပ်ငန်းများကို စဉ်ဆက်မပြတ် လည်ပတ်အကောင်အထည်ဖော် ဆောင်နိုင်မည် ဖြစ်ပါကြောင်း။

ရည်ရွယ်ချက်နှင့် လုပ်ငန်းသဘောသဘာဝတူညီပြီး မျှဝေသုံးစွဲသွားနိုင်သည့် ICT အခြေခံအဆောက်အအုံများကို တစ်နေရာစီ၊ တစ်ခုချင်းစီ အကောင်အထည်ဖော်ကြမည့်အစား စုစည်းတည်ဆောက်ပြီး မျှဝေအသုံးပြုသွားခြင်းအားဖြင့် လုပ်ငန်းများ ပိုမိုလျင်မြန်လာမည်ဖြစ်ပြီး ပိုမိုထိရောက်ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှာလည်း ယခုကဲ့သို့ ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါကြောင်း။

e - Government ဝန်ဆောင်မှု

e-Government ဝန်ဆောင်မှုများ ဖြန့်ဖြူးပေးရာတွင် ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် လုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သုံးစွဲသူပြည်သူများ၏ ကိုယ်ရေးအချက်အလက်များလုံခြုံမှုရှိအောင် လုပ်ပေးနိုင်မှသာ e - Government ဝန်ဆောင်မှုများကို ယုံယုံကြည်ကြည်နှင့် လက်ခံသုံးစွဲလာကြမည် ဖြစ်ပါကြောင်း၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် လုံခြုံရေးအတွက် လိုအပ်မည့်ဥပဒေများ၊ လုပ်ငန်းစဉ်များကို ရေးဆွဲတင်ပြပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

ပွင့်ပွင့်လင်းလင်းဆွေးနွေး

e-Government လုပ်ငန်းစဉ် အောင်မြင်ပါက အခြားပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသော ကဏ္ဍအသီးသီးကလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ပြည်သူ့ဝန်ဆောင်မှုများကို လေ့လာကြည့်လျှင် ထင်ထင်ရှားရှား မြင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရန်၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာစေရန်၊ အစိုးရနှင့် ပြည်သူများအကြား ပွင့်လင်းမြင်သာပြီး သတင်းအချက်အလက်များ ဖလှယ်နိုင်ရန်၊ ပြည်သူများလိုလားသည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးနိုင်ကြရန်အတွက် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးဆောင်ကော်မတီနာယက၏ မှာကြားချက်နှင့်အညီ အထူးအာရုံစူးစိုက်ပြီး ကြိုးပမ်းလုပ်ဆောင်သွားကြရန် ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီ ရေးဆွဲထားရှိသည့် Master Plan တို့ကို အခြေခံပြီး ဆောင်ရွက်သင့်သည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန်နှင့် အားလုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး

ယင်းနောက် e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက e-Government စနစ်တစ်ခု အောင်မြင်လာရန်အတွက် အခြေခံအဆောက်အအုံများ၊ ကွန်ပျူတာစနစ်များ တည်ဆောက်တပ်ဆင်ရုံ၊ Web Page များ ဖန်တီးတည်ဆောက်ပေးရုံသာမက ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိမည့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ဖွဲ့စည်းထားသည့် ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းများကို ရေတိုရေရှည် ကာလအပိုင်းအခြားအလိုက် သေချာစွာ စိစစ်ချမှတ်ဆောင်ရွက်ပြီး အဂတိတရား လျှော့ချနိုင်ရေးနှင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကို အထောက်အကူပြုစေမည့် ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိမည့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနိုင်မည့် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်သွားနိုင်ရန် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

စီမံဆောင်ရွက်လျက်ရှိ

ဆက်လက်၍ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က တိုးတက်များပြားလာမည့် e-Government လုပ်ငန်းစဉ်များအား အမျိုးသားအဆင့်သို့ ဟန်ချက်ညီစွာ ပေါင်းစပ်အဆင့်မြှင့်တင်ပြီး နိုင်ငံသားများ ပိုမိုကောင်းမွန်သော အွန်လိုင်းဝန်ဆောင်မှုများပေးနိုင်ရန်အတွက် အမျိုးသားအဆင့် သတင်းအချက်အလက် ဗဟိုဌာနကြီးဖြစ်သော e-Government Integrated Data Center (e-GIDC)ကို ကိုရီးယားနိုင်ငံ EDCF ချေးငွေဖြင့် နေပြည်တော်တွင် တည်ဆောက်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်ရရှိခဲ့သဖြင့် Feasibility Study Report တင်ပြခြင်း၊ Loan Agreement ရေးထိုးခြင်းတို့ ပြီးစီးပါက လုပ်ငန်းလည်ပတ်နိုင်သည်အထိ ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် စီမံကိန်းပြီးစီးအောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း စသဖြင့် e-Government လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

အကြံပြုချက်များဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များက e-Government လုပ်ငန်းစဉ်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြရာ ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တာဝန်ရှိသူများတက်ရောက်

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယက ဦးသောင်းတင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ကျွန်းကုန်းကျေးရွာအပေါ်သို့ လေယာဉ်ပျက်ကျမှုမရှိစေရန် အသက်ကို ပမာနမထားဘဲ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် လေသူရဲ ဗိုလ်မှူးအာကာဝင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ချီးကျူးဂုဏ်ပြု

နေပြည်တော် ဧပြီ ၄

တောင်ငူလေတပ်စခန်းဌာနချုပ်မှ လေသူရဲ ဗိုလ်မှူးအာကာဝင်း မောင်းနှင်သည့် အက်ဖ်- ၇ လေယာဉ်သည် လေ့ကျင့်ပျံသန်းမှုဆောင်ရွက်နေစဉ် အင်ဂျင်ချွတ်ယွင်း၍ ပျက်ကျခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် တပ်မတော်(လေ)မှ ပညာရှင်များ ပါဝင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်နှင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ သွားရောက်ခဲ့ပြီး ပျက်ကျလေယာဉ်အစိတ်အပိုင်းများအား စစ်ဆေးခြင်းနှင့် မျက်မြင်တွေ့ရှိခဲ့သည့် ဒေသခံပြည်သူများအား တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထပ်မံသတင်းပို့ခဲ့

အဆိုပါဖြစ်စဉ်တွင် လေယာဉ်မှူး ဗိုလ်မှူးအာကာဝင်းသည် ဧပြီ ၃ ရက် နံနက် ၁၀ နာရီ ၃၆ မိနစ်တွင် လေယာဉ်လေ့ကျင့်ပျံသန်းမှုစတင်ခဲ့ပြီး နံနက် ၁၀ နာရီ ၄၄ မိနစ်တွင် လေယာဉ်ပြန်လည်ဆင်းသက်ရန်အတွက် လေကြောင်းထိန်း တာဝါသို့ သတင်းပို့ခဲ့ကာ လေယာဉ်ဆင်းပတ်လမ်းအတွင်းသို့ ချဉ်းကပ်ဝင်ရောက်စဉ် စက်ချွတ်ယွင်းမှုဖြစ်ပွားခဲ့သဖြင့် အင်ဂျင်စက်ရပ်တန့်မှုဖြစ်ပွားသည်ကို လေကြောင်းထိန်းတာဝါသို့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ထပ်မံသတင်းပို့ခဲ့ကြောင်း၊ ထိုသို့ ဖြစ်ပွားချိန်တွင် အနောက်မှ မောင်းနှင်လိုက်ပါလာသော အက်ဖ် - ၇ လေ့ကျင့်ရေးလေယာဉ် တစ်စင်းရှိ ဝါရင့်လေသူရဲတစ်ဦးက (Air Start)(လေထဲတွင်စက်နှိုးခြင်း) ပြုလုပ်ရန်နှင့် စက်မနိုးပါက လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်သွားရန် ညွှန်ကြားခဲ့ကြောင်း။

လေယာဉ်မှူး ဗိုလ်မှူးအာကာဝင်းသည် ၎င်းနေရာမှ ၃၀ စက္ကန့်အထိ လေယာဉ်စက်ပြန်နိုးရန် ကြိုးစားခဲ့သော်လည်း စက်နိုးခြင်းမရှိသဖြင့် အမြင့်မီတာ ၃၀၀ နှင့် ပျံသန်းနှုန်း ၁ နာရီ ၃၂၀ ကီလိုမီတာနှုန်းသို့ ရောက်ရှိချိန်တွင် အရေးပေါ် အသက်ကယ်လေထီးပါထိုင်ခုံဖြင့် ခုန်ထွက်မည်ဖြစ်ကြောင်း တာဝါသို့ ထပ်မံသတင်းပို့ခဲ့ကြောင်း သိရသည်။

မျက်မြင်စစ်ဆေးချက်များနှင့် ကျွန်းကုန်းကျေးရွာမှ ကျေးရွာသားအချို့၏ မျက်မြင်တွေ့ရှိ ပြောကြားချက်များအရ ၎င်းနေရာသည် အင်ဒိုင်းရွာအထက် အမြင့်မီတာ ၃၀၀ ခန့်တွင် ရောက်ရှိနေပြီး လေယာဉ်၏ ဦးတည်ရာအရပ်မှာ ကျွန်းကုန်းရွာသို့ ဦးတည်လျက်ရှိကြောင်း၊ ထိုအချိန်တွင် အရေးပေါ်လေထီးဖြင့် ခုန်ထွက်မည်ဆိုပါက လေသူရဲတစ်ဦးအတွက် လုံလောက်သည့်အချိန်နှင့် အမြင့်ပေတွင်ရှိနေနိုင်ပြီး အသက်အန္တရာယ် လွတ်ကင်းနိုင်သည့် အခြေအနေရှိကြောင်း တွေ့ရှိရသော်လည်း အသက်ကယ်လေထီးပါထိုင်ခုံ၏ တွန်းကန်အားကြောင့် လေယာဉ်ပေါ်ဖိအားသက်ရောက်စေ၍ ကျွန်းကုန်းရွာအတွင်းသို့ လေယာဉ်ပျက်ကျနိုင်သည့် အနေအထားတွင်ရှိကြောင်း၊ လေသူရဲဗိုလ်မှူး အာကာဝင်းသည် ၎င်းနေရာတွင် အရေးပေါ်ခုန်ထွက်ခြင်းကို ပြုလုပ်ခဲ့ခြင်းမရှိဘဲ လေယာဉ်အား ကြိုးစား၍ ဆက်လက်ထိန်းသိမ်းခဲ့ပြီး ကျွန်းကုန်းရွာအလွန် မြေပြင်မှ အမြင့်ပေ ၃၀ မီတာခန့် ရောက်ရှိချိန်မှသာ အရေးပေါ်ခုန်ထွက်ခြင်းပြုလုပ်ခဲ့ကြောင်း၊ သို့ဖြစ်၍ လုံလောက်သည့်အချိန်နှင့် အမြင့်ပေ ရရှိတော့ခြင်းမရှိဘဲ လေယာဉ်မြေပြင်သို့ ဆောင့်မိချိန်နှင့် တစ်ပြိုင်နက်တည်း ခုန်ထွက်ခဲ့သည့် အခြေအနေမျိုးရောက်ရှိခဲ့သဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်းနှင့် တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

ချီးကျူးဂုဏ်ပြုခဲ့

သို့ဖြစ်၍ မိမိအသက်ရှင်လွတ်မြောက်ရေးကို ပမာနမထားဘဲ ကျွန်းကုန်းရွာအပေါ် လေယာဉ်ပျက်ကျမှုမရှိစေရေး လေယာဉ်အား အတတ်နိုင်ဆုံးထိန်းကျောင်း မောင်းနှင်ခဲ့စဉ် အသက်ဆုံးရှုံးခဲ့ရသည့် လေသူရဲဖြစ်သူ ဗိုလ်မှူး အာကာဝင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ချီးကျူးဂုဏ်ပြုခဲ့ကြောင်းနှင့် လိုအပ်သည်များအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လေယာဉ်ပျက်ကျမှုဖြစ်စဉ်တွင် ကျဆုံးသွားခဲ့သည့် ဗိုလ်မှူးအာကာဝင်း၏ မိသားစုဝင်များနှင့် ကူညီဆောင်ရွက်ပေးခဲ့ကြသော ဒေသခံပြည်သူများအား တာဝန်ရှိသူများ သွားရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သော အဖွဲ့သည် တောင်ငူလေတပ်စခန်းဌာနချုပ်မှ လေ့ကျင့်ပျံသန်းမှု ဆောင်ရွက်နေစဉ် အင်ဂျင်စက်ချွတ်ယွင်း၍ ပျက်ကျသွားခဲ့သော အက်ဖ် - ၇ လေယာဉ် မောင်းနှင်သည့် လေသူရဲ ဗိုလ်မှူးအာကာဝင်း၏ ကျန်ရစ်သူမိသားစုများအား ယနေ့ နံနက်ပိုင်းတွင် အဆိုပါလေတပ်စခန်းဌာနချုပ်ရှိ ညှော့ရိပ်သာ၌ သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့ဝင်များသည် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး (ဝဲပုံ) လေယာဉ်ပျက်ကျမှုဖြစ်စဉ်တွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ကျွန်းကုန်းကျေးရွာအုပ်စု၊ မေတ္တာရှင်ပရဟိတအဖွဲ့တို့အား ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့ကတည်းက ကျွန်တော်တို့ဘက်က ပြန်လည်လက်ခံဖို့ အဆင်သင့်ဖြစ်နေပြီ

ပြန်လာဖို့ပုံစံတွေ ဖြည့်တဲ့အခါမှာလည်း လက်လွတ်စပယ် ဖြည့်လို့မရဘူး၊ မိသားစု ဓာတ်ပုံပါရမယ်၊ လက်ဗွေပုံစံတွေပါရမယ်ဆိုတာ အမျိုးမျိုးရှင်းပြတယ်၊ တကယ်တမ်းဖြည့်ထားတဲ့ ပုံစံစာရွက်တွေ ပြန်ရတဲ့အခါမှာ မပြည့်စုံဘူး၊ ကျွန်တော်တို့ ပြောထားတာကို နားမလည်လို့လား၊ မဖြည့်တတ်လို့လားဆိုတာ မပြောတတ်ဘူး။

ပါမောက္ခ - ဒေါက်တာအောင်ထွန်းသက်

တွေ့ဆုံမေးမြန်း - သီသီမင်း၊ မင်းသစ် (MNA)
ဓာတ်ပုံ - ရဲထွဋ်

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD)ကော်မတီက ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး လက်ရှိအခြေအနေအထိ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုများ၊ မောင်တောဒေသ၏ နယ်မြေ အခြေအနေ၊ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအား ပြန် လည်လက်ခံရေးဆောင်ရွက်ထားရှိမှု စသည်တို့နှင့် ပတ်သက်၍ သိရှိနိုင်ရန် UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်အား တွေ့ဆုံမေးမြန်းထားပါသည်။

မေး။ ။ UEHRD က ရခိုင်ပြည်နယ် မောင်တောဒေသမှာ ပြန်လည်ထူထောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေကို သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းစနေတာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့ကတည်းကဖြစ်ပါတယ်။ အခြေခံအလုပ်တာဝန်သုံးရပ်ရှိပါတယ်။ တစ်ခုကလူသားချင်း စာနာမှု၊ နောက်တစ်ခုက ပြန်လည်နေရာချထားရေး၊ နောက်ဆုံးကတော့ဖွံ့ဖြိုးမှုဖြစ်ပါတယ်။ ဒါကြောင့်လည်း HRD လို့ခေါ်တာပါ။ ပထမဆုံးအနေနဲ့ သိဖို့လိုတာတော့ HRD လုပ်ငန်းတာဝန် သုံးရပ်ကိုလုပ်ပေမယ့် လုပ်တဲ့ပုံစံက ကျွန်တော်တို့နိုင်ငံမှာ တစ်ခါမှမလုပ်ဖူးသေးတဲ့ ပုံစံမျိုး၊ ပြောရရင် ပုဂ္ဂလိက ကဏ္ဍ ပါဝင်ဆောင်ရွက်နေတယ်။ **ပြည်ထောင်စုအဆင့်ဆိုတာထက်ကို ညီညွတ်မှု ပူးပေါင်းဆောင်ရွက်မှု၊ အဓိပ္ပာယ်ကတော့ နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍပေါင်းပြီး ရခိုင်ပြည်နယ်မှာ ဖြစ်နေတဲ့ အခြေအနေတစ်ရပ်ကို တုံ့ပြန်တဲ့အနေနဲ့ လူသားချင်းစာနာမှုတွေ၊ ပြန်လည်နေရာချထားရေးတွေ၊ ဖွံ့ဖြိုးရေးကိစ္စတွေ ဆောင်ရွက်နေတာပါ။**

အရေးကြီးတဲ့ အလုပ်

အဲဒီတော့ တုံ့ပြန်ရေးကိစ္စတွေအပေါ်မှာ ထူးခြားတာက အရင်တုန်းက ဒီလိုအရေးအခင်းတွေဖြစ်နေရင် များသောအားဖြင့် တုံ့ပြန်မှုဟာ နိုင်ငံတော်အစိုးရရဲ့တုံ့ပြန်မှုပဲ။ အစိုးရက ဦးစီးပြီးလုပ်တယ်။ ဒီတစ်ခေါက်ကတော့ သိသာထင်ရှားအောင်ဆိုပြီး အမျိုးသားတုံ့ပြန်မှု၊ အမျိုးသားတုံ့ပြန်မှုလို့ပြောရင် နိုင်ငံတော်အစိုးရက ဦးစီးတယ်ဆိုပေမယ့် ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ မီဒီယာ၊ လူငယ်တွေ အားလုံးပါဝင်ပါတယ်။ ကျွန်တော်တို့ ဒီသုံးရပ်ကိုလုပ်တဲ့အခါ ကနဦးကတည်းက ရင်ဆိုင်ရတဲ့ ဝိရောဓိကတော့ အဲဒီမှာဖြစ်တဲ့ပြဿနာဟာ အရေးပေါ်လုပ်ရတာတွေက အများကြီး။ တစ်ဖက်မှာလည်း အရေးပေါ် တာဝန်ကိုယူနေရတဲ့အချိန်မှာ အရေးကြီးတဲ့အလုပ်ကိုလည်း အာရုံမပျက်ဖို့လိုတယ်၊ ကျွန်တော်တို့မှာလည်း အမြဲတမ်း ဒီနှစ်ခုစနေရတာ၊ အရေးပေါ်တဲ့ အလုပ်ကိုလုပ်ရမယ်၊ အရေးကြီးတဲ့ အလုပ်ကိုလည်း လုပ်ရမယ်။

အရေးပေါ်လို့ပြောရင် တစ်ဖက်နိုင်ငံကို ရောက်သွားတဲ့သူတွေ ပြန်လာတဲ့ အခါမှာ အဆင်သင့်ဖြစ်အောင် ကျွန်တော်တို့က နိုင်ငံတော်အစိုးရအနေနဲ့ နှစ်နိုင်ငံ သဘောတူစာချုပ်ပါရှိထားပြီးတော့ ကျွန်တော်တို့ထွက်ထွက်ချင်း စိန်ခေါ်မှုက ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့မှာ သူတို့ပြန်လာလို့ရတယ်ဆိုတာကို သဘောတူထားတော့ လုပ်တဲ့အခါမှာလည်း အရင်တုန်းက လုပ်ခဲ့တာတွေကို သင်ခန်းစာယူပြီး ငါးခူရလက်ခံရေးစခန်းနဲ့ တောင်ပြိုလက်ခံရေးစခန်းတို့ကို ကျွန်တော်တို့ အဆင်သင့်ဖြစ်အောင် လုပ်ထားတယ်။

တစ်ဖက်က လက်ခံရေးစခန်းတွေ လုပ်ထားပြီးတဲ့အခါမှာ တစ်ဆက်တည်းမှာပဲ သူတို့ကို ပြန်လည်နေရာချထားဖို့ ဆိုပြီး လုပ်ရပြန်ရော၊ နောက်ဆုံးမှာတော့ သူတို့ကို နဂိုရှိတဲ့နေရာနဲ့ အနီးစပ်ဆုံးနေရာကိုပို့ဖို့ ကျွန်တော်တို့က အားလုံးစိုင်းပြင်းနေရတာ၊ ခုနပြောတဲ့ လက်ခံရေးစခန်းနှစ်ခုကို အဆင်သင့်ဖြစ်အောင်လုပ်ဖို့ရယ်၊ ကြိုဆိုရေးစခန်းဖြစ်အောင် လုပ်ဖို့ကို ကျွန်တော်တို့နားလည်တာက ရခိုင်ပြည်နယ်ကို ပြန်လည်ပြီး နဂိုထက်ပိုကောင်းတဲ့ အခြေအနေဖြစ်အောင် အကောင်အထည်ဖော်မယ်၊ အရေးကြီးတဲ့ ကိစ္စကတော့ ဖွံ့ဖြိုးမှုပဲ။

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် (UEHRD ညှိနှိုင်းရေးမှူးချုပ်)

စံချိန်မီမီလုပ်ရမယ်

ရခိုင်ပြည်နယ်ဟာ တကယ်တမ်းတော့ အလားအလာ သိပ်ကောင်းတဲ့နေရာ၊ ရခိုင်ပြည်နယ်နဲ့ ပတ်သက်လာရင် အပြင်ကလူတွေ မြင်နေတာက ရခိုင်ပြည်နယ်လို့ ပြောလိုက်ရင် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်လောက်ပဲမြင်တာ၊ တကယ်က ရခိုင်ပြည်နယ်ဟာ ၁၇ မြို့နယ်ရှိတယ်။ ရခိုင်ပြည်နယ်တောင်ပိုင်း၊ အလယ်ပိုင်းဆိုပြီး ရှိတယ်။ ရခိုင်ပြည်နယ်ဆို ငပလီက ချက်ချင်းပြေးမမြင်ဘူး။ ရခိုင်ပြည်နယ်လို့ပြောရင် မြို့ဟောင်းတို့ မြောက်ဦးတို့ ပြေးမမြင်ဘူး။ ရခိုင်ပြည်နယ်လို့ ပြောရင် ကျောက်ဖြူစီးပွားရေးဇုန်ကို ပြေးမမြင်ဘူး။ အဲဒီတော့ ကျွန်တော်ပြောချင်တာက ရခိုင်ပြည်နယ်ကို ကြည့်တဲ့အခါမှာ သုံးသပ်တဲ့အခါမှာ ကွက်ပြီးမသုံးသပ်ပါနဲ့၊ ကျွန်တော်တို့ တာဝန်ကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့တာဝန်ပေးချက်အရ လုပ်ငန်းသုံးခုကို စံချိန်မီမီလုပ်ရမယ်။ ပြန်လည်နေရာချထားရေးက အရေးကြီးတယ်။ နောက်တစ်ခါ လူသားချင်းစာနာမှု အရေးကြီးတယ်။

ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့က ကိုယ့်နိုင်ငံကထွက်သွားတဲ့သူတွေပြန်လာဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက စိစစ်တဲ့ အလုပ်တွေလုပ်တယ်။ တကယ်ပဲ ကိုယ့်နိုင်ငံမှာနေခဲ့တဲ့သူဖြစ်ရင် ကျွန်တော်တို့က နိုင်ငံတကာ စံနှုန်းအတိုင်း လက်ခံပေးဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ဆောင်ရွက်နေတယ်၊ ကျွန်တော်တို့ အနေနဲ့ကတော့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေနဲ့ ပေါင်းပြီး အဆောက်အအုံတွေဆောက်တယ်။ လမ်းတွေဖောက်တယ်။ ကျန်းမာရေး စောင့်ရှောက်မှုတွေ ပေးတယ်။ ဆရာဝန်ကြီးတွေသာမကဘူး။ ဆေးကောင်စီတို့၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းအဖွဲ့ဝင်တွေအပြင်လုပ်ငန်းရှင်တွေကလည်း ကျန်းမာရေးလုပ်ငန်းတွေမှာ ကူညီစောင့်ရှောက်မှု ပေးတယ်။ ထဲထဲဝင်ဝင်လုပ်နေတဲ့ လုပ်ငန်းရှင်တွေပါတယ်၊ အဲဒါက အားရစရာပါ။

တစ်ဖက်ကလည်း မောင်တောမှာ အခုဆိုရင် အထူးစီးပွားရေးဇုန်တစ်ခု ဖော်နေတယ်။ ဖော်နေတာလည်း မောင်တောမြို့နယ်ရဲ့ ကုန်သည်ကြီးများအသင်းဦးစီးပြီး ကျွန်တော်တို့ မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်း အကူအညီနဲ့ မောင်တောမှာ အခုဆိုရင် ဆိပ်ကမ်းက အဆင်သင့်ဖြစ်နေပြီ။ ပစ္စည်းတွေအားလုံးက အဲဒီကနေတစ်ဆင့် ချက်ချင်းပို့လို့ရပြီ။

နောက်တစ်ခု စိုက်ပျိုးရေးကိစ္စ၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ ဖြစ်စဉ် ပြီးတဲ့အခါမှာ ရခိုင်ပြည်နယ်မှာ ဘာသတိထားမိသလဲဆိုရင် စပါးတွေက မှည့်နေတယ်။ မှည့်တဲ့စပါးတွေကို ရိတ်မယ့်သူက မရှိတော့ဘူး။ ပိုင်ရှင်တွေလည်း မရှိတော့တဲ့အခါကျတော့ ကျွန်တော်တို့အဖွဲ့ UEHRDအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ စိုက်ပျိုးရေးအဖွဲ့ကလိုအပ်တဲ့ အထောက်အကူပစ္စည်းတွေနဲ့ ရိတ်သိမ်းတယ်။ ရိတ်သိမ်းတဲ့အခါ မှာလည်း အများစွပ်စွဲသလို သိမ်းတာမဟုတ်ဘဲနဲ့ ရိတ်သိမ်းတဲ့ပမာဏကို စာရင်းဇယားလုပ်တယ်။ အချို့ဟာလည်း ရောင်းရတယ်။ ရောင်းတာကို စာရင်းဇယားမှတ်တမ်းတွေရှိတယ်။ ဝင်ငွေဘယ်လောက်ရတာရှိတယ်။ အဲဒီလို လုပ်တဲ့အခါမှာအကယ်၍ ပိုင်ရှင်တွေက သက်သေအထောက်အထားပြနိုင်ရင် သူတို့စပါးတွေ ပြန်ပေးတာတို့၊ ရတဲ့ဝင်ငွေ ပြန်ပေးတာတို့လုပ်ပေးဖို့ အစီအစဉ်တွေရှိတယ်။

အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးရမယ်

နိုင်ငံတော်ရဲ့ တာဝန်ပေးချက်အရလည်း ပြန်လာချင်တဲ့သူတွေ ပြန်လာနိုင်အောင် ကျွန်တော်တို့က ဖန်တီးပေးတယ်။ ရခိုင်ပြည်နယ်မှာ မြို့နယ်သုံးခုမှာ အေးအေးဆေးဆေး နေထိုင်တဲ့သူတွေရှိတော့ အဲဒီနေထိုင်တဲ့သူတွေ ဆက်ပြီးနေထိုင်အောင် ကျွန်တော်တို့က အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးရမယ်။ စီးပွားရေးရှုထောင့်ကကြည့်ရင် ရခိုင်ပြည်နယ်ရဲ့ ပြဿနာတွေ အများကြီးထဲမှာ အခြေခံတစ်ခုက စီးပွားရေး မဖွံ့ဖြိုးတာ၊ အလုပ်အကိုင်ပေးနိုင်မှုတွေ အားနည်းတာ၊ အလုပ်မရှိတော့ တခြားပြဿနာတွေပေါ်လာတယ်။ ဝင်ငွေ နည်းတော့ ပဋိပက္ခတွေအတွက်ကို အားပေးတာမျိုးတွေ ဖြစ်တယ်။ အဲဒီလိုမျိုးတွေကြောင့် လုပ်ငန်းရှင်တွေနဲ့တိုင်ပင်ပြီး သူတို့ဆီမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးနိုင်ရင်၊ ဝင်ငွေတိုးအောင် လုပ်ပေးနိုင်ရင်၊ စက်မှုဇုန်တွေဖော်ပေးနိုင်ရင် အခြေအနေတစ်ခုကိုများ ပြောင်းမလားဆိုပြီး ကျွန်တော်တို့က လုပ်ပေးရမယ်။

> “ ပြည်တွင်း မီဒီယာအနေအထားအနေနဲ့ နိုင်ငံတကာမီဒီယာကို မလွှမ်းနိုင်ဘူး။ နိုင်ငံတကာမီဒီယာမှာ ဖော်ပြတဲ့သတင်းတွေက ပုံစံတွေတစ်မျိုးဖြစ်နေတယ်။ အဲဒီပုံစံတွေကြောင့် ကိုယ့်နိုင်ငံပေါ်မှာ အမြင်တွေမကြည်လင်တာတွေ၊ အမြင်စောင်းနေတာတွေ ဖြစ်တယ်။ အဲဒီတော့ အခုကျွန်တော်တို့က အလုပ်နဲ့ပဲ ပြမယ်ဆိုတဲ့အပြင် မဟာဗျူဟာတစ်ခုအနေနဲ့ အပြင်မှာထွက်ပြီးတော့ ပြောကြည့်မယ်။ ကိုယ့်နိုင်ငံရဲ့အနေအထားက ဒီလိုရှိတယ်။ အဲဒါတော့ ပကတိ အခြေအနေပဲ၊ ရိုးရိုးရှင်းရှင်းပဲ၊ ဖြစ်လာတဲ့ အကြောင်းအရင်းက ဘယ်လိုပါ။ သူတို့ စွပ်စွဲသလို အစွန်းရောက်တဲ့ ပုံစံမျိုးမဟုတ်ဘူး။ ဒါပေမယ့် အဲဒီလိုပြောလို့မရဘူး။ လုပ်ငန်းနဲ့ပြမှ ရမယ်”

နောက်တစ်ခု သတိထားဖို့က UEHRD နဲ့ အလုပ်လုပ်တဲ့အခါမှာ ပြည်တွင်းရဲ့အမြင်က အရေးကြီးသလို နိုင်ငံတကာအမြင်ကလည်း အရေးကြီးတယ်။ ကျွန်တော်တို့က နိုင်ငံတကာအမြင်တွေ အားလုံးကို လျစ်လျူရှုပြီး ပြည်တွင်းအမြင်တွေကိုပဲ အာရုံစိုက်ပါဆိုတာ မဖြစ်နိုင်သလို တစ်ဖက်ကလည်းပြည်တွင်းအမြင်တွေကို မကြည့်နဲ့၊ နိုင်ငံတကာ အခြေအနေကိုပဲကြည့်ပါဆိုလည်း မဖြစ်နိုင်သေးဘူး။ ကိုယ့်နိုင်ငံ အချုပ်အခြာအာဏာကလည်း ရှိနေသေးတာကိုး။ အဲဒီအခါမှာ ဦးနှောက်က တော်တော်စားရတယ်။ အဲဒီလိုအခြေအနေကျရင် မကျေနပ်တာတွေရှိနိုင်တယ်၊ အားမရတာတွေ ရှိနိုင်တယ်။ အားမရတာက နိုင်ငံတကာကလည်း အားမရဘူး။ ပြည်တွင်းကလည်း ကျွန်တော်တို့ကို အားမရဘူး။ အဲဒီတော့ ကျွန်တော်တို့ ကြားထဲမှာ သတိထားရတာပေါ့။

ပြန်လည်လက်ခံရေးနဲ့ ပတ်သက်လို့ မေးခွန်း ထုတ်တာတွေလည်းရှိနေတယ်။ ပြန်မလက်ခံပြန်ရင်လည်း မေးခွန်းထုတ်တာတွေရှိတာပေါ့။ နိုင်ငံတော်အစိုးရ အနေနဲ့ ပြည်တွင်းရဲ့ အမြင်အယူအဆတွေကို သတိထားဖို့လိုသလို ပြည်ပရဲ့ဖိအားတွေလည်း ရှိနေတာကိုး။ ကိုယ့်နိုင်ငံက ဖိအားကို မခံနိုင်အောင် အလုပ်နဲ့ သက်သေပြရမယ်။

ကျွန်တော်တို့မှာ ပြည်တွင်းမီဒီယာအနေအထားအနေနဲ့ နိုင်ငံတကာမီဒီယာကို မလွှမ်းနိုင်ဘူး။ နိုင်ငံတကာမီဒီယာမှာ ဖော်ပြတဲ့သတင်းတွေက ပုံစံတွေတစ်မျိုး ဖြစ်နေတယ်။ အဲဒီပုံစံတွေကြောင့် ကိုယ့်နိုင်ငံပေါ်မှာ အမြင်တွေမကြည်လင်တာတွေ၊ အမြင်စောင်းနေတာတွေဖြစ်တယ်။ အဲဒီတော့ အခုကျွန်တော်တို့က အလုပ်နဲ့ပဲ ပြမယ်ဆိုတဲ့အပြင် မဟာဗျူဟာတစ်ခုအနေနဲ့ အပြင်မှာထွက်ပြီးတော့ ပြောကြည့်မယ်၊ ကိုယ့်နိုင်ငံရဲ့ အနေအထားက ဒီလိုရှိတယ်။ အဲဒါတော့ ပကတိအခြေအနေပဲ၊ ရိုးရိုးရှင်းရှင်းပဲ၊ ဖြစ်လာတဲ့အကြောင်းအရင်းက ဘယ်လိုပါ။ သူတို့ စွပ်စွဲသလို အစွန်းရောက်တဲ့ ပုံစံမျိုးမဟုတ်ဘူး။ ဒါပေမယ့် အဲဒီလိုပြောလို့မရဘူး။ လုပ်ငန်းနဲ့ပြမှရမယ်။ နှစ်ပိုင်းပေါ့နော်။ အလုပ်နဲ့ကို တတ်နိုင်သမျှ ပြရမယ်။

ပုဂ္ဂလိကကဏ္ဍရဲ့လှုပ်ရှားမှုကအရေးကြီး

ဒီနေရာမှာ ထူးခြားတဲ့ကိစ္စက အခု UEHRD လုပ်ငန်းတွေလုပ်တဲ့အခါ ဝန်ကြီးဌာနတွေ အကူအညီအရေးကြီးသလို ပုဂ္ဂလိကကဏ္ဍရဲ့လှုပ်ရှားမှုကအရေးကြီးတယ်။ သူတို့တွေက နိုင်ငံ့ အရေးကို တကယ့်ကို ဦးထိပ်ထားတဲ့အတွက် “ကျွန်တော်တို့ ဘာလုပ်မလဲ။ ကျွန်တော်တို့ နောက်ကနေပါပြီး လုပ်ပေးမယ်” ဆိုပြီး ပါလာတယ်။ တချို့တွေ ထင်တာကတော့ လုပ်ငန်းရှင်ကြီးတွေက ဒီအခွင့်အရေးတွေကို ယူမယ်။ ဒီနေရာက အခွင့်အရေးတွေယူမယ် အဲဒီလိုထင်နေတာ။ ကျွန်တော်တို့က အစ ကတည်းက ပြောထားတာ။ ဒီအခွင့်အရေးတွေယူမယ်ဆို အစကတည်းကထွက်လို့ပြောထားတယ်။

ဒီလို အခွင့်အရေးပေးနိုင်တဲ့ အနေအထားမရှိဘူး။ အကူအညီပဲတောင်းတာ။ သူတို့ဘာလုပ်လဲဆိုရင် အခုဆို ဆောက်လုပ်ရေးလုပ်တဲ့အခါမှာ ရန်ကုန်ကကုမ္ပဏီကြီးတွေ၊ မန္တလေးက ကုမ္ပဏီကြီးတွေ တစ်ခုမှမပါဘူး။ အဲ့ဒီကုမ္ပဏီတွေက ဘာလုပ်ပေးလဲဆိုရင် အရည်အသွေးတွေထိန်းပေးတယ်။ ဆောက်တဲ့ အဆောက်အအုံတွေဟာ စံချိန်စံညွှန်းနဲ့ ညီမညီစစ်တယ်။ လုပ်ပေးတာ ဘယ်သူတွေက လုပ်ပေးသလဲဆိုရင် ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်တွေ၊ စစ်တွေကလူတွေ၊ မောင်တောကလူတွေ ဖြစ်ပါတယ်။ အဲဒါဆိုတော့ သိပ်အားရတယ်။ ပုဂ္ဂလိကတွေရဲ့ အင်အားပေါ့။

ယုံကြည်မှုတည်ဆောက်ရမှာ

နိုင်ငံမှာ နိုင်ငံတော်အစိုးရက အရေးကြီးသလို ပုဂ္ဂလိကကလည်း အရေးကြီးတယ်။ အရပ်ဘက်အဖွဲ့အစည်းကလည်း အရေးကြီးတယ်။ ကျွန်တော်တို့က သက်သေပြချင်တယ်။

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှအဆက်

တစ်ခုရှိတာက ယုံကြည်မှုတည်ဆောက်ရမှာပေါ့။ ဒီနေရာ မှာ တစ်ဖက်က တိုင်းရင်းသားတွေရဲ့အမြင်ကို ပြန်ကြည့်ရပြန် ရော၊ ရခိုင်တိုင်းရင်းသားတွေရဲ့အမြင်၊ သူတို့ရဲ့ စိုးရိမ်စိတ်တွေ တစ်ခါတလေ ကျွန်တော်တို့ သာမန်အားဖြင့် မေ့နေလေ့ရှိတာ တစ်ခုက ရခိုင်ပြည်နယ်သည် နယ်စပ်ဖြစ်တယ်။ နိုင်ငံတကာမှာ နယ်စပ်ဆိုရင် များသောအားဖြင့် အချုပ်အခြာအာဏာကို ထိပါးဖို့တော်တော်လေး သတိထားရတာ။ လုံခြုံရေးရှေ့တန်း တင်ရတဲ့နေရာ။ ဒါလည်း နားလည်ဖို့လိုတယ်။

နောက်တစ်ခု စီးပွားရေးမျက်စိနဲ့ကြည့်ရင် ရခိုင်ပြည်နယ် အလားအလာက အခုဆို ရခိုင်ကမ်းလွန်မှာ ဓာတ်ငွေ့တွေ ထွက်နေပြီ။ ရခိုင်ပြည်နယ်မှာ ပင်လယ်လုပ်ငန်းနဲ့ ပတ်သက်လို့ ငါးဖမ်းကိစ္စတွေအများကြီး အခုထက်ပိုပြီးထူးပြီး လုပ်နိုင်တယ်။ အခုလက်ရှိ UEHRD က ကြိုးစားနေတဲ့ ရခိုင်ပြည်နယ် မြောက်ဦးမှာ လေယာဉ်ကွင်းဆောက်နိုင်ရင် ကမ္ဘာလှည့် ခရီးသည်တွေ လွယ်လွယ်ကူကူသွားနိုင်မယ်။ အခုဆိုရင် စစ်တွေကနေ မြောက်ဦးသွားဖို့ တော်တော်ပင်ပန်းတယ်လေ။ ငပလီလိုဟာမျိုးမှာ တကယ့်ကို အရှေ့တောင်အာရှမှာ အင်မတန်ရှားတဲ့ ကမ်းခြေတစ်ခုမှာ လေယာဉ်က အသေး လေးတွေပဲဆင်းလို့ရတယ်။ အကယ်၍များ အဲဒါကို ချဲ့နိုင်ရင် ကမ္ဘာလှည့်ခရီးသည်တွေ အများကြီးရမှာ၊ ဒါတွေအားလုံး ဟာ ဘာအတွက်လဲလို့ စဉ်းစားရင် အလုပ်အကိုင်အခွင့်အရေး အတွက် ဖြစ်ပါတယ်။ သူဌေးတွေချမ်းသာဖို့ထက် သူဌေးတွေ၊ လုပ်ငန်းရှင်တွေရဲ့လုပ်ငန်းဖော်တဲ့အပေါ်မှာ မူတည်ပြီး အလုပ် အကိုင်အခွင့်အလမ်းတွေ ရလာမယ်။ ဒါကို ကျွန်တော်တို့ ကြိုးစားနေတယ်။

ရခိုင်ပြည်နယ်သည် ရင်းနှီးမြှုပ်နှံဖို့ကောင်း

တစ်ဖက်က နိုင်ငံတကာအကူအညီတွေဝင်လာအောင် အခုနိုင်ငံတော်အစိုးရကလည်း UN အဖွဲ့အစည်းတွေ၊ NGO အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ညှိနှိုင်းတိုင်ပင်နေတယ်။ ဘယ်ပုံ ဘယ်နည်းကူညီမလဲ၊ သူတို့ကူညီတာတွေကို နိုင်ငံတော် အစိုးရ က အစွမ်းကုန်စိစစ်တယ်။ တစ်ဖက်ကလည်း နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ဖို့ ကြိုးစားနေတယ်။ Business to Business ပေါ့။ စီးပွားရေးလုပ်ငန်းရှင်အချင်း ချင်းကိုယ့်ဆီက စီးပွားရေးလုပ်ငန်းရှင်များနဲ့ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း၊ အစိုးရအချင်းချင်းချိတ် ထားတာလည်း တစ်ပိုင်းပေါ့။ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင် တွေကို ဖိတ်ခေါ်ပြီးတော့ ရခိုင်ပြည်နယ်သည် ရင်းနှီးမြှုပ်နှံဖို့ ကောင်းတဲ့၊ အခွင့်အရေးကောင်းကောင်းရှိတဲ့နေရာ ဖြစ်တယ် ဆိုတာကို ဖိတ်ခေါ်ရမယ်။ တစ်ခုတော့ရှိတယ်။ ကျွန်တော်တို့က လုံခြုံရေးကောင်းကောင်းပေးဖို့တော့ အာမခံရမှာပေါ့။

> **“ ရခိုင်ပြည်နယ်မှာ အများစုက ရခိုင်တိုင်းရင်းသားတွေ ဆိုပေမယ့် မြောက်ဘက်မှာက ရခိုင်တိုင်းရင်းသားက လူနည်းစုဖြစ်တယ်။ အများစုက ဘာသာခြားတွေဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ စဉ်းစားတဲ့အခါမှာ ရခိုင်တိုင်းရင်းသားတွေရဲ့ စိုးရိမ်စိတ်၊ ပူပန်စိတ်တွေကို ထည့်တွက်ဖို့လိုသလို လူ့အဖွဲ့အစည်း တစ်ရပ်တခြား အဖွဲ့အစည်းကိုလည်း ကျွန်တော်တို့ သတိထားရမှာပေါ့။ အဲဒါကလည်း နိုင်ငံတကာ အဖွဲ့အစည်းတွေက စိတ်ဝင်စားတယ်။ ကျွန်တော်တို့အနေနဲ့ အမြဲတမ်း ဒီနှစ်ခုကို သတိထားလုပ်ကိုင်နေရတဲ့ အနေအထားရှိ”**

အာမခံထားတာက သုံးခုရှိ

လတ်တလောမှာ သတင်းတွေမှာပါသလို ပြန်လာဖို့က အရေးကြီးတယ်။ ပြန်မလာရင် စိန်ခေါ်မှုက ပိုများလာတယ်။ တချို့တွေ ပြန်မလာဘဲ ထိုင်းနိုင်ငံကို လှေနဲ့သွားတယ်။ဒီနေ့ မနက်သတင်းတွေမှာ ပါတယ်။ မလေးရှားကို သွားတာတို့၊ ဒီကနေရွှေ့သွားတဲ့သူတွေ ဖြစ်တယ်လို့ မီဒီယာတွေထဲမှာပါရင် ကျွန်တော်တို့အနေနဲ့ ပိုပြီးသတိထားဖို့လိုတယ်။ ကျွန်တော် တို့အနေနဲ့ တတ်နိုင်သမျှသူတို့ ပြန်လာနိုင်အောင်၊ ပြန်လာ ချင်အောင် အစကတည်းကအာမခံထားတာက သုံးခုရှိတယ်။

လုံခြုံမှုရှိအောင် လုံခြုံရေးတတ်နိုင်သမျှလုပ်ပေးမယ်။ နောက်တစ်ခုက ပြန်လာတဲ့အခါမှာလည်း ဖိအားပေးတာမျိုး မဟုတ်ဘဲနဲ့ ကိုယ်လွတ်လွတ်လပ်လပ် ကိုယ့်စိတ်၊ ကိုယ့်သဘော နဲ့ ပြန်လာဖို့လိုတယ်။ ပြန်လာပြီးတဲ့အခါမှာ ဘဝကိုသိက္ခာရှိရှိ ရင်ဆိုင်နိုင်အောင် အလုပ်အကိုင်အခွင့်အလမ်းတွေပေးမယ် လို့ ဒီသုံးချက်ကို နိုင်ငံတော်အစိုးရကလည်း အာမခံထားတယ်။ UEHRD အနေနဲ့ကလည်း ကိုယ်တတ်နိုင်တဲ့အပိုင်းကနေ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးတာတို့၊ ကျောင်းတွေ ဆောက်ပေးတာတို့၊ ဆေးရုံ၊ ဆေးခန်းတွေ ဆောက်ပေးတာ တို့လုပ်တယ်။

သတိထား လုပ်ကိုင်နေရ

ရခိုင်ပြည်နယ်မှာ အများစုက ရခိုင်တိုင်းရင်းသားတွေ ဆိုပေမယ့် မြောက်ဘက်မှာက ရခိုင်တိုင်းရင်းသားက လူနည်းစု ဖြစ်တယ်။ အများစုက ဘာသာခြားတွေဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့စဉ်းစားတဲ့အခါမှာ ရခိုင်တိုင်းရင်း သား တွေရဲ့ စိုးရိမ်စိတ်၊ ပူပန်စိတ်တွေကို ထည့်တွက်ဖို့ လိုသလို လူ့အဖွဲ့အစည်းတစ်ရပ် တခြား အဖွဲ့အစည်းကိုလည်း ကျွန်တော် တို့ သတိထားရမှာပေါ့။ အဲဒါကလည်း နိုင်ငံတကာ အဖွဲ့အစည်း တွေက စိတ်ဝင်စားတယ်။ ကျွန်တော်တို့အနေနဲ့ အမြဲတမ်း ဒီနှစ်ခုကို သတိထား လုပ်ကိုင်နေရတဲ့ အနေအထားရှိပါတယ်။

မေး ။ ။ မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့တဲ့ နေရာတွေမှာ လက်ရှိအချိန်မှာ နယ်မြေတည်ငြိမ်အေး ချမ်းမှုအခြေအနေ ဘယ်လိုရှိပါသလဲ။

ဖြေ ။ ။ UEHRD က လုပ်တဲ့ နေရာတွေမှာ လုံခြုံရေးတပ်ဖွဲ့ ဝင်တွေ နယ်မြေရှင်းလင်းရေး ဆောင်ရွက်တာမရှိပါဘူး။ ကျွန်တော်တို့တွေ့တာတော့ ပြန်လည်လက်ခံရေးစခန်း၊ ကြိုဆို ရေးစခန်းတွေမှာ ပြန်လက်ခံဖို့ အဆင်သင့်ဖြစ်နေပြီ။ ပြန်လည် လက်ခံရေးစခန်း၊ ကြိုဆိုရေးစခန်း၊ ပြန်လည်နေရာချထားတဲ့ နေရာတွေ၊ တိုင်းရင်းသားကျေးရွာဆောက်နေတဲ့ နေရာတွေ မှာ နယ်မြေရှင်းလင်းနေတာတွေ ဘာမှမရှိဘူး။ ဘာရှိသလဲဆို တော့ သာမန်လုံခြုံရေးယူထားတဲ့ နယ်ခြားစောင့်တပ်ဖွဲ့ဝင် တွေလောက်ပဲရှိတယ်။ နယ်မြေတည်တည်ငြိမ်ငြိမ် အေးအေး ချမ်းချမ်းရှိနေတယ်လို့ ပြောလို့ရပါတယ်။

မေး ။ ။ နေရပ်စွန့်ခွာသွားပြီး တစ်ဖက်နိုင်ငံကို ရောက်နေသူ တွေကို လက်ရှိအချိန်မှာ ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ဖြစ်နေမှုနဲ့ ပတ်သက်ပြီး ထပ်ရှင်းပြပေးစေလိုပါ တယ်။

ဖြေ ။ ။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့ကတည်းက ကျွန်တော်တို့ဘက်က ပြန်လည်လက်ခံဖို့ အဆင်သင့် ဖြစ်နေပြီ။ သတင်းစာတွေထဲမှာလည်း ပါပါတယ်။ အစကတည်း က လက်မှတ်ထိုးပြီး နှစ်နိုင်ငံကတိကဝတ်ပြုပြီးကတည်းက လွယ်ကူအောင်၊ မြန်ဆန်အောင် ဖြည့်စွက်ရမယ့် ပုံစံတွေကို သူတို့ဆီပို့လိုက်တယ်။ ပြန်လာချင်တဲ့သူတွေ ပုံစံဖြည့်ပါ။ ပို့တဲ့အခါမှာလည်း ဖြည့်တဲ့ပုံစံကို အသေးစိတ်ညွှန်ကြားတယ်၊ ပြန်လာဖို့ ပုံစံတွေဖြည့်တဲ့အခါမှာလည်း လက်လွတ်စပယ် ဖြည့် လို့မရဘူး၊ မိသားစု ဓာတ်ပုံပါရမယ်။ လက်ဗွေပုံစံတွေ ပါရမယ် ဆိုတာ အမျိုးမျိုးရှင်းပြတယ်။ တကယ်တမ်းဖြည့်ထားတဲ့ ပုံစံစာရွက်တွေ ပြန်ရတဲ့အခါမှာ မပြည့်စုံဘူး။ ကျွန်တော်တို့ ပြောထားတာကို နားမလည်လို့လား၊ မဖြည့်တတ်လို့လားဆို တာ မပြောတတ်ဘူး။

နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဆွေးနွေးတိုင်ပင်

အဲဒါဆိုရင်တော့ ရှိတာလေးနဲ့ လုပ်ကြည့်ရအောင်၊ အဆင်ပြေအောင် ကိုယ်လိုက်လျှော့နိုင်တာ လိုက်လျှော့ပြီး လုပ်ကြည့်ရအောင်ဆိုပြီး လုပ်တယ်။ ခုနကမေးတဲ့ မေးခွန်းက အဆင်သင့်ဖြစ်နေပြီလားဆိုရင် ကျွန်တော်တို့ဘက်က အဆင် သင့်ဖြစ်နေပါပြီ။ အဆောက်အအုံတွေလည်း အဆင်သင့် ဖြစ်တယ်၊ ဆေးရုံဆေးခန်းတွေလည်း အဆင်သင့်ဖြစ်တယ်။ အားလုံးက ဘာပြောသလဲဆိုရင် ဟိုတစ်နေ့က သတင်းစာ ရှင်းလင်းပွဲမှာ ပြောသလို ကျွန်တော်တို့ဘက်ကတော့ အဆင် သင့်ပဲ၊ သူတို့ပြန်လာခြင်း၊ မလာခြင်းကတော့ ကိုယ်လည်း ပြန်လာချင်အောင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဆွေးနွေး တိုင်ပင်ပြီးတော့ ဘာတွေလုပ်ပေးလို့ရမလဲ၊ ဘယ်လိုညှိနှိုင်း လို့ရမလဲဆိုတာ ဆွေးနွေးတာတွေ လုပ်နေပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၄

၁၃၇၉ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အောင် မြင်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေး ရာဝန်ကြီးဦးဆောင်၍ လုံခြုံရေးနှင့် စည်း ကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃ ရက်မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေး ခန်းမ ၁ ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက အမှာစကား ပြောကြားခဲ့ပြီးသင်္ကြန်ပွဲတော်ကို အောင် မြင်စွာ ကျင်းပနိုင်ရေးအတွက် အမှတ် ၂ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုက လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ လုံခြုံရေးဆောင်ရွက်မည့် စီမံချက်ကို ရှင်းလင်းပြောကြားခဲ့ကာ တိုင်းဒေသ ကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က မဟာ သင်္ကြန်ပွဲတော်ကို ဘေးအန္တရာယ်ကင်း ရှင်းစွာဖြင့်ပျော်ရွှင်စွာ ရေကစားနိုင်ရေး အတွက် သင်္ကြန်ပွဲတော်မတိုင်မီကာလ၊ သင်္ကြန်ပွဲတော်ကျင်းပစဉ် ကာလနှင့် သင်္ကြန်ပွဲတော်ပြီးသည့် ကာလများတွင် လုံခြုံရေးဆောင်ရွက်မည့်အစီအမံများ၊ မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကို စည်းကမ်းရှိစွာ ဆောင်ရွက်နိုင်ရေး အတွက် ဆောင်ရွက်မည့် အစီအမံများကို Power Point ဖြင့် ရှင်းလင်းပြောကြား ခဲ့သည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသည့် ကော်မတီဝင် များက ဆောင်ရွက်ထားရှိမှု အခြေအနေ များကို ရှင်းလင်းတင်ပြခဲ့ရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မဟာ သင်္ကြန်ပွဲတော် လုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီမှ ကော်မတီ ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင် ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဖိတ်ကြား ထားသူများနှင့် သတင်းမီဒီယာများ စုစုပေါင်း ၁၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သင်္ကြန်ကာလ ကြိုတင်လက်မှတ်များ အောင်မင်္ဂလာအဝေးပြေးဝင်း အပြင်ဘက်တွင် ရောင်းချပါက ထိရောက်စွာ အရေးယူမည်ဟုဆို

ရန်ကုန် မေ ၄

သင်္ကြန်ကာလတွင် ခရီးသွားပြည်သူများ ကြိုတင်လက်မှတ်နှင့် ခရီးသွားလက်မှတ်ဝယ်ယူရာတွင် အောင်မင်္ဂလာအဝေးပြေးဝင်း အပြင်ဘက်ရှိ လမ်းပေါ်၌ ယာဉ်လိုင်းတစ်ခုအမည်ခံ၍ လိမ်လည်ရောင်းချသော ကြိုတင်လက်မှတ်များကို ဝယ်ယူခြင်းမပြုရန်နှင့် ထိုသို့ရောင်းချခဲ့ပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း တာဝန်ခံရုံးမှ သိရသည်။

“ မနှစ်ကခရီးသည် ၁၆၅ ဦးကို လက်မှတ်လိမ်ရောင်းခဲ့တဲ့အတွက် ခရီး သွားတွေ အခက်အခဲဖြစ်ခဲ့လို့ ယာဉ်လိုင်း သုံးလိုင်းကို အကူအညီတောင်းပြီး မန္တလေး၊ နေပြည်တော်၊ ပြည်ကို အခမဲ့ပို့ ပေးခဲ့ရတယ်၊ ကားဝင်းအပြင်လမ်းပေါ်မှာ ထူးစေတနာ၊ စည်းလုံးခြင်းနဲ့အခြားယာဉ် လိုင်းနာမည်တစ်ခုနဲ့ သင်္ကြန်ကာလခရီး သွားဖို့ခြောက်ရက်၊ ခုနစ်ရက်လက်မှတ် လိမ်ရောင်းကြတယ်၊ ခရီးသွားမယ့်ရက် မှာ အဲ့ဒီယာဉ်လိုင်းတွေမရှိတော့ သင်္ကြန် ကာလမှာခရီးသွား ၁၆၅ ဦး ဒုက္ခရောက် ခဲ့တယ်၊ ဒီနှစ်သင်္ကြန်ကာလ ကြိုတင် လက်မှတ်ကို ကားဝင်းအတွင်းမှာ ဖွင့် ထားတဲ့ ယာဉ်လိုင်းဂိတ်တွေမှာပဲ ဝယ်ကြ ပါ၊ ကားဝင်းအပြင်မှာရောင်းရင် အရေး ယူမယ်၊ မဝယ်ကြပါနဲ့” ဟု အောင်မင်္ဂ လာအဝေးပြေး ယာဉ်ရပ်နားစခန်း တာဝန်ခံရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလွင်ဦးက ပြောသည်။

ယခုနှစ်မဟာသင်္ကြန်ကာလအတွင်း ခရီးသွားလုပ်သားပြည်သူများ အနေဖြင့် ကားလက်မှတ်ဝယ်ယူမည်ဆိုလျှင် အဝေး ပြေးဝင်းအပြင်ဘက် ရောင်းချသူများထံမှ ဝယ်ယူခြင်းမပြုဘဲ ကားဝင်းအတွင်း အသိအမှတ်ပြုထားသော ယာဉ်လိုင်း၊ ကားဂိတ်များတွင်သာ ဝယ်ယူကြရန်နှင့် တရားမဝင်ရောင်းချမှုမရှိစေရန် အသိ ပေးဆိုင်းဘုတ်များကို မတ်လတတိယ ပတ်က ပညာပေးစိုက်ထူထားကာ တရား မဝင်ရောင်းချခြင်းရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရ သည်။

ရန်ကုန်မြို့တွင် ပြည်တွင်း/ ပြည်ပ ခရီးသွားများ အများဆုံးဝင်ရောက်ရာ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နား စခန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် များသို့ ယာဉ်လိုင်းပေါင်း ၂၁၇ လိုင်းဖြင့် ပို့ဆောင်ပေးလျက်ရှိပြီး သင်္ကြန်ကာလ တွင် ခရီးသွားပြည်သူများ အခက်အခဲ မရှိစေရန် အဝေးပြေးကားဝင်းအတွင်းရှိ တာဝန်ရှိသူများက စီမံဆောင်ရွက်ထား ကြောင်း အဝေးပြေးယာဉ်ရပ်နားစခန်း တာဝန်ခံရုံးမှ သိရသည်။

၁၆၄

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ တေးဂီတဖျော်ဖြေပွဲ ကျင်းပမည်

နေပြည်တော် မေ ၄

အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ မေ ၈ ရက် (တနင်္ဂနွေ နေ့) နံနက် ၁၀ နာရီမှစ၍ ညနေ ၅ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မှ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတတီးဝိုင်းနှင့်အတူ အနုပညာရှင် ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးဂီတပွဲတော် ဆုရအဆိုရှင်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်သူလိုအပ်ချက်နှင့် အစိုးရဆောင်ရွက်ချက်တို့အကြား ဟန်ချက်ညီရန် ကြိုးပမ်းနေသည့် နိုင်ငံပိုင်သတင်းစာများ

ခင်ရတနာ

ပြောင်းလဲလာသည့် ဒီမိုကရေစီ ခရီးရှည်အတွင်း အရာအားလုံးသည် လိုက်ပါပြုပြင်ပြောင်းလဲမှုသာ ခေတ်စနစ်နှင့် အံဝင်ခွင်ကျ ဖြတ်သန်းနိုင်မည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည်လည်း ခေတ်စနစ်နှင့်အညီ နိုင်ငံပိုင်သတင်းစာများအား အသွင်သစ်၊ အမြင်သစ်၊ ဖန်တီးမှုအသစ်၊ နည်းပညာအသစ်များဖြင့် ကြိုးစားအသွင်ကူးပြောင်းလျက်ရှိသည်။

ဒစ်ဂျစ်တယ်သတင်းစာ

အစိုးရသက်တမ်း နှစ်နှစ်ပြည့်မြောက်ချိန်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် အစိုးရ၏ လုပ်ဆောင်ချက်များ၊ ပြည်သူထံအသိပေးချက်များကို အချိန်နှင့် တစ်ပြေးညီ တင်ပြနိုင်ရုံသာမက အဓိကတိုးတက်မှုအနေဖြင့် သတင်းအချက်အလက်များကို အချိန်မဆိုင်း ပြည်သူထံ အရောက်ပို့ပေးနိုင်သည့် ဒစ်ဂျစ်တယ်သတင်းစာကို ၁၁-၁-၂၀၁၈ ရက်နေ့တွင် အောင်မြင်စွာထုတ်လွှင့်နိုင်ခဲ့ပြီဖြစ်သည်။

“ပုံနှိပ်မီဒီယာဟာ လက်ရှိမှာ ဈေးကွက်ခိုင်မာဆဲဖြစ်ပေမယ့် အနေးနဲ့အမြန် ဆိုသလိုပဲ ဒစ်ဂျစ်တယ်က ကျော်တက်သွားမှာပါ၊ ဒါတွေကို အမီလိုက်နိုင်ဖို့အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ Myanmar Digital News ကို စတင်မိတ်ဆက်နိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်းမှာ ဖြစ်ပျက်သမျှသတင်းစုံနဲ့တကွ အစိုးရရဲ့ ထုတ်ပြန်ချက်တွေ၊ အသိပေးချက်တွေ၊ ဖော်ပြချက်တွေအားလုံးကို အချိန်နဲ့တစ်ပြေးညီ တင်ဆက်ပေးဖို့ လုပ်ဆောင်နေပါတယ်၊ ဒစ်ဂျစ်တယ်သတင်းစာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့အသံ၊ နိုင်ငံတော်ရဲ့ အသံကို ကမ္ဘာတစ်ဝန်းလုံးက သိရှိနိုင်အောင် အချိန်မဆိုင်း တင်ဆက်နိုင်မှာ ဖြစ်ပါတယ်”ဟု သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့အလင်းသတင်းစာတိုက်ရှိ သတင်းခန်း၌ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇင်ဦး

“နိုင်ငံပိုင်သတင်းစာတွေဖြစ်တဲ့ အတွက် နိုင်ငံအတွက် အကျိုးရှိ စေတဲ့ သတင်းတွေ၊ ပြည်သူတွေ သိသင့်သိထိုက်တဲ့ သတင်းတွေနဲ့ အစိုးရက ပြန်လည်သတိထား ပြီး ဆောင်ရွက်စေလိုတဲ့ သတင်း တွေကို ဖော်ပြပေးဖို့ ကြိုးစား နေပါတယ်”

ဒစ်ဂျစ်တယ်သတင်းစာတွင် သတင်းထူး၊ သတင်းဦးများအား အချိန်နှင့်တစ်ပြေးညီ တင်ဆက်လျက်ရှိသည့်နည်းတူ စာမျက်နှာအရဖြစ်စေ၊ အချိန်အကန့်အသတ်အရ ဖြစ်စေ တင်ဆက်ရန် ခက်ခဲသည့် သတင်းများ၊ ဓာတ်ပုံများ၊ ရုပ်သံလှုပ်ရှားမှုများကို အမြန်ဆုံး ဖော်ပြပေးနေကြောင်းသိရပြီး အွန်လိုင်းတွင်ရှိသည့် အခြားပြင်ပ မီဒီယာများနည်းတူ အင်တာနက်မှ စာဖတ်ပရိသတ်များအတွက် ရည်ရွယ်ထားကြောင်း သိရသည်။

သတင်းစီးဆင်းမှု လမ်းကြောင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် သက်တမ်း နှစ် ၁၀၀ ကျော် ကြာမြင့်နေပြီဖြစ်သည့် မြန်မာ့အလင်းသတင်းစာ၊ သက်တမ်း နှစ် ၆၀ ကျော်ခဲ့ပြီဖြစ်သည့် ကြေးမုံသတင်းစာနှင့် Joint Venture အဖြစ် ဆောင်ရွက်သော အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိသည့် Global New Light of Myanmar သတင်းစာတို့အပြင် ယခုအစိုးရသက်တမ်း နှစ်နှစ်တာအတွင်း ဒစ်ဂျစ်တယ်သတင်းစာဖြစ်သည့် Myanmar Digital News ကိုပါ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

မကြာမီကာလအတွင်း သတင်းစီးဆင်းမှုလမ်းကြောင်းကိုလည်း ဒစ်ဂျစ်တယ်သတင်းစာ Myanmar Digital News မှ စတင်စေပြီး နိုင်ငံပိုင်ပုံနှိပ်သတင်းစာများထံ ပြန်လည်စီးဆင်းသည့် နည်းလမ်းကို ကျင့်သုံး၍ သတင်းများကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဖော်ပြနိုင်ရေးအတွက် ပြောင်းလဲကျင့်သုံးနိုင်ရန် ကြိုးစားအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း MDN တာဝန်ခံ ဦးဟန်လင်းအောင်က ပြောကြားသည်။

Myanmar Digital News ကို www.mdn.gov.mm အမည်ဖြင့် online မှ ဖတ်ရှုနိုင်ကြောင်း၊ မိုဘိုင်းဖုန်းများဖြင့်လည်း ဖတ်ရှုနိုင်ရန် Myanmar Digital News အမည်ဖြင့် အခမဲ့ဒေါင်းလုတ်ဒ်ရယူနိုင်ကြောင်း၊ မြန်မာစာလုံး ယူနီကုတ်နှင့် ဇော်ဂျီနှစ်မျိုးစလုံးဖြင့် ဖတ်ရှုနိုင်ပြီး http:/bit.ly/MDN Android (Android) နှင့် http:/bit.ly/MDN mobile (iOS) တို့တွင်လည်း လွယ်ကူစွာအသုံးပြုနိုင်ကြောင်း သိရသည်။

Myanmar Digital News အတွက် သတင်းများကို ရွေးချယ်စုဆောင်းနိုင်ရန် အယ်ဒီတာအဖွဲ့က ၂၄နာရီ ကြီးကြပ်ဆောင်ရွက်ခြင်းဖြင့် သတင်းထူးများကို တင်ဆက်နေကြောင်း သိရသည်။ နောက်ဆုံးရ သတင်းကဏ္ဍတွင် မြန်မာနှင့် ကမ္ဘာ အရပ်ရပ်ရှိနောက်ဆုံးရ သတင်းများကို ရုပ်သံဖိုင်များ၊ ဓာတ်ပုံများဖြင့် ဖော်ပြထားသည်။ အင်္ဂလိပ်ဘာသာကဏ္ဍတွင်လည်း သတင်းများကို တင်ဆက်ထားသည့်အပြင် ရုပ်သံကဏ္ဍအဖြစ် သီးခြားရုပ်သံအင်တာဗျူးများ၊ သတင်းများကို တင်ဆက်ပေးလျက်ရှိသည်။

သတင်းစာအရည်အသွေးများပြည့်ဝပြီး သတင်းခန်းတာဝန်ယူမှု တာဝန်ခံမှုမြင့်မားရေးနှင့် အရည်အသွေးမြင့်မားသည့် သတင်းများရရှိနိုင်ရေးအတွက် သတင်းထောက်များ၊ အယ်ဒီတာများ၊ ဝန်ထမ်းများအတွက် တွေ့ဆုံဆွေးနွေးခြင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး သင်တန်းများ ပေးအပ်ခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ပြည်ပသတင်းစာပညာသင်တန်းများသို့ စေလွှတ်ခြင်းများ ပြုလုပ်ပေးနိုင်ခဲ့ပြီး အင်္ဂလိပ်စာအရည်အသွေးတိုးတက်စေရန် ရည်ရွယ်ကာ အင်္ဂလိပ်ဘာသာစကား သင်တန်းများကို လည်းကောင်း၊ အိုင်တီနည်းပညာများ တိုးပွားစေရန်အတွက် ကွန်ပျူတာနှင့် နည်းပညာ၊ ဒီဇိုင်းပညာသင်တန်းများကို လည်းကောင်း ဌာနတွင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

နေပြည်တော်ရှိ ဒစ်ဂျစ်တယ်သတင်းစာ ဌာန၌ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။ သတင်းစဉ်

အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်ရန် ဖော်ပြပေး

နိုင်ငံတကာသတင်းများကို ပြည်တွင်းသတင်းများနည်းတူ သုံးသပ်ဝေဖန် ထောက်ပြခြင်းနှင့် သတင်းဦးများ အလျင်အမြန်ရရှိနိုင်ရေးအတွက် နိုင်ငံတကာ သတင်းဌာနကြီးများနှင့် ချိတ်ဆက်ကာ သတင်းများဝယ်ယူအသုံးပြုခြင်း၊ အပြန်အလှန်ဖလှယ်၍ အသုံးပြုခြင်းများကို အစိုးရသစ်သက်တမ်း ဒုတိယ (၁)နှစ်တာအတွင်း ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတကာ ထူးခြားဖြစ်စဉ်များကိုလည်း သတင်းစာများတွင် ပြည်သူများ အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်ရန် ဖော်ပြပေးခဲ့ကြောင်း သိရသည်။

“နိုင်ငံပိုင်သတင်းစာတွေဖြစ်တဲ့အတွက် နိုင်ငံအတွက် အကျိုးရှိစေတဲ့ သတင်းတွေ၊ ပြည်သူတွေ သိသင့်သိထိုက်တဲ့ သတင်းတွေနဲ့ အစိုးရက ပြန်လည်သတိထားပြီး ဆောင်ရွက်စေလိုတဲ့ သတင်းတွေကို ဖော်ပြပေးဖို့ ကြိုးစားနေပါတယ်၊ ဒါပေမယ့် ဖော်ပြတဲ့နေရာမှာ နိုင်ငံပိုင်သတင်းစာတွေ ဖြစ်နေတဲ့အတွက် ပဋိပက္ခဖြစ်စေနိုင်မယ့် သတင်းတွေ၊ အငြင်းပွားနိုင်မယ့်သတင်းတွေနဲ့ ပြည်သူတွေအကြား

စာမျက်နှာ ၉ သို့

ကြေးမုံသတင်းစာတိုက် ပုံနှိပ်စက်ခန်းတွင် နေ့စဉ်ထုတ်သတင်းစာများ ရိုက်နှိပ်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇင်ဦး

စာမျက်နှာ ၈ မှ

လိုရာကောက်ချက် ဆွဲနိုင်မယ့် သတင်းအရေးအသားမျိုး မဖြစ်အောင် သတိထားရှောင်ကြဉ်ပြီး အမှားအယွင်းကင်းနိုင်သမျှ အကင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဟာ ပြည်သူနဲ့အစိုးရအကြား ပေါင်းကူးပေးနေပြီး မြန်မာစာ စာလုံးပေါင်း၊ သတ်ပုံ၊ သဒ္ဒါ မှန်ကန်မှုနဲ့ စကားလုံး ရွေးချယ်မှုကအစ သတိထားပြီး အမှားအယွင်းမရှိအောင် ဝန်ထမ်းတိုင်းက ကြိုးစားဆောင်ရွက်နေကြပါတယ်၊ မှန်ကန်တဲ့ သတင်းအချက်အလက်၊ အတွေးအမြင်တွေကို ဖော်ပြခြင်းနဲ့ အများပြည်သူကို ဝန်ဆောင်မှုပေးနေပါတယ်၊ တစ်ခါတစ်ရံသတင်းစာမှာ အမှားအယွင်းတွေ ပါရှိသွားတာကိုလည်း အမြန်ဆုံး ကုစားပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်''ဟု ဦးဟန်လင်းအောင်က ပြောကြားသည်။

ထိုသို့သော မူဝါဒများချမှတ်ကာ ပြုပြင်ပြောင်းလဲခြင်းများ လုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် နှစ်နှစ်တာအတွင်း သတင်းစာမျက်နှာများပေါ်တွင် ပြည်သူတို့ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ကဏ္ဍများခွဲဝေကာ ပိုမိုထည့်သွင်းလာနိုင်ခဲ့သည့်အပြင် ထူးခြားသတင်းများ၊ စက်ရုပ်သတင်းများ၊ သတင်းသုံးသပ်ချက်များ၊ စာဖတ်သူအသံများ၊ သတင်းဆောင်းပါးများနှင့် ပညာပေးဆောင်းပါးများစွာကို ယခုနှစ်များအတွင်း ပိုမိုထည့်သွင်းဖော်ပြလာနိုင်ခဲ့ကြောင်း သိရသည်။

နေ့စဉ် အသိပညာပေး ဆောင်းပါးပေါင်း သုံးပုဒ်မှ ငါးပုဒ်အတွင်း သတင်းစာများက ဖော်ပြပေးနေကြပြီး သတင်းဆောင်းပါး၊ သုံးသပ်ချက်နှင့် အယ်ဒီတာ့အာဘော်များ၊ ထုတ်ပြန်ချက်များ၊ သတိပေးချက်များ နေ့စဉ်ပါရှိသည့်အပြင် နေ့စဉ်သတင်း ပုဒ်ရေ ၄၀ မှ ၆၀ အကြား ဖော်ပြပေးနိုင်သဖြင့် ပြည်သူများ၏ နေ့စဉ်သတင်းလိုအပ်ချက်ကို ဖြည့်တင်းနိုင်သည့် သတင်းစာများဖြစ်ကြောင်း သိရသည်။

ကဏ္ဍများစွာ

စာဖတ်ပရိသတ်များ၏ တောင်းဆိုမှုနှင့် ဈေးကွက်လိုအပ်ချက်အရ ကဏ္ဍများစွာကိုလည်း အစိုးရသက်တမ်း နှစ်နှစ်တာအတွင်း ထည့်သွင်းဖော်ပြထားသည်။

အနယ်နယ်အရပ်ရပ်မှ ကျောင်းသားလူငယ်များ အားထားသည့် မျိုးဆက်သစ်ရင်ပြင်ကဏ္ဍ၊ ကလေးများ အပတ်စဉ်စောင့်စားဖတ်ရှုကြသည့် တနင်္ဂနွေကာတွန်း၊ ပြည်သူများ မိမိတို့ သဘောထားအမြင်များကို ဖော်ပြနိုင်သည့် ပြည်သူ့သဘောထားစင်မြင့်၊ ဒေသအသီးသီးရှိ ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ထင်သာမြင်သာပြုပြင်စရာနှင့် စာတည်းထံ ပေးစာ၊ ဥပဒေနှင့်ပတ်သက်သည့် အချက်အလက်များအား ပြည်သူများ သတိပြုနိုင်ရန် ဥပဒေအတွေးရေးပါရစေ၊ တနင်္ဂနွေစာမျက်နှာများဖြစ်သည့် အခွင့်အလမ်းဖွေရှာဘဝအတွက်တာ၊ ခရီးသွားဆောင်းပါးနှင့် ရိုးရာအားကစားစာမျက်နှာများ၊ အနယ်နယ်အရပ်ရပ်ရှိ ဒေသများမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်မွေးစီးပွားစာမျက်နှာ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အားကစား ဝါသနာရှင်များအတွက် လူမှုစီးပွားအားကစားစသည့် အစီအစဉ်များကိုလည်း အပတ်စဉ်ထည့်သွင်းဖော်ပြ လျက်ရှိသည်။

အစိုးရသက်တမ်း နှစ်နှစ်တာကာလအတွင်း ရန်ကုန်သူရန်ကုန်သားများအတွက် သတင်းအချက်အလက်များ၊ ခံစားမှုများ၊ ရင်တွင်းဆန္ဒများနှင့် အခက်အခဲများ၊ ဖွံ့ဖြိုးတိုးတက်မှုများအတွက် Today Yangon ယနေ့ရန်ကုန်အချပ်ပိုစာမျက်နှာကို လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ သွေးချင်းများအတွက် ရခိုင်ရွှေမြေအချပ်ပို စာမျက်နှာကိုလည်းကောင်း၊ ရခိုင်ဘာသာဖြင့် ရှိုပြည်ရခိုင်ပုံရိပ်၊ ကချင်ဘာသာ၊ မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာများဖြင့် သတင်းများကို ရိုက်နှိပ်ဖော်ပြခြင်းဖြင့် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ မပျောက်ကွယ်ရေးကို ရှေးရှုကာ တိုင်းရင်းသားအချပ်ပိုစာမျက်နှာကို လည်းကောင်း၊ မန္တလေးမြို့နှင့် အထက်မြန်မာပြည်အကြောင်းအရာများကို ပိုမိုအလေးပေးထားသည့် မန္တလေးစာမျက်နှာကိုလည်းကောင်း အချပ်ပိုများအဖြစ် အပတ်စဉ်ထည့်သွင်းထုတ်ဝေနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံပိုင်သတင်းစာများသည် သတင်းဦးဖော်ပြနိုင်မှု အားနည်းနေသည်ကို တွေ့ရသော်လည်း သတင်းစာဖတ်သူများ၏ အမြင်၊ သတင်းစာအပေါ် ယုံကြည်မှု၊ သတင်းစာအပေါ် ခံယူမှုများသည်လည်း မတူညီကြဘဲ နိုင်ငံပိုင်သတင်းစာများ၏ ဖော်ပြပါရှိမှု အားလုံးသည် အစိုးရကို ကိုယ်စားပြုသည်ဟူသည့် အမြင်များကိုလည်း တွေ့ရသည်။ နိုင်ငံအတွက် အကျိုးရှိစေမည့်သတင်းများ၊ မဖြစ်မနေ ပါဝင်သင့်သည့် သတင်းများကို ဦးစားပေးဖော်ပြလျက်ရှိပြီး အစိုးရ၏ လုပ်ဆောင်မှုများနှင့် ရည်မှန်းချက်များ၊ မူဝါဒများ၊ ဌာနဆိုင်ရာများမှ ထုတ်ပြန် ချက်များနှင့် ပြည်သူအတွက် ပြန်ကြားချက်၊ အသိပေးချက်များ၊ ဥပဒေများနှင့် နည်းဥပဒေများ၊ ဥပဒေမူကြမ်းများကိုလည်း တင်ဆက်ပေးလျက်ရှိသည်။

နှစ်စဉ်ရရှိတဲ့အမြတ်ငွေ

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံတော်အစိုးရ၏ အောင်မြင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် တစ်ခုလည်း ဖြစ်သည်။ ''သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနဲ့ စက္ကူကုန်ကြမ်းတင်သွင်းတာ၊ သယ်ယူပို့ဆောင်တာ၊ စက်ပစ္စည်းဝယ်ယူတာစတဲ့ လုပ်ငန်းတွေမှာ အခြားလုပ်ငန်းတွေနည်းတူ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်အတိအကျ နိုင်ငံတော်ကို ပေးသွင်းလျက်ရှိပါတယ်၊ လက်ရှိမှာ လုပ်ငန်းသုံးရင်းနှီးငွေအတွင်းကနေ ပြန်လည်ထုတ်ယူသုံးစွဲနိုင်တဲ့ ဌာနတစ်ခုဖြစ်လာတဲ့အတွက် ယခင်နှစ်တွေကလို ပြည်ထောင်စုရန်ပုံငွေစာရင်းခေါင်းစဉ်ကနေ ကျခံသုံးစွဲခြင်း မပြုတော့ပါဘူး၊ လုပ်ငန်းသုံးရင်းနှီးငွေကိုတော့ နှစ်စဉ်ရရှိတဲ့အမြတ်ငွေကနေ ၅၅ ရာခိုင်နှုန်းကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် ပြန်လည်ထည့်ဝင်စုဆောင်းထားတဲ့ စနစ်ကို ကျင့်သုံးခြင်းဖြစ်ပါတယ်၊ နိုင်ငံပိုင်သတင်းစာတွေ ဖြစ်သည့် အားလျော်စွာ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းမူဝါဒနဲ့အညီ လျာထားငွေများ ရရှိအောင် ဆောင်ရွက်ခြင်းအပြင် အရှုံးမရှိစေရေးကိုလည်း ဆောင်ရွက်ရပါတယ်'' ဟု စီမံဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံပိုင်ပုံနှိပ်မီဒီယာများဖြစ်ကြသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် Joint Venture အဖြစ် ဆောင်ရွက်နေသည့် Global New Light of Myanmar သတင်းစာ၊ နိုင်ငံပိုင်အွန်လိုင်းမီဒီယာဖြစ်သည့် Myanmar Digital News တို့သည် သတင်းစာကျင့်ဝတ်များ၊ နိုင်ငံပိုင်မီဒီယာများအတွက် သီးခြားထုတ်ပြန်ထားသည့် ကျင့်ဝတ်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ စည်းမျဉ်းစည်းကမ်းများစွာအတွင်းမှ ပြည်သူများ အချိန်နှင့် တစ်ပြေးညီ သတင်းထူး၊ သတင်းဦးများ ဖတ်ရှုနိုင်ရေးနှင့် စိန်ခေါ်မှုများစွာ ပြည့်နှက်နေသည့် မြန်မာ့နိုင်ငံရေးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီးအတွက် မှန်ကန်သည့် သတင်းများ၊ ရိုးသားသည့် သတင်းချဉ်းကပ်ပုံများနှင့် တိကျသည့် အချက်အလက်များကို ဖော်ပြပေးလျက်ရှိသည်။ စာမျက်နှာတိုင်း၊ သတင်းတိုင်းသည် ပြည်သူနှင့် နိုင်ငံတော်အတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ မူဝါဒအတိုင်း ကြိုးစားအားဖြည့်ပေးလျက် ရှိနေပါကြောင်း။ ။

မိုးတိမ်တောင်ကြောင့် ဖြစ်ပေါ်တတ်သည့် ရာသီဥတုဖြစ်စဉ်များ

<u>တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်</u>

လွန်ခဲ့သည့်ရက်ပိုင်းအတွင်းက မြန်မာပြည်အနှံ့အပြားတွင် မိုးသီးကြွေခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်းတိုက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ထို့အတူ ဧပြီ ၃ ရက်က ရန်ကုန်မြို့၌ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထိုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်အား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

မေး။ ။ လွန်ခဲ့တဲ့ရက်ပိုင်းက မြန်မာပြည်အနှံ့ ဖြစ်ပွားခဲ့တဲ့ ရာသီဥတုဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး ဆရာ့အမြင်ကို သိပါရစေ။

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်

ဖြေ။ ။ ဒီဖြစ်စဉ်တွေဟာ ကျွန်တော်တို့အတွက်တော့ မဆန်းဘူး။ မိုးတိမ်တောင်ဆိုတဲ့ တိမ်ကနေ ဖြစ်တဲ့ဖြစ်စဉ်ပဲ။ မိုးတိမ်တောင်ဖြစ်ရင် မိုးသီးကြွေတာတို့၊ မိုးရွာတာတို့၊ မိုးကြိုးပစ်တာတို့၊ လေတိုက်တာတို့ ဒါတွေဖြစ်လေ့ရှိတယ်။ တစ်ခုပဲရှိတယ်။ ဖြစ်တဲ့ အချိန်ကာလအားဖြင့် နည်းနည်းစောတယ်။ အရင်တုန်းက မေလအလယ်လောက်မှာ ဖြစ်လေ့ရှိတယ်။ အခုဟာက မတ်လလောက်ကတည်းက တခြားနေရာတွေမှာဖြစ်နေတယ်။ ဒီနှစ်ကတော့ စောဖြစ်တဲ့သဘော ရှိတယ်။ မတ်လဆိုတာ မြန်မာပြည်မှာတော့ နွေရာသီကာလပေါ့။ နွေရာသီကာလဆိုတာ အပူချိန်ကမြင့်ပြီး မိုးနည်းရမယ်။ ပူပြင်းခြောက်သွေ့တဲ့ရာသီဥတုဖြစ်ရမယ်။ လေမှာရေငွေ့ပါဝင်မှု အနည်းဆုံးကာလဖြစ်ရမယ်။ ခါတိုင်းနွေရာသီဆိုရင် ပူတယ်။ မိုးမရွာဘူး။ တဖြည်းဖြည်းနဲ့ ရေငွေ့ပါတဲ့လေတွေက ဧပြီလဆန်းလောက်မှစဝင်လာပြီးတော့ လလယ်လောက်ရောက်မှ မိုးတိမ်တောင်ဖြစ်တယ်။ ဧပြီ ၁၅ ကနေနောက်ပိုင်းကို မိုးကြိုကာလခေါ်တယ်။ မိုးကြိုကာလမှာ ဒီဖြစ်စဉ်တွေ ဖြစ်လေ့ဖြစ်ထရှိတယ်။

မေး။ ။ ဒီနှစ်မှာ ရာသီဥတုထူးခြားဖြစ်စဉ်နဲ့ ပတ်သက်ပြီး ရှင်းပြပေးပါ။

ဖြေ။ ။ ဒီနှစ်မှာ ထူးခြားတာက မြန်မာပြည်ပေါ်မှာရှိတဲ့ လေကဆက်သွားတာပါ။ အရင် ဆောင်းရာသီကာလ ဖေဖော်ဝါရီလလောက်ကတည်းက စပြီးတော့ မြန်မာပြည်ပေါ်မှာရှိတဲ့လေထဲမှာ ရေငွေ့တွေရှိနေတယ်။ ရေငွေ့ရှိနေတာကို ဂြိုဟ်တုတိုင်းတာချက်တွေမှာ တွေ့နေရတယ်။ လောလောဆယ်ရက်ပိုင်းမှာရေငွေ့က ပိုများလာတယ်။ ပိုများလာတော့ နွေရာသီကာလကလည်း ဖြစ်တဲ့အတွက်ကြောင့် မြေပြင်ပူတာနဲ့ အပူချိန်မြင့်တာကတော့ ထုံးစံအတိုင်းရှိတယ်။ ခါတိုင်းကတော့ အောက်ကမြေပြင်ပူရင် အဲဒီအပူက အထက်ကလေကို ကူးစက်တတ်တော့ အထက်ကလေက ပူရတဲ့အခါ အငွေ့ဆိုတာပူရင်ပွတယ်။ ပွတော့ပေါ့တယ်။ ပေါ့တော့ အပေါ်တက်တယ်။ အပေါ်တက်တော့ အအေးခံတ်ရတယ်။ အအေးခံတ်ရပေမယ့် လေထဲမှာ ရေငွေ့မပါတော့ ဘာမှမဖြစ်ဘူး။ အခုကျတော့ အရင်လိုပဲပူတယ်။ ဒါပေမယ့် လေထဲမှာ ရေငွေ့ပါနေတော့ အအေးခံတ်ရနေတော့ ရေငွေ့က တိမ်ဖြစ်တာပေါ့။ တိမ်ဖြစ်တဲ့အပြင် အောက်ကအပူက ဆက်တိုက်ပေးနေတော့ တိမ်ကပို၍ ပို၍မြင့်ပြီးတော့ မိုးတိမ်တောင်ဖြစ်လာတယ်။ မိုးတိမ်တောင်ဖြစ်တဲ့အခါမှာ ဒီလိုရာသီဥတုမျိုးဖြစ်တာပါပဲ။ အဲဒါကို ပုံကျမိုးလို့ခေါ်တယ်။

မေး။ ။ မြန်မာပြည်မှာ ဖြစ်ပေါ်တတ်တဲ့ မိုးတိမ်တောင်နဲ့ ပတ်သက်ပြီးတော့လည်း သိပါရစေ။

ဖြေ။ ။ မြန်မာပြည်မှာ မိုးတိမ်တောင်ဖြစ်တာက သုံးမျိုးသုံးစားတွေ့ရတယ်။ အခုလိုအောက်က မြေပြင်ပူပြင်းလို့ဖြစ် တာကလည်း နေရာအနှံ့ တွေ့ရတယ်။ နောက်တစ်ခါ မြန်မာနိုင်ငံမြောက်ဘက်မှာ ဟိမဝန္တာတောင်ဘက်ကနေ ဆောင်းလေတွေတိုက်တယ်။ ဆောင်းလေအေးတွေက မြန်မာနိုင်ငံမြောက်ဖျားကို ဖြတ်တိုက်တော့ အောက်ကမြေပြင်က နွေရောက်လို့ ပူလာတဲ့အခါ ပူတဲ့မြေပြင်ပေါ်မှာ အေးတဲ့လေဖြတ်တိုက်တော့ လေထုအပေါ် အောက်အပူချိန်က အောက်က ပူတယ်၊ အပေါ်ကအေးတယ်ဆိုတော့ သဘာဝက ပြောင်းပြန်ဖြစ်နေတယ်။ လေထုမတည်မငြိမ်ဖြစ်ပြီးတော့ မိုးတိမ်တောင်ဖြစ်တယ်။ ဒီနည်းနဲ့လည်း ဖြစ်နိုင်တယ်။ အခုရက်ပိုင်းမှာလားရှိုးမှာကျတော့ အရှေ့ဘက်ကလာတာ။ မြန်မာပြည်ရဲ့ အရှေ့ဘက်မှာ ပစိဖိတ်သမုဒ္ဒရာရှိတယ်။ ဖိလစ်ပိုင်နိုင်ငံရှိတယ်။ ဖိလစ်ပိုင်အရှေ့ဘက် ပစိဖိတ်အနောက်ဘက်မှာ တိုင်ဖုန်းမုန်တိုင်းဖြစ်နေတယ်။ အဲဒီမုန်တိုင်းက ဒီဘက်တော့

စာမျက်နှာ ၁၁ သို့

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဗန်ကောက်မြို့ ကုလသမဂ္ဂဒေသဆိုင်ရာရုံး၌ ကျင်းပသည့် ဖိုရမ်သို့ တက်ရောက်

နေပြည်တော် မေ ၄

United Nations Economic and Social Commission for Asia and the Pacific (UNESCAP) နှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့ ကြီးမှူး၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ကုလသမဂ္ဂဒေသဆိုင်ရာရုံးတွင် မေ ၃ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိသည့် 2nd Asian and Pacific Energy Forum သို့ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့ တက်ရောက်ခဲ့သည်။ **(ယာပုံ)**

ယင်းနောက် Forum ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Virasakdi Futrakul က အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် နိုင်ငံအလိုက် ဆွေးနွေးခြင်းတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားတိုးတက် ဖြန့်ဖြူးရေးကို ဆောင်ရွက်ရာ၌ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအတွက် အရည်အသွေးကောင်းမွန်ပြီး စိတ်ချရသော တည်ငြိမ်မှုရှိသည့် Distribution Network ဖြစ်ရန်နှင့် ဝန်ဆောင်မှုကောင်းမွန်စွာပေးနိုင်ရန် ဆောင်ရွက်နေမှုကို လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ထင်းမီးသွေးသုံးစွဲမှုများအား အစားထိုးနိုင်မည့် Clean Energy ဖြစ်သော Liquefied Petroleum Gas (LPG) ဓာတ်ငွေ့အိုးများကို ၂၀၂၀ ပြည့်နှစ်တွင် အိမ်ထောင်စု တစ်သန်းအထိ ဖြန့်ဖြူးပေးနိုင်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နီပေါနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Barsha Man Pun "Ananta"နှင့် Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC) အစည်းအဝေးကျင်းပရေး ကိစ္စများကို လည်းကောင်း၊ UNESCAP ဒေသဆိုင်ရာရုံး၏ Executive Secretary, Madam Shamshad Akhtar နှင့် ဒေသတွင်း စွမ်းအင်ဆိုင်ရာကိစ္စများကို လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

Forum တွင် ဒေသဆိုင်ရာ စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအပေါ် နိုင်ငံအလိုက် ရှုထောင့်အမြင်များ၊ စွမ်းအင်ဆိုင်ရာ ရေရှည်အကျိုးရှိစွာ အသုံးချရေးကိစ္စများကို ဆွေးနွေးခဲ့ကြပြီး ကမ္ဘာလုံးဆိုင်ရာ Sustainable Development Goal 7 ဖြစ်သော "Ensure access to affordable, reliable, sustainable and modern energy for all" ကို ရည်မှန်းချက်ထား၍ အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြမည့် အစီအစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်သတင်း

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး စီမံကိန်းရေးဆွဲဆောင်ရွက်နေမှုများ ဆွေးနွေး

စစ်တွေ မေ ၄

ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller ဦးဆောင်သည့် အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်မည့် အစီအစဉ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး စီမံကိန်းရေးဆွဲ ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပြည်နယ်အတွင်း လွတ်လပ်စွာ အကူအညီအထောက်အပံ့ပေးနေမှုများ၊ လွတ်လပ်စွာ ခရီးသွားလာခွင့်နှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများပေးနေမှု၊ နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အတူ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller ဦးဆောင်သောအဖွဲ့သည် စစ်တွေမြို့နယ်ရှိ သက်ကယ်ပြင်ကယ်ဆယ်ရေးစခန်း၊ ဒါးပိုင်ကယ်ဆယ်ရေးစခန်းနှင့် အောင်မင်္ဂလာ ရပ်ကွက်တို့မှ အစ္စလာမ်ဘာသာဝင်များနှင့် လည်းကောင်း၊ စစ်တွေမြို့မင်းဂံရပ်ကွက်ရှိ ရခိုင်တိုင်းရင်းသားများနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

မောင်တောဒေသ စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီစိုက်ပျိုးနိုင်ရေး အစိုးရက ကူညီပေးမည်

မောင်တော မေ ၄

ရခိုင်ပြည်နယ် မောင်တောဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့မှ အစ္စလာမ်ဘာသာဝင်ခေါင်းဆောင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာတာဝန်ခံများအား တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးများက တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာမတိမ်းရှောင်ဘဲကျန်ရှိနေသည့် အစ္စလာမ်ဘာသာဝင်များအတွက် အလုပ်အကိုင်များ ဖန်တီးဖော်ဆောင်ပေးရန် ဖြစ်ကြောင်း၊ ယခုရာသီသည် မိုးကျတော့မည်ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ငါးပုစွန်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း ကူညီပေးမည်ဖြစ်ကြောင်း၊ မောင်တောဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် ရခိုင်တိုင်းရင်းသားများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း၊ မောင်တောနှင့်ဘူးသီးတောင်ဒေသများတွင် အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပြီးနောက်ပိုင်းတွင် စားဝတ်နေရေး အခက်အခဲများ ဖြစ်ခဲ့သည့်အတွက် နိုင်ငံတော်အစိုးရ၊ UEHRD နှင့် အဖွဲ့အစည်းများက ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ရန် လှုံ့ဆော်ပေးမှုများ ရှိနေသောကြောင့် နေရပ်စွန့်ခွာမသွားကြရန် ဘာသာရေးခေါင်းဆောင်များအနေဖြင့် အသိပညာများပေးရန် လိုကြောင်း ပြောကြားကြသည်။

ထို့နောက် ဘူးသီးတောင်၊ မောင်တောမြို့နယ်ရှိ ဘာသာရေးခေါင်းဆောင်များက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးတို့နှင့်စပ်လျဉ်း၍ တင်ပြရာ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးနှင့် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် မောင်တောမြို့နယ် လှဖိုးခေါင်ယာယီပြန်လည်လက်ခံရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လှဖိုးခေါင်စခန်း တည်ဆောက်ရေးတာဝန်ခံနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က စခန်းတည်ဆောက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ယာယီလက်ခံရေးစခန်းကို ဇန်နဝါရီ ၁၃ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး အဆောက်အအုံတည်ဆောက်မှုအရေအတွက် ၆၂၅ လုံး လျာထားချက်ဖြင့် တည်ဆောက်လျက်ရှိပြီး တည်ဆောက်မှုပြီးစီးပါကလူဦးရေ ၃၀၀၀၀ ခန့် ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာ၊ ကိုင်းကြီးရွာဟောင်း၊ မောရဝတီ၊ ဥဒေါင်း၊ သရေကုန်းဘောင်၊ ရွှေဇဟိုကျေးရွာများရှိ ရခိုင်တိုင်းရင်းသားများနှင့် မြိုတိုင်းရင်းသားများအား တွေ့ဆုံပြီး **(ဝဲပုံ)** ယခု စိုက်ပျိုးရာသီတွင် တိုင်းရင်းသားများအတွက် လယ်ယာမြေများတွင် စိုက်ပျိုးနိုင်ရန် မျိုးစေ့၊ မြေသြဇာ၊ လယ်ထွန်စက် စသည်တို့ကို ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ စားဝတ်နေရေးအတွက် အခက်အခဲရှိနေသည့် တိုင်းရင်းသားများအတွက် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားများက ၎င်းတို့၏လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီး မြိုတိုင်းရင်းသားများအတွက် တည်ဆောက်ထားသော အိမ်ရာအဆောက်အအုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာရှိ မြိုတိုင်းရင်းသားများအတွက် အိမ်ရာဆောက်လုပ်မှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၅၆ လုံး တည်ဆောက်ပေးထားပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၆၄ လုံး တည်ဆောက်ပေးထားကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း
အေးမင်းသူ

၂၀၁၇- ၂၀၁၈ ပညာသင်နှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်

၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်
၂၀၁၇-၂၀၁၈ ပညာသင်နှစ်
အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း
ကြေညာခြင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(ယမန်နေ့မှအဆက်)

အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁၅၈	မောင်ဝေယံကျော်	အထက-ရေကြည်	ရေကြည်	ပုသိမ်
၁၅၉	မဖြူစင်မို့မို့	အထက(၆)ပုသိမ်	ပုသိမ်	ပုသိမ်
၁၆၀	မရွှေစင်ထွဋ်	အထက-ရေကြည်	ရေကြည်	ပုသိမ်
၁၆၁	မောင်ခေတ်စည်သူ	အထက-ကြံခင်း	ကြံခင်း	ဟသ်ာတ
၁၆၂	မောင်ကျော်ဇင်သန့်	အထက(၃)ဟသ်ာတ	ဟသ်ာတ	ဟသ်ာတ
၁၆၃	မချောစုသွယ်	ဂုဏ်ထူးပန်းခင်း (ကပက)	ဟသ်ာတ	ဟသ်ာတ
၁၆၄	မဆုလက်လက်	ထူးချွန်(ကပက)	ကြံခင်း	ဟသ်ာတ
၁၆၅	မောင်ပိုင်အောင်လတ်	အထက(၁)မြောင်းမြ	မြောင်းမြ	မြောင်းမြ
၁၆၆	နမ့်သူသူဟန်နီဌေး	အထက-ကြို့ကုန်း	အိမ်မဲ	မြောင်းမြ
၁၆၇	မောင်ဉာဏ်လင်းထက်	အထက(၁) မော်လမြိုင်ကျွန်း	မော်လမြိုင် ကျွန်း	လပွတ္တာ
၁၆၈	မနန်းအိဝေလွင်	အထက(၁)လပွတ္တာ	လပွတ္တာ	လပွတ္တာ
၁၆၉	မောင်ရဲထက်လူ	အထက(၁)ဓနုဖြူ	ဓနုဖြူ	မအူပင်
၁၇၀	မသက်ယုစံ	အထက(၁)မအူပင်	မအူပင်	မအူပင်
၁၇၁	မောင်ကျော်ဇေယျ	အထက(၁)ကျိုက်လတ်	ကျိုက်လတ်	ဖျာပုံ
၁၇၂	မခင်ပပဦး	အထက(ခွဲ)အလက(၁) ဖျာပုံ	ဖျာပုံ	ဖျာပုံ
၁၇၃	မောင်ရန်ဝေတိုး	CAE (ကပက)	ဥတ္တရသီရိ	ဥတ္တရ
၁၇၄	မဖြူစင်ဦး	CAE (ကပက)	ဥတ္တရသီရိ	ဥတ္တရ
၁၇၅	မောင်ခန့်စည်သူ	အထက(၂)ပျဉ်းမနား	ပျဉ်းမနား	ဒက္ခိဏ
၁၇၆	မအောင်ကေဇင်ဟိန်း	အထက(၅)ဇမ္ဗူသီရိ	ဇမ္ဗူသီရိ	ဒက္ခိဏ

အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁၆၂	မောင်ရဲရင့်သွေး	အထက(၁)မြန်အောင်	မြန်အောင်	ဟသ်ာတ
၁၆၃	မမေစွမ်းဆင့်ရည်	အထက(၁)မြန်အောင်	မြန်အောင်	ဟသ်ာတ
၁၆၄	မဆုရည်လွင်	အထက-ကြံခင်း	ကြံခင်း	ဟသ်ာတ
၁၆၅	မောင်ခန့်မင်းသွေး	အထက(၁)မြောင်းမြ	မြောင်းမြ	မြောင်းမြ
၁၆၆	မယမင်းကြည်ဖြူ	အထက(၁)အိမ်မဲ	အိမ်မဲ	မြောင်းမြ
၁၆၇	မောင်လင်းဘုန်းပြည့်	အထက(၁)လပွတ္တာ	လပွတ္တာ	လပွတ္တာ
၁၆၈	မမေသက်မှူးဟန်	အထက(၁)လပွတ္တာ	လပွတ္တာ	လပွတ္တာ
၁၆၉	မောင်အံ့မှူးပိုင်	အထက(ခွဲ)အလက(၁)	မအူပင်	မအူပင်
၁၇၀	မထက်ဝတ်ရည်မွန်	အထက(၁)မအူပင်	မအူပင်	မအူပင်
၁၇၁	မောင်အောင်ဘုန်းမော်	အထက(၁)ဘိုကလေး	ဘိုကလေး	ဖျာပုံ
၁၇၂	မလင်းရှုပ	အထက(ခွဲ)အလက(၁)	ဖျာပုံ	ဖျာပုံ
၁၇၃	မောင်ခိုင်စိုးဟန်	CAE (ကပက)	ဥတ္တရသီရိ	ဥတ္တရ
၁၇၄	မရှင်မိုးယံ	CAE (ကပက)	ဥတ္တရသီရိ	ဥတ္တရ
၁၇၅	မောင်မင်းမဟော်ခ	အထက(၅)ဇမ္ဗူသီရိ	ဇမ္ဗူသီရိ	ဒက္ခိဏ
၁၇၆	မအေးမြတ်မြတ်မွန်	အထက(၅)ဇမ္ဗူသီရိ	ဇမ္ဗူသီရိ	ဒက္ခိဏ

အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁၅၂	မရှင်မင်းသွယ်	အထက(၃)ကျိုင်းတုံ	ကျိုင်းတုံ	ကျိုင်းတုံ
၁၅၃	မောင်ပိုင်ထွဋ်ကျော်	အထက-မိုင်းကိုး	တာချီလိတ်	မိုင်းဖြတ်
၁၅၄	မောင်အောင်ဟိန်းထက်	အထက(ခွဲ)မိုင်းပျဉ်း	မိုင်းပျဉ်း	မိုင်းဖြတ်
၁၅၅	မမေဖူးဖူးဇော်	အထက-တာချီလိတ်	တာချီလိတ်	မိုင်းဖြတ်
၁၅၆	မနန်းမိုဟွမ်	အထက-မိုင်းတုံ	မိုင်းတုံ	မိုင်းဖြတ်
၁၅၇	မောင်ကျော်ဇင်ထက်	အထက(၆)ပုသိမ်	ပုသိမ်	ပုသိမ်
၁၅၈	မောင်ဘုန်းမြတ်ပိုင်	အထက(၁)ကျုံပျော်	ကျုံပျော်	ပုသိမ်
၁၅၉	မစုဝေနိုင်	အထက-ဒါးက	ကန်ကြီးထောင့်	ပုသိမ်
၁၆၀	မသွန်းဆုထက်	အထက(၆)ပုသိမ်	ပုသိမ်	ပုသိမ်
၁၆၁	မောင်လင်းသစ်ခန့်	အထက-ကြံခင်း	ကြံခင်း	ဟသ်ာတ
၁၆၂	မောင်ဥက္ကာဇွဲမာန်	အထက-ထူးကြီး	အင်္ဂပူ	ဟသ်ာတ
၁၆၃	မသံသာသင်း	အထက-ကြံခင်း	ကြံခင်း	ဟသ်ာတ
၁၆၄	မကြယ်စင်	အထက(၅)ဟသ်ာတ	ဟသ်ာတ	ဟသ်ာတ
၁၆၅	မောင်ဝေမင်းဟန်	အထက(၁)ဝါးခယ်မ	ဝါးခယ်မ	မြောင်းမြ
၁၆၆	မဖြိုးပုလဲသွယ်	အထက(၁)အိမ်မဲ	အိမ်မဲ	မြောင်းမြ
၁၆၇	မောင်မြတ်ဘုန်းသစ်	အထက(၁) မော်လမြိုင်ကျွန်း	မော်လမြိုင် ကျွန်း	လပွတ္တာ
၁၆၈	မရတီမှူးသွင်	အထက(၁)လပွတ္တာ	လပွတ္တာ	လပွတ္တာ
၁၆၉	မောင်ခန့်သူ	အထက-ပန်းတနော်	ပန်းတနော်	မအူပင်
၁၇၀	မစန္ဒီမျိုးမင်း	အထက(ခွဲ)အလက(၁)	မအူပင်	မအူပင်
၁၇၁	မောင်အေးချမ်းအောင်	အထက(ခွဲ)အလက(၁)	ဖျာပုံ	ဖျာပုံ
၁၇၂	မခင်ရှင်းသန့်ကိုကို	အထက(၁)ဘိုကလေး	ဘိုကလေး	ဖျာပုံ
၁၇၃	မောင်အောင်မြင့်မြတ်	CAE(ကပက)	ဥတ္တရသီရိ	ဥတ္တရ
၁၇၄	မပိုးပြည့်ဖြိုးသွယ်	CAE(ကပက)	ဥတ္တရသီရိ	ဥတ္တရ
၁၇၅	မောင်စည်သူသက်ဟိန်း	အထက(၅)ဇမ္ဗူသီရိ	ဇမ္ဗူသီရိ	ဒက္ခိဏ
၁၇၆	မအိမ့်ဖူးသော်သျှင်	အထက(၁၈) ဒက္ခိဏသီရိ	ဒက္ခိဏသီရိ	ဒက္ခိဏ

စာမျက်နှာ ၉ မှ

မလာဘူး။ အရှေ့လေတိုက်နေတော့ မြန်မာပြည်က လေအောက်ကျတော့ လေထဲမှာ လေဖိအားနည်းရပ်ဝန်း၊ လေဖိအားနည်း ချိုင့်ဝှမ်းတို့ ပါလာတော့ လွန်ခဲ့တဲ့ ၃ ၊ ၄ ရက်က မြန်မာပြည်အရှေ့ပိုင်း ရှမ်းပြည်နယ်ဘက်ကို ထိုင်းဘက်ကနေ တိမ်တိုက်တစ်ခု ချဉ်းကပ်လာတာတွေ့ရတယ်။ အဲဒီတိမ်တိုက်က ရှမ်းကို ဝင်တော့ မိုးတိမ်တောင်ဖြစ်ပြီး မိုးရွာတယ်။ အဲဒီလိုသုံးမျိုးသုံးစားလောလောဆယ် တွေ့နေရတယ်။

မေး ။ ။ မိုးတိမ်တောင်ကြောင့် ဖြစ်ပေါ်လာတဲ့ ရာသီဉတု ဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး ပြောပြပေးပါဆရာ။

ဖြေ ။ ။ မိုးတိမ်တောင်ရဲ့သဘာဝက ဘယ်လိုနည်းပဲဖြစ်ဖြစ် သဘာဝကတော့ အတူတူပဲ။ ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် မိုးခြိမ်းတယ်။ လျှပ်စီးလက်တယ်။ မိုးသီးကြွေတယ်။ မိုးရွာတယ်။ မိုးကြိုးပစ်တယ်။ လေပြင်းတိုက်တယ်။ အမှန်က မိုးတိမ်တောင်ရဲ့ ရာသီဉတုက ၁၀ မျိုးဖြစ်တယ်။ မိုးခြိမ်းတယ်။ လျှပ်စီးလက်တယ်။ မိုးရွာတယ်။ မိုးသက်လေပြင်းပါတယ်။ အဲဒါကမိုးတိမ်တောင်ကပေးတဲ့ အခြေခံလေးခု။ မိုးတိမ်တောင် နည်းနည်းအားကောင်းလာရင် ဒီလေးခုအပြင် မိုးသီးကြွေတာရယ်၊ မိုးကြိုးပစ်တာရယ်ဖြစ်တယ်။ သိပ်အားကောင်းတဲ့ မိုးတိမ်တောင်ဖြစ်လာရင် ဒီခြောက်ခုအပြင် လေဆင်နှာမောင်းတိုက်တယ်။ ရေဆင်နှာမောင်းတိုက်တယ်။ နောက်စိုက်ဆင်း လေပြင်းတိုက်တယ်။ ပင်လယ်မီးစုန်းတောက်တယ်။ မိုးတိမ်တောင်ကြောင့် ရာသီဉတု ၁၀ မျိုးဖြစ်နိုင်တယ်။ အခုနောက်ပိုင်း မြန်မာပြည်ရဲ့ ရာသီဉတုပြောင်းလဲလာတော့ မိုးတိမ်တောင်ဖြစ်တဲ့ကာလက မိုးကြိုကာလ မရောက်သေးဘူးဖြစ်နေပြီ။ မိုးတိမ်တောင်တွေ အဖြစ်များတယ်။ အဖြစ်များတော့ မိုးကြိုးပစ်တာတို့၊ လေပြင်းတိုက်တာတို့၊ မိုးသီးကြွေတာတို့၊ နေရာကွက်မိုးကြီးတာတို့ ဒါတွေကနည်းနည်း အဖြစ်များတယ်။

အဖြစ်များတိုင်းလည်း ဘေးဥပဒ်အန္တရာယ်တွေ့ရတယ်။ မြန်မာပြည်မှာ မိုးကြိုးပစ်ရင် လူအသေအပျောက်များတယ်။ ဒီတိမ်မျိုးကမိုးရွာရင်ရေပါတယ်။ ကုန်းမြေမြင့်ဖြစ်မယ်။ တောင်ကုန်းဖြစ်မယ်ဆိုရင် ဒီရွာတဲ့မိုးရေကိုထိန်းမယ့် သစ်တောက အရင်လိုမရှိတော့တဲ့အတွက် တောင်ပေါ်ကရေက တောင်အောက်ကို အတားအဆီးမရှိအရှိန်နဲ့ ဆင်းလာတယ်။ အောက်ရောက်တော့ တောင်ကျရေတွေဖြစ်တယ်။ အဲဒါကြောင့် ရေကြီးတာ ခဏခဏဖြစ်တယ်။ မကြာခဏဆိုသလို လေပြင်းလည်း တိုက်တတ်တယ်။ လေကတော့ တစ်နာရီကို ၄၅ မိုင်ကနေ မိုင် ၅၀ တိုက်တယ်။ မိုးရွာတဲ့အခါမှာ ရေပါတဲ့အတွက် တချို့နေရာတွေမှာ မြေပြိုတတ်တယ်။ ကချင်၊ ချင်း၊ ရှမ်းဘက်တွေပေါ့။ မိုးကြိုကာလသဘာဝက မိုးတိမ်တောင်ကြောင့်ဖြစ်တဲ့ အန္တရာယ်တွေရှိတယ်။

သိပ်ဆိုးတဲ့နှစ်တွေဆိုရင် စိုက်ဆင်းလေပြင်း တိုက်တတ်တယ်။ အဲဒီလေက တစ်နာရီကို မိုင် ၆၀၊ ၈၀ လောက်တိုက်တဲ့အတွက် အဲဒီအခါမှာ ပြည်တွင်းရေကြောင်းတွေမှာ သင်္ဘောတွေ မှောက်တတ်တယ်။ မိုးတိမ်တောင်တွေက မွန်းလွဲ၊ ညနေပိုင်းတွေမှာ ဖြစ်တာများတယ်။ မြစ်ဝကျွန်းပေါ်က သင်္ဘောတွေက ညနေပိုင်းပဲထွက်တော့ ခဏခဏဖြစ်တယ်။ အဲဒီလိုဖြစ်ရင် လူတွေရာနဲ့ချီပြီး သေတယ်။ မိုးတိမ်တောင်ဖြစ်တဲ့ မတ်၊ ဧပြီ၊ မေမှာပဲဖြစ်တတ်တဲ့ သဘာဝရှိတယ်။ ဒီရာသီဉတုမျိုးက မေလကုန်လောက်ထိ ဖြစ်နေမှာပဲ။ နေရာအနှံ့ဖြစ်နိုင်တယ်။ လောလောဆယ် မိုးတိမ်တောင် အဖြစ်နည်းတာက ကချင်နဲ့ စစ်ကိုင်းအထက်ပဲ ကျန်တယ်။ နောက်ပိုင်းရောက်လေ ဖြစ်နိုင်ခြေရာခိုင်နှုန်း မြင့်တက်လာလေပဲ။

ခုလိုပြောကြားပေးတဲ့အတွက် ဆရာ့ကို ကျေးဇူးတင်ပါတယ်။

သကြၤန်တွင်း တရားစခန်းဖွင့်မည်

နေပြည်တော် ဧပြီ ၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ပန်းခင်းကွက်သစ် ပန်းခင်းလမ်း ဘုရားကြီးတောရကျောင်းတိုက် ရွှေပြည်အေးမဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မပါလက သင်္ကြန်တွင်း ဧပြီ ၁၃ ရက်မှ ဧပြီ ၂၂ ရက်အထိ (၁၁)ကြိမ်မြောက် စုပေါင်းဒုလ္လဘဝတ်ပွဲ၊ စုပေါင်းသီလရှင်ဝတ်ပွဲ၊ သတိပဋ္ဌာန်ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲတော်ကြီးကို ဖွင့်လှစ်ပြီး နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

တရားစခန်းဝင်လိုကြသည့် ယောဂီများသည် ဖုန်း-၀၆၇ ၂၃၀၄၃၊ ၀၉-၂၅၀ ၈၀၁၃၇၀ တို့သို့ ဆက်သွယ်၍ စုံစမ်းနိုင်ပါကြောင်း သိရသည်။

မြန်မာ့အလင်း

ကျော့ဖုံးမှ

မြန်မာ ယူ-၂၁ အသင်းသည် ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့ပြီး ပထမပိုင်းတွင် ပိုဖိကစားနိုင်ခဲ့သည်။ မြန်မာ ယူ-၂၁ အသင်း တိုက်စစ်မှူးများဖြစ်သည့် ဝင်းနိုင်ထွန်းနှင့် အောင်ကောင်းမာန်တို့၏ တိုးအားကို မကွေးနောက်တန်း ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရပြီး အခွင့်အရေးများ ပေးခဲ့ရသည်။

ချေပဂိုးရနိုင်

ပွဲချိန် ၃၃ မိနစ်တွင် မြန်မာ ယူ-၂၁ အသင်း တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပြီး ဝင်းနိုင်ထွန်း ဖန်တီးပေးသော ဘောလုံးကို အောင်ကောင်းမာန်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားအပြောင်းအလဲ ပြုလုပ်ကာ တိုက်စစ်အားမြှင့်လာခဲ့ပြီး မကွေးအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးများ ပြန်ရခဲ့သော်လည်း ယူ-၂၁ ဂိုးသမား ထွန်းနန္ဒာဦး ကာကွယ်နိုင်ခဲ့သည်။

အနိုင်ရထား

မြန်မာ ယူ-၂၁ အသင်းသည် ခြေစမ်းပွဲနှစ်ပွဲကစားထားရာ ရော်ဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။

ညီမြတ်သော်တာ

မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှု ကာကွယ်ရေး ပညာပေး

သာယာဝတီ ဧပြီ ၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် သဲဖြူကျေးရွာအုပ်စု သဲဖြူကျေးရွာရှိအခြေခံပညာ အထက်တန်းကျောင်းတွင် မတ် ၂၈ ရက်က မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးနိုင်က မူးယစ်ဆေးဝါးတားဆီးကာကွယ် နှိမ်နင်းရေး အကြောင်းအရာများအား ဟောပြောသည်။ ဆက်လက်ပြီး လူကုန်ကူးမှု တားဆီးရေး ရဲတပ်ဖွဲ့မှ ရဲအုပ် လှဇော်ဝင်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပြီး မြို့မရဲစခန်းမှူး ဒုရဲမှူး လှသိန်းက မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ကင်းစင်ရေးအကြောင်း ဟောပြောခဲ့ကြသည်။ အခမ်းအနားသို့ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြသည်။ **သန့်ဇော်(မြန်/ဆက်)**

အနောက်ဆွာ ကြိုးဝိုင်းအတွင်းမှ ပျဉ်းကတိုးသစ်လုံး ၆၁ တန်ကျော်ဖမ်းဆီးရမိ

ရေတာရှည် မေ ၄

နွေရာသီကာလတွင် ရိုးမတောတွင်းလမ်းများဝင်ထွက်သွားလာနိုင်ခြင်းကြောင့် တရားမဝင်သစ်ခိုးထုတ်မှုများ ကျဆင်းစေရန် ကြိုးဝိုင်းဒေသများနှင့်ဆက်စပ်လျက်ရှိသော မြို့နယ်များအလိုက် ဖမ်းဆီးရေးအဖွဲ့များဖြင့် နေ့စဉ်ရက်ဆက် ဖမ်းဆီးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနနှင့် သစ်တောလုံခြုံရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းစစ်ကြောင်းအဖွဲ့သည် မတ် ၃၁ ရက် နံနက် ၇ နာရီမှ စတင်ကာ ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် ၁၅၂ မိုင်မှ စတင်၍ ပန်းပဲချောင်းအတိုင်း အနောက်ဘက် မိုင် ၆၀ ခန့်အကွာ ဒေသအခေါ် ကဲ့ဒေါက်စခန်းသို့ ရောက်ရှိခဲ့ကြသည်။ မေ ၁ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့နယ်နှင့်ရေတာရှည်မြို့နယ် ထိစပ်နေသည့် တောင်ကြောအတိုင်း မိုင် ၂၀ ခန့်အကွာရှိ အနောက်ဆွာတိုးချဲ့ကြိုးဝိုင်း၊ အကွက်အမှတ် ၃၆ အတွင်း ရှင်းလင်းခဲ့ရာ နေရာအနှံ့အပြားတွင် စုပုံထားသော တရားမဝင်ပျဉ်းကတိုးသစ်လုံး ၁၄၂ လုံး (၆၁ ဒသမ ၇၂၉၄ တန်) အား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

"အရင်တုန်းကဆိုရင် ဒီဒေသတွေကို ကျွန်တော်တို့ သစ်တောဝန်ထမ်းတွေသွားရင် အတော်အန္တရာယ်များပါတယ်၊ ခုတော့ သစ်တောလုံခြုံရေး အဖွဲ့ပါပါတော့ ကိုယ့်အလုပ်ကို စိတ်ချလက်ချဆောင်ရွက်နိုင်ကြတာပေါ့" ဟု မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးက ပြောသည်။

ဖမ်းဆီးရမိသစ်များအား ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနရုံးသို့ သယ်ဆောင်ထားရှိပြီး တရားမဝင်သစ်ခိုးထုတ်သူများကို ဆက်လက်စုံစမ်းလျက်ရှိကြောင်းသိရသည်။

ကိုလွင်(ဆွာ)

မြိတ်မြို့တွင် ငွေကျပ်တစ်သောင်းတန် အတုပြုလုပ် သုံးစွဲသူနှစ်ဦးအား ဖမ်းဆီးရမိ

မြိတ် မေ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ငွေအတုဟုယူဆရသော ငွေကျပ်တစ်သောင်းတန် အတုပြုလုပ်ကာ လက်ဝယ်ထားရှိ သုံးစွဲနေသူနှစ်ဦးအား မေ ၄ ရက်က ငွေစက္ကူအတုပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ခရိုင်ရဲ တပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖမ်းဆီးရမိခဲ့သူနှစ်ဦးမှာ သက်ပိုင်ဦး(ခ)လမင်းအောင် (၁၉ နှစ်) ရေကန်အောက်ကျေးရွာနေသူနှင့် ဝတုတ် (ခ) သားကြီး (ခ) ညီညီကို (၃၅ နှစ်) သာကေတရပ်ကွက် မြိတ်မြို့နေသူတို့ဖြစ်ကြပြီး ၎င်းတို့နှစ်ဦးသည် မေ ၃ ရက်တွင် မြိတ်မြို့ ပလုံးကျေးရွာ ကုန်စုံဆိုင်များတွင် စီးကရက်ဘူးနှင့် ငွေဖြည့်ကတ်များ လိုက်လံဝယ်ယူရာတွင် ပေးသွားသည့် တစ်သောင်းတန်ငွေစက္ကူများမှာ အတုဖြစ်နိုင်ကြောင်း သတင်းပေးချက်အရ တောင်ရှည်နယ်မြေ ရဲတပ်ဖွဲ့စခန်းမှ သွားရောက်စုံစမ်းရာ ကြေးနန်းတိုင်ကျေးရွာထိပ်တွင် သက်ပိုင်ဦးအား တွေ့ရှိသဖြင့် ရှာဖွေစစ်ဆေးရာ ၎င်းထံမှ တစ်သောင်းတန် မြန်မာငွေစက္ကူအတုများတွေ့ရှိခြင်းမရှိဘဲ ၎င်းနှင့်အတူပါလာသော ဝတုတ်မှာ ဆိုင်ကယ်မောင်းနှင် ထွက်ပြေးသွားကြောင်း သိရသည်။

တာဝန်ရှိသူများက ပလုံးကျေးရွာ ကုန်စုံဆိုင်များတွင် ၎င်းတို့နှစ်ဦး လိုက်လံဝယ်ယူထားသော ငွေအတုဟုယူဆရသော မြန်မာငွေစက္ကူ တစ်သောင်းတန် ငါးရွက်ကို သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားသည့် ဝတုတ်ကို မေ ၄ ရက် နံနက်ပိုင်းတွင် ၎င်း၏နေအိမ်၌ တွေ့ရှိခဲ့ရပြီး နေအိမ် အိပ်ခန်းအတွင်းမှ ငွေစက္ကူအတုများပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် ရောင်စုံမိတ္တူကူးစက်နှင့် ဆက်စပ်ပစ္စည်းများကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကာ ၎င်းတို့နှစ်ဦးအား တောင်ရှည်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခိုင်ထူး

ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦး ရုံးထုတ်လွှတ်ပေးရန် လျှောက်ထားမှုအပေါ် ယနေ့ကြားနာ

ရန်ကုန် မေ ၄

၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)ဖြင့် တရားစွဲဆိုခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် သက်ဦးမောင် (ခ) ဝလုံးနှင့် ကျော်စိုးဦး (ခ) မိုးအောင်တို့နှစ်ဦးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ ရုံးထုတ်ခဲ့ပြီး အမှုနှင့် ပတ်သက်၍ တရားခံဘက်မှ လိုက်ပါဆောင်ရွက်သည့် တရားလွှတ်တော်ရှေ့နေများက ယခင်ရုံးချိန်းတွင် လွှတ်ပေးရန် လျှောက်ထားမှုအပေါ် နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်အား ဒုတိယခရိုင်တရားသူကြီး- ၆ ဦးရဲလွင်က ကြားနာခဲ့ကြောင်း အဆိုပါ တရားရုံးမှ သိရသည်။

ယနေ့ကြားနာဆောင်ရွက်မှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး-၂ ဦးအုန်းခိုင်က "ကျွန်တော်တို့ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ် ၄ တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ တရားခံ သက်ဦးမောင်(ခ) ဝလုံး ပါ-၂ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)အရ စွဲဆိုမှုမှာ ယခင်ရုံးချိန်းရက်က ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၂၅၃ (၂)အရ တရားခံများ၏ရှေ့နေက စွဲချက်မတင်မီ လွှတ်ပေးဖို့ လျှောက်ထားပါတယ်၊ လျှောက်ထားမှုအပေါ် နိုင်ငံတော်ကိုယ်စားပြုလိုက်ပါဆောင်ရွက်တဲ့ ဥပဒေအရာရှိတွေနဲ့ တရားခံများရှေ့နေတို့က အကျယ်တဝင့် လျှောက်လဲချက်များကို ကြားနာခဲ့ပါတယ်၊ ယခုအဆင့်မှာ ရုံးချိန်း ၁၂ ချိန်းရှိပြီး တရားလိုပြသက်သေ ၂၅ ဦးတင်ပြထားရာမှာ ၁၇ ဦးကို စစ်ဆေးခဲ့ပါပြီ၊ လျှောက်လဲချက်နဲ့ ပတ်သက်ပြီး မေလ ၄ ရက်နေ့မှာ ခွင့်ပြုသင့် မသင့် အမိန့်ချမှတ်မယ်လို့ ချိန်းဆိုထားခဲ့ပါတယ်" ဟု ပြောသည်။

သတင်းမီဒီယာများ၏ မေးမြန်းချက်များအား ထပ်မံဖြေကြားရာမှာ တရားလိုပြသက်သေအားလုံးစစ်ဆေးခဲ့ပြီးသည့်နောက် တရားခံများက ငြိစွန်းမှုတစ်စုံတစ်ရာမရှိကြောင်းနှင့် စွဲချက်မတင်မီ လွှတ်ပေးရန်လျှောက်ထားမည်ဆိုလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၂၅၃ (၁) နှင့် သက်ဆိုင်ပါကြောင်း၊ အကယ်၍ တရားလိုပြသက်သေအားလုံး စစ်ဆေးမှုမပြီးသေးခင်မှာ တရားခံများအား စွဲချက်မတင်မီ လွှတ်ပေးပါရန် လျှောက်ထားမည်ဆိုပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၂၅၃ (၂) နှင့် သက်ဆိုင်ပါကြောင်း၊ တရားခံများအား ဆရာဝန်ကြည့်ရှုကုသရန် ရဲတပ်ဖွဲ့ဝင်များက တားမြစ်တယ်လို့ ဆိုခြင်းကလည်း ရဲတပ်ဖွဲ့ဝင်များသည် လုံခြုံရေးကိစ္စရပ်များတွင် တာဝန်ရှိပါကြောင်း၊ ဒါကြောင့်တရားခံများ ကျန်းမာရေးအတွက် ဆရာဝန်ကြည့်ရှုကုသခွင့် အခွင့်အရေးလည်းရှိပါကြောင်း၊ အချုပ်ထောင်၊ အကျဉ်းထောင်၊ လက်စွဲနှင့်အညီ ခွင့်ပြုချက်တောင်းခံ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ထပ်မံရှင်းလင်း ပြောကြားသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

မြောင်းမြကြိုးတံတားကျိုးကျစဉ် ရေထဲပါသွားသော ယာဉ်အားဆယ်ယူရရှိ၊ ခရီးသွားလာမှုအဆင်ပြေရန် ဇက်ရေယာဉ်ပြေးဆွဲနေ

မြောင်းမြ မေ ၄

မြောင်းမြကြိုးတံတားကျိုးကျပြီး တံတားနှင့်အတူ ၆ ဘီးကုန်တင်ယာဉ်တစ်စီး ပါသွားရာ ယနေ့ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ခန့်တွင် ဆယ်ယူရရှိခဲ့ပြီဖြစ်သည်။

တံတားအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရေငုပ်သမားများ ကြိုးစားအားထုတ်မှုဖြင့် မေ ၁ ရက် အခင်းဖြစ်နေ့ ညနေ ၅ နာရီ ကျော်ခန့်တွင် ယာဉ်နှင့်အတူပါသွားသူ ယာဉ်မောင်း မဲကြီး (ခ) သန်းဇော်ထိုက်အား ပိတ်ညှပ်နေသော

ယာဉ်ခေါင်းခန်းအတွင်းမှ သေဆုံးလျက် ရှာဖွေတွေ့ရှိခဲ့သော်လည်း ယာဉ်နောက်လိုက်အား ကုန်တင်ယာဉ်ဆယ်ယူရရှိပြီးသည်အထိ ရှာဖွေမတွေ့ရှိသေးကြောင်း သိရသည်။

အဆိုပါ မြောင်းမြတံတားသစ်စီမံကိန်းမှ ဇက်ရေယာဉ် ၁၁၂ အပေါ် တံတားအထူးအဖွဲ့ ၁၀ တန် ဝန်ချီစက် တင်ဆောင်၍ ရေအောက်တွင် တံတားဖြင့် ပိညှပ်နေသော ယာဉ်အား ယနေ့ နံနက် ၉နာရီခန့်တွင် ဆယ်ယူခြင်းလုပ်ငန်း စတင်ကာ နံနက် ၁၁ နာရီခန့်တွင် ဆွဲထုတ်ခဲ့ကြပြီး မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်မှသာ ကုန်းပေါ်သို့ ဆယ်ယူနိုင်ခဲ့သည်။

မေ ၁ ရက်က ရန်ကုန်ဘက်မှ ကြက်စာ၊ ငါးမှုန့်အိတ် များ တင်ဆောင်လာသော မြောင်းမြမြို့နတ်စင်လမ်းနေ ဦးအောင်ကြီး အပိုင် 2J/.... NISSAN အဖြူရောင် ၆ ဘီးကုန်တင်ယာဉ်သည် မြောင်းမြတံတားအပေါ် ဖြတ်မောင်းစဉ် မြောင်းမြဘက်ကမ်း ချဉ်းကပ်ခုံမှ ဆိုင်းကြိုးများပြတ်ကာ တံတားကြိုးပြတ်ကျမှုဖြစ်ပြီး ကုန်တင်ယာဉ်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ပါ ပြုတ်ကျသေဆုံးမှု ဖြစ်ခဲ့ကာ ယနေ့တွင် ယင်းကုန်တင်ယာဉ်အား ရှာဖွေဆယ်ယူရရှိခြင်းဖြစ်သည်။

မြောင်းမြကြိုးတံတားပြတ်ကျပြီး လေးရက်အကြာ မြစ်ကိုဖြတ်ကူးရန် ဇက်ရေယာဉ်တစ်စင်းဖြင့် မေ ၄ ရက်မှ စတင်ကာ ပြေးဆွဲပေးနေပြီဖြစ်သည်။ **(ဓါတ်ပုံ)**

အိမ်စီးမော်တော်ယာဉ်ငယ်များနှင့် ယာဉ်လတ်များကို ဦးစားပေး သယ်ဆောင်ကူးပို့ပေးလျက်ရှိပြီး မေ ၅ ရက်တွင်လည်း ဇက်ရေယာဉ်သုံးစင်းဖြင့် မော်တော်ယာဉ်များကို သယ်ယူပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် လောလောဆယ်တွင် ဇက်ကူးမှုအတွက် အခမဲ့ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**

ဟင်းစားရှာထွက်သော မြို့တိုင်းရင်းသူ အမျိုးသမီးတစ်ဦး အသတ်ခံရ

မောင်တော မေ ၄

ဟင်းစားရှာထွက်သော မြို့တိုင်းရင်းသူ အမျိုးသမီးတစ်ဦး ဘော်တလာ ကျေးရွာအနီးတွင် အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ လေးမြို့ကေဒီကျေးရွာသူ ဒေါ်ဆောင်ရွေး (၄၀ နှစ်) ဖြစ်ပြီး မောင်တောမြို့နယ် ခမောင်းဆိပ်ကျေးရွာ၌ ခေတ္တလာရောက်နေထိုင်သူဖြစ်ကြောင်း သိရသည်။ ၎င်းသည် ယနေ့နံနက် ၁၁ နာရီခန့်တွင် ခမောင်းဆိပ်ကျေးရွာနေ မြို့တိုင်းရင်းသား၊ တိုင်းရင်းသူခုနစ်ဦးတို့နှင့်အတူ ဘော်တလာကျေးရွာဘက်သို့ ဟင်းစားရှာရန် ထွက်ခွာခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် ဘော်တလာကျေးရွာ ရွှေဖံချောင်းအနီး၌ ဓားရှည်နှင့် သံတုတ်ကိုယ်စီကိုင်ဆောင်ထားသော အကြမ်းဖက်သမားသုံးဦးက လိုက်လံထိုးခုတ်ရိုက်နှက်သောကြောင့် ခမောင်းဆိပ်ကျေးရွာသို့ ပြန်လည်ထွက်ပြေးခဲ့ကြောင်း သိရသည်။

ပြန်လည်ထွက်ပြေးလာသည့် မြို့တိုင်းရင်းသား၊ တိုင်းရင်းသူ ၈ ဦးအနက် အမျိုးသား ၃ ဦး၊ အမျိုးသမီး ၃ ဦးမှာ ကျေးရွာသို့ ပြန်လည်ရောက်ရှိခဲ့ပြီး အမျိုးသမီး ၂ ဦးမှာ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် လိုက်လံရှာဖွေခဲ့ရာ ဘော်တလာကျေးရွာအနီးတွင် ဒေါ်ဆောင်ရွေးအား ဦးခေါင်းပြတ်ရဒဏ်ရာ ၄ ချက်ဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကျန်ပျောက်ဆုံးနေသည့် ဒေါ်မွေရွေးအား ဆက်လက်ရှာဖွေရာ ယနေ့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး လူသတ်မှုဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့ရှာဖွေမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်သူထက်

ယာဉ်ထိုင်ခုံအောက် အံဝှက်ပြုလုပ်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးဖြစ်စများ ဖမ်းမိ

နေပြည်တော် မေ ၄ -တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၄၅ စီး၊ သွင်းကုန် ၉၇၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၄၆ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၀၇ သန်းခန့်၊ စုစုပေါင်းတားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၉၆၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၃ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် တိုယိုတာကရောင်း ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ထိုင်ခုံအောက်တွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားမဝင် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဖြစ်စ ဆိုက်စုံ ၁၅၅ တုံး၊ ၃၁၈ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၄ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ငြိမ်းချမ်းသော မြန်မာသစ်ကဗျာများ ထွက်ရှိ

နေပြည်တော် ဧပြီ ၄

ကဗျာဆရာ မျိုးမြတ်မြတ်မြင့်မောင်၏ လက်ရာ "ငြိမ်းချမ်းသော မြန်မာသစ်ကဗျာများ" စာအုပ် ပထမအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ စာအုပ်တွင် ငြိမ်းချမ်းသော မြန်မာသစ်ကဗျာစု၊ ရွှေရတုဆုတောင်း ကဗျာစု၊ ပြည်သူနှင့်အတူ ကဗျာစု၊ သံမဏိစိတ်ထား၏ နှလုံးသားသစ္စာ၊ ဘူတာ ရုံမှ အလွမ်းပွဲ ကဗျာစု၊ ဟိုစဉ်တုန်းက သက်ထားပျိုကဗျာစု၊ မြို့ပြထဲက ကဗျာတစ်ပုဒ် ကဗျာစုနှင့် ဝန်ထမ်းတစ်ဦး၏ ဒိုင်ယာရီကဗျာစု စသည်ဖြင့် ကဗျာစုအလိုက် ဖော်ပြထားပြီး ကဗျာအပုဒ်ပေါင်း ၉၀ ပါရှိသည်။

နှစ်လိုဖွယ်ရှိစေမည်

ကဗျာဆရာအနေဖြင့် ကဗျာများကို သူ၏ဘဝအတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး အသိ၊ အမြင်၊ အတွေး၊ အပြုအဖွဲ့၊ အနွဲ့တို့ဖြင့် စေတနာ၊ မေတ္တာ အရင်းခံထားကာ ရေးဖွဲ့ထားပြီး ကဗျာပရိသတ်များကို ကဗျာရနံ့ ထုံမွမ်းသင်းပျံ့နှစ်လိုဖွယ်ရှိစေမည်ဖြစ်သည်။

ငြိမ်းချမ်းသော မြန်မာသစ်ကဗျာများစာအုပ်ကို တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

မြန်မာ့အလင်း

KBZ Bank Women' League ပြိုင်ပွဲတွင် မြဝတီအသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၉) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်းက YREO အသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

မြဝတီအသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ၂၅၊ ၄၆၊ ၈၄၊ ၉၀+၁၊ ၉၀+၂ မိနစ်တွင် သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးကို ၅၂ မိနစ်တွင် အေးမျိုးမြတ်က သွင်းယူခဲ့သည်။ **ရဲရင့်ရှိန်း**

ဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလား ဖူဆယ်ပြိုင်ပွဲ MIC အသင်းဗိုလ်စွဲ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့မွန်းလွဲ ၁ နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ MIC အသင်း ဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲတွင် MIC အသင်းနှင့် VUC အသင်းတို့အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ပြီး MIC အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ တတိယနေရာလုပွဲတွင် RDZ အသင်းက Titans XII အသင်းကို ရှစ်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ဗိုလ်လုပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဒိုင်လူကြီးများ၊ အကောင်းဆုံးဂိုးသမားဆုရသည့် ကျော်ထက်အောင် (MIC) အား ဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်း၊ အကောင်းဆုံးကစားသမားဆုရ ငြိမ်းမင်းစိုး (VUC) အား ဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်း၊ အသန့်ရှင်းဆုံး အသင်းဆုရ Titans XII အသင်း အား ဆုဖလားနှင့် ငွေကျပ်ငါးသိန်း၊ စတုတ္ထဆုရ Titans XII အသင်းအား ဆုကြေး ငွေကျပ် ၁၀ သိန်း၊ တတိယဆုရ RDZ အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ်သိန်း ၂၀၊ ဒုတိယဆုရ VUC အသင်းအား တစ်ဦးချင်းဆု တံဆိပ်နှင့် ဆုကြေး ငွေကျပ်သိန်း ၃၀၊ ပထမဆုရ MIC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ်သိန်း ၅၀၊ ချန်ပီယံဆုဖလားအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ MIC အသင်းသည် ယခုပြိုင်ပွဲတွင် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ ပွဲတိုင်းအနိုင်ရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-စိုးညွန့်

မြန်မာ့ရုပ်မြင်သံကြား ၅-၄-၂၀၁၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၆:၀၀ - တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒုတိယ(၁) နှစ်တာ)
- ၉:၁၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **မွေချက်ကတော့ လွန်လွန်းတယ်** (နေတိုး၊ သက်မွန်မြင့်၊ ယွန်းရွှေရည်) ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)
- ၉:၂၅ - လုပစုံလင် အာဆီယံတစ်ခွင်
- ၁၀:၃၀ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၁:၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ **သူငယ်ချင်း**
- ၁၂:၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၈)
- ၁၃:၀၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-1) (ရန်ကုန်မြို့ ပွဲစဉ်-၂) (ဒုတိယပိုင်း)

ညပိုင်း

- ၁၆:၃၅ - **ရှမ်းပြည်နယ်တောင်ပိုင်းခရီး သွားမြှင့်တင်ရေး** (အပိုင်း-၆)
- ၁၇:၅၀ - **အေးချမ်းပျော်ရွှင် မဟာသင်္ကြန်တွင်း** (အပိုင်း-၄)
- ၁၉:၁၅ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၉) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- ၂၀:၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား)

အမည်မှန်

မိတ္ထီလာမြို့၊ စက်မှုလယ်ယာဇဟိုသင်တန်းကျောင်း၊ ဝန်ထမ်းအိမ်ရာနေ ဦးဆန်းဝင်း၏ အမည်မှန်မှာ ဦးကျော်ဆန်းဝင်း ၉/မထလ(နိုင်)၀၉၂၉၈၆ ဖြစ်ပါကြောင်း။ **ဦးကျော်ဆန်းဝင်း**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြင်ဦးလွင်မြို့နယ်တရားရုံး
၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၉

ဒုတိယဗိုလ်မှူးကြီး ကြည်သိန်း(ငြိမ်း) **နှင့်** ၁။ ဦးအောင်မျိုးဦး
၂။ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)

တရားလို **တရားပြိုင်များ**

ပြင်ဦးလွင်မြို့နယ်။ (FF-180)မြနန္ဒာရပ်၊ ရပ်ကွက်ကြီး(၁၀)နေ ဦးအောင်မျိုးဦး (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အိမ်မြေအကျိုးခံစားခွင့်များ အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ခုနှစ်၊ ဧပြီ၊ ၃၀ရက်(၁၃၈၀ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ ဧပြီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လင်းအောင်သူ)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ မျက်နှာပန်းရွာနေ ကျွန်မ ဒေါ်ခင်အေးစန်း ၅/ဝလန(နိုင်)၀၀၀၃၅၀၏သား မိုးသက်ထွန်းသည် မိခင်၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို(လုံးဝ)တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ခင်အေးစန်း

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရန်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းနှင့် ဓာတ်အားလိုင်းနှင့်ဓာတ် အားခွဲရုံများတည်ဆောက်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၀-၄-၂၀၁၈ရက်မှ ၃၀-၄-၂၀၁၈ရက်
၃။ **နောက်ဆုံးတင်ဒါတင်သွင်းရမည့်ရက်** - ၉-၅-၂၀၁၈ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၉-၅-၂၀၁၈ရက် ၁၄:၀၀နာရီ
၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့။
၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး
ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့
ဖုန်း-၀၇၁-၂၂၈၁၇

လင်မယားအဖြစ်မှ
တရားဝင်ကွာရှင်းပြီးဖြစ်ကြောင်း
အများသိစေရန်ကြော်ငြာခြင်း

မော်လမြိုင်မြို့၊ ငန်းတေးလမ်း၊ ဖက်ခင်းရပ်၊ အမှတ် ၉၆နေ ကျွန်မဒေါ်အေးဝင်း ၁၀/ကမရ(နိုင်)၀၆၂၉၇၉ နှင့် ဦးသန်းဦး(ခ)ပန်းဦး ၃/ဘအန(နိုင်) ၂၀၈၉၇၃တို့သည် ၁၀-၇-၂၀၁၇ ရက်စွဲပါ တရားရုံး၏ အမိန့်ဒီကရီဖြင့် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ဦးသန်းဦး(ခ)ပန်းဦးမှာ ကျွန်မနှင့် လုံးဝ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးဝင်း ၁၀/ကမရ(နိုင်)၀၆၂၉၇၉

ဖိတ်ကြားလွှာ

၉-၄-၂၀၁၈ရက်တွင် ကျရောက်သော စစ်တက္ကသိုလ်အမှတ်စဉ်(၃၄) ဗိုလ်လောင်းသင်တန်းကျောင်းဆင်းငွေရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို ၈-၄-၂၀၁၈ရက် နှင့် ၉-၄-၂၀၁၈ရက်များတွင် ပြင်ဦးလွင်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများနှင့် မိသားစုဝင်များစုံညီစွာ တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် - ဖုန်း-၀၉-၅၃၂၁၉၂၁၊ ၀၉-၃၄၉၀၀၃၆၅၁၊ ၀၉-၂၀၄၆၀၁၅

ငွေရတုကျင်းပရေးကော်မတီ
စတသ(၃၄)

ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိ အနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၂၇)၊ ဧရိယာ(၅ဒသမ၀၀)ဧက၊ ငွေဆင်ကျောက်မျက်ရတနာ ကုမ္ပဏီအမည်ပေါက် ပါမစ်မြေကွက်အားဦးမျိုးမင်းစိုး (ဘ)ဦးစိုးမြင့် ၁၃/တကန(နိုင်)၁၄၆၆၄၃မှ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ မြေနေရာချထားကြောင်း အကြောင်းကြားစာနှင့် ၂၀-၃-၂၀၁၈ရက် ငွေဆင်ကျောက်မျက်ရတနာကုမ္ပဏီ၌ ပြုလုပ်သော ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်းတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ(၄)လမ်းနေ ဖခင်ဦးမြင့် လွင် ၁၂/မရက(နိုင်)၀၂၀၃၅၇နှင့် မိခင် ဒေါ်လေးလေးခက် ၁၂/မရက(နိုင်)၀၂၁၇၇၈တို့၏သား မောင်ဝင်းခိုင် ၁၂/ကမရ(နိုင်)၀၅၉၁၃၇သည် မိဘများ၏ဆုံးမစကားအားနာခံခြင်းမပြုသည့်အပြင် မိဘများအပေါ် ရန်သူသဖွယ်ပြုမူမှုများ ပြုလုပ်လာသည့်အတွက် ၄-၄-၂၀၁၈ရက်မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ **(စုံစမ်းမေး မြန်းခြင်းသည်းခံပါ။)**

ညွှန်ကြားချက်အရ
ဦးမင်းဆွေ(B.A,R.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၁/၈၁)
အမှတ်(၈၃)၊ အခန်း(၁၄/A)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၉၇၅၁၉၆၃၇၈၊ ၀၉-၅၁၉၆၃၇၈

မြေကွက်ရောင်းမည်

သဃ်န်းကျွန်း၊ (ခ)ရပ်ကွက် ၅၀×၁၀၀ ပေ မြေသီးသန့် ဘိုးဘွားမြေ အရှုပ်အရှင်းကင်း။

ဖုန်း-၀၉-၅၀၅၇၈၇၃

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ တတိယနှစ် (Botany)မှ မသိမ့်ဖူးငုံကျော်နှင့် အထက(၄)၊ ပဉ္စမတန်း(B)မှ မသက်ဖူးငုံကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးခင်လှိုင်(ခ)ဦးကျော်ငွေး ၁၄/ကလန(နိုင်)၀၀၅၄၁၈ ဖြစ်ပါကြောင်း။

ဦးခင်လှိုင်(ခ)ဦးကျော်ငွေး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/5871Honda Fit GD1, Hatch Back(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူလင်း ၁၂/အစန(နိုင်)၀၀၀၂၁၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

အမြန်ရောင်းမည်

ငရုတ်ကောင်းကမ်းခြေ Sea View နေရာကောင်း၊ ကမ်းခြေရေတိမ်၊ ကျောက်ဆောင်မရှိ၊ ကမ်းခြေသဲသောင်ပြင်ကျယ်၊ မြေအကျယ် ဧက (၁၀၀) နီးပါး ပုံစံ(7)ကျပြီး မြေပိုင်ရှင် အမည်ပေါက်မှ ဝယ်သူသို့ တိုက်ရိုက် ရောင်းမည်။ ဈေးတင်ရိုက်ခြင်း လုံးဝ လက်မခံပါ။ ပွဲစား မလိုပါ။ ဖုန်း - ၀၉၇၃၁၅၁၂၃၆

ရုရှားက တူရကီနိုင်ငံသို့ အက်စ်-၄၀၀ ဒုံးပျံကာကွယ်ရေးစနစ်များ လွှဲပြောင်းပေးမည်

အန်ကာရာ ဧပြီ ၄

တူရကီနိုင်ငံသို့ အက်စ်-၄၀၀ ဒုံးပျံကာကွယ်ရေးစနစ်များ လွှဲပြောင်းပေးရန် ရုရှားနှင့် တူရကီနိုင်ငံတို့ကြား သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း ဧပြီ ၃ ရက်က ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်က ထုတ်ဖော်ပြောကြားခဲ့သည်။

တူရကီနိုင်ငံ အန်ကာရာမြို့၌ တူရကီသမ္မတ အာဒိုဂန်နှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သမ္မတပူတင်က နှစ်နိုင်ငံဆက်ဆံရေးသည် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာကြောင်း ပြောကြားခဲ့သည်။

အက်စ်-၄၀၀ ဒုံးပျံကာကွယ်ရေးစနစ်များ ဝယ်ယူရေးအတွက် ရုရှား-တူရကီ နှစ်နိုင်ငံကြား ငွေချေးသဘောတူညီမှုတစ်ခု လက်မှတ်ရေးထိုးပြီး သုံးလအကြာ လာမည့်စက်တင်ဘာလတွင် အက်စ်-၄၀၀ ဒုံးပျံကာကွယ်ရေးစနစ်များ ပေးပို့သွားရန် ရုရှားနိုင်ငံက သဘောတူခဲ့သည်ဟု တူရကီက ပြောခဲ့သည်။

လွန်ခဲ့သည့် မတ်လက ပြုလုပ်သော ရွေးကောက်ပွဲတွင် ရုရှားနိုင်ငံ သမ္မတအဖြစ် ဗလာဒီမာပူတင်အား ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရပြီးနောက် ပထမဆုံးပြည်ပခရီးစဉ်အဖြစ် တူရကီနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းကို တူရကီသမ္မတအာဒိုဂန်က ကြိုဆိုခဲ့သည်။

“ ဒါဟာ တူရကီ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးအတွက် အကောင်းဆုံးဖော်ပြချက်ပါပဲ”ဟု အာဒိုဂန်က ပြောခဲ့သည်။ ဆီးရီးယားအရေးနှင့် အကြမ်းဖက်တိုက်ဖျက်မှုများ ဆက်လက်လုပ်ဆောင်ရေးသည် တူရကီနှင့် ရုရှားတို့၏ တူညီသော ဘုံရပ်တည်ချက်များဖြစ်ကြောင်း အာဒိုဂန်က ဆက်လက်ပြောကြားခဲ့သည်။

ထို့အတူ တူရကီတောင်ပိုင်း မာဆင်ပြည်နယ်ရှိ အက်ကူရာ၌ ရုရှားနိုင်ငံ၏ ရိုစ့်တမ်မှ လာရောက်တည်ဆောက်နေသော ပထမဆုံးနျူကလီးယားစွမ်းအင်အစီအစဉ်အတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

နှစ်နိုင်ငံသမ္မတများနှင့် ဝန်ကြီးများ တက်ရောက်သော တူရကီနှင့် ရုရှား နှစ်နိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်အဆင့် ပူးပေါင်းဆောင်ရွက်မှုကောင်စီ ဆွေးနွေးပွဲကို နှစ်ဖက်ကိုယ်စားလှယ်များမှ ဧပြီ ၃ ရက်က ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ဆင်ဟွာ

ဆော်ဒီအာရေဗျတွင် မိမိကြင်ရာဖြစ်သူ၏ဖုန်းအား စုံစမ်းထောက်လှမ်းခြင်းသည် ပြစ်မှုမြောက်

ရီယာ့ဒ် ဧပြီ ၄

ဆော်ဒီအာရေဗျတွင် မိမိကြင်ရာဖြစ်သူ၏ဖုန်းအား စုံစမ်းထောက်လှမ်းခြင်းသည် ပြစ်မှုမြောက်ကြောင်းနှင့် ထောင်ဒဏ်ကျခံရနိုင်ခြင်း သို့မဟုတ် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၁၃၃၀၀၀ နှင့်အထက် ပေးဆောင်ရနိုင်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဧပြီ ၄ ရက်က ဖော်ပြခဲ့သည်။

ဆိုက်ဘာပြစ်မှုဆန့်ကျင်ရေးဥပဒေအသစ်သည် ခွင့်ပြုချက်မရှိဘဲ ထောက်လှမ်းခြင်း သို့မဟုတ် ကွန်ပျူတာမှတစ်ဆင့် အချက်အလက်ကူးယူခြင်း သို့မဟုတ် တစ်စုံတစ်ဦးအား ရည်ရွယ်ချက်ရှိရှိဖြင့် ကွန်ပျူတာအတွင်း ဝင်ရောက်ခိုးခြောက်ခြင်း သို့မဟုတ် ငွေညှစ်ခြင်းများ စသည်ဖြင့် လုပ်ဆောင်မှုများမှာ ပြစ်မှုမြောက်ကြောင်း သတ်မှတ်လိုက်ခြင်းဖြစ်သည်။

လူမှုမီဒီယာများတိုးတက်လာခြင်း၏ အကျိုးဆက်ကြောင့် အကောင့်ဟတ်ခံရခြင်းမျိုးမဟုတ်တော့ဘဲ ငွေညှစ်ခြင်း၊ အလွဲသုံးစားလုပ်ခြင်းနှင့် အသရေဖျက်ခြင်းကဲ့သို့ ဆိုက်ဘာပြစ်မှုများလည်း တိုးလာခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၎င်းဥပဒေသည် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်း၏ ကိုယ်ကျင့်တရားများကို ကာကွယ်ရန်နှင့် လုံခြုံရေးကိုကာကွယ်ရန် ရည်ရွယ်ပြီး အမျိုးသားရော အမျိုးသမီးပါ အကျုံးဝင်မည်ဖြစ်ကြောင်း အစိုးရက ပြောကြားခဲ့သည်။

သို့သော်လည်း ထိုဥပဒေမှာ နောက်ဆုံးတွင် အမျိုးသားများအတွက် ပိုမိုအကာအကွယ်ပေးနိုင်ကြောင်း၊ အမျိုးသမီးများအတွက် ၎င်းတို့၏ ခင်ပွန်းများက မတော်မတရားပြုကြောင်း စွပ်စွဲမှုများအတွက် သက်သေပြရန် ပိုမိုခက်ခဲနိုင်ကြောင်း ကန့်ကွက်သူအချို့က ပြောခဲ့သည်။ ဆော်ဒီအာရေဗျ၏ ဆိုရှယ်မီဒီယာမှာ တဖြည်းဖြည်း လူသိများလာခဲ့ကာ ၂၀၁၇ ခုနှစ် တတိယလေးလပတ်အတွင်း နိုင်ငံ၏ စုစုပေါင်းလူဦးရေ ၇၅ ရာခိုင်နှုန်းသည် ဆိုရှယ်မီဒီယာအသုံးပြုသူများဖြစ်လာခဲ့ကြောင်း သိရသည်။ ဆိုရှယ်မီဒီယာများအနက် WhatsApp မှာ လူသုံးအများဆုံးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



အမေရိကန်-မက္ကဆီကို နယ်စပ်တံတိုင်းကာရံခြင်း မပြီးဆုံးခင် တပ်ဖွဲ့တစ်ဖွဲ့ချထားလိုကြောင်း ဒေါ်နယ်ထရန့်ပြော

ဝါရှင်တန် ဧပြီ ၄

အမေရိကန်-မက္ကဆီကို နယ်စပ်တံတိုင်းကာရံခြင်း မပြီးဆုံးခင် အဆိုပါနေရာ၌ တပ်ဖွဲ့တစ်ဖွဲ့ချထားလိုကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဧပြီ ၃ ရက်က ပြောခဲ့သည်။

မိမိတို့၏ နယ်စပ်ကို လုံခြုံရေးအတွက် တပ်ဖွဲ့တစ်ဖွဲ့ ချထားမည် ဖြစ်ကြောင်း ထရန့်က အိမ်ဖြူတော်တွင် လစ်သူရေးနီးယား၊ လတ်ဗီးယားနှင့် အက်စတိုးနီးယားနိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

“တံတိုင်းတည်ဆောက်ပြီး လုံလုံခြုံခြုံဖြစ်တဲ့အချိန်အထိ နယ်စပ်မှာ တပ်ဖွဲ့တစ်ဖွဲ့ချထားမှာ ဖြစ်ပါတယ်၊ ဒါဟာ သိပ်ကိုကြီးမားတဲ့ ခြေလှမ်းတစ်ရပ်ပါပဲ” ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။

အဆိုပါ စိတ်ကူးနှင့်ပတ်သက်ပြီး အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်နှင့်လည်း ဆွေးနွေးခဲ့ကြောင်း ထရန့်က ပြောကြားခဲ့သည်။ ထို့အပြင် ဗဟိုအမေရိကနိုင်ငံများ အထူးသဖြင့် ဟွန်ဒူးရပ်စ်နိုင်ငံမှ ဆန္ဒပြသမားများလာရောက်ပြီး အမေရိကန်၌ ခိုလှုံခွင့်ရရှိရန် ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် ချီတက်လာခြင်းအပေါ် ဒေါ်နယ်ထရန့်က ပြင်းထန်စွာ ဝေဖန်ပြောကြားလိုက်သည်။

“ဟွန်ဒူးရပ်စ်နိုင်ငံက လူတွေက မက္ကဆီကိုနိုင်ငံကို ဖြတ်ကျော်ပြီး ဥပဒေစိုးမိုးမှုအားနည်းတဲ့ နယ်စပ်ကို ဦးတည်လာနေကြပါတယ်၊ အဲဒီနေရာကို မရောက်ခင် သူတို့ကို ရပ်တန့်ပစ်လိုက်တာ ပိုကောင်းပါမယ်” ဟု ထရန့်က လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ရေးသားခဲ့သည်။

သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် လွန်ခဲ့သောလက အစိုးရအသုံးစရိတ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံကို လက်မှတ်ရေးထိုးခဲ့ရာတွင် နယ်စပ်လုံခြုံရေးအတွက် အသုံးစရိတ်ငွေ ၁ ဒသမ ၆ ဘီလီယံ ခွင့်ပြုထားကြောင်း သိရသည်။ နယ်စပ်တံတိုင်းတည်ဆောက်ရာတွင် စစ်ဘက်ဆိုင်ရာ ဘတ်ဂျက်ငွေမှ အသုံးပြုရန် အဆိုပြုခဲ့သော်လည်း အဆိုပါအစီအစဉ်အား အမှန်တကယ်အကောင်အထည်မဖော်ခင် နိုင်ငံရေးနှင့် ဥပဒေပြုရေး စိန်ခေါ်မှုများနှင့် ကြုံတွေ့ရဖွယ်ရှိသည်။

ဆင်ဟွာ

ယူကျူရုံးချုပ်တွင် လူလေးဦးသေနတ်ပစ်ခံရပြီး ပစ်ခတ်မှုကျူးလွန်သူဟု သံသယရှိသူ အမျိုးသမီး သေဆုံး

ကယ်လီဖိုးနီးယား ဧပြီ ၄

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ယူကျူရုံးချုပ်၌ လူလေးဦးသေနတ်ပစ်ခံရပြီး ပစ်ခတ်မှုကျူးလွန်သူဟု သံသယရှိသူ အမျိုးသမီးမှာ သေဆုံးသွားကြောင်း ဆန်ဗျူနိုရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သေနတ်ထိမှန်ခဲ့သူ သုံးဦးကို ဒေသတွင်းဆေးရုံသို့ ပို့ဆောင်ထားကြောင်းနှင့် စတုတ္ထမြောက် ကိုယ့်ကိုယ်ကိုယ်သေနတ်ထိမှန်သူအမျိုးသမီးမှာ အခင်းဖြစ်ပွားရာနေရာတွင်ပင် သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သေနတ်ထိမှန်ခဲ့သည့် အသက် ၃၆ နှစ်အရွယ်အမျိုးသားမှာ စိုးရိမ်ရကြောင်းသိရပြီး ၃၂ နှစ်အရွယ်အမျိုးသမီးမှာ ဒဏ်ရာအပြင်းအထန်ရရှိကာ၊ အသက် ၂၇ နှစ်အရွယ်အမျိုးသမီးမှာ ဒဏ်ရာအသင့်အတင့်ရရှိခဲ့ကြောင်း ဇူကာဘတ်ဆန်ဖရန်စစ္စကို အထွေထွေဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ ဘရန့်အန်ဒရူးက ပြောခဲ့သည်။

သေနတ်ပစ်ခတ်မှုကျူးလွန်ကြောင်း သံသယရှိသူမှာ အမျိုးသမီးဖြစ်ကြောင်း၊ ၎င်း၏အမည်မှာ နာဆင်နာဂျာဗီအက်ဒမ် ဖြစ်ကြောင်း၊ သူမသည် အသက် ၃၉ နှစ်အရွယ်ရှိကြောင်း ဆန်ဗျူနိုရဲချုပ် အက်ဘာဘာရီနီက ပြောခဲ့သည်။

အက်ဒမ်သည် ယူကျူပေါ်သို့ ဗီဒီယိုဖိုင်တစ်ခုကို လွှန်ခဲ့သည့် ဇန်နဝါရီလကတင်ခဲ့ရာ ၎င်း၏ ဗီဒီယိုမှာ စိစစ်ခြင်းခံခဲ့ရပြီး ကြည့်ရှုသူအနည်းငယ်သာရရှိခဲ့သောကြောင့် ယူကျူအပေါ် မကျေမနပ်ဖြစ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ၎င်းက အဒွေါ်ဟစ်တလာ၏ ဆိုရိုးစကားတစ်ခုကိုလည်း လက်ကိုင်ပြုကာ ယူကျူအပေါ် ဝေဖန်ခဲ့ကြောင်း သိရသည်။

ယူကျူက ၎င်း၏ ဗီဒီယိုကို စိစစ်လိုက်သည့်အတွက် စိတ်ဆိုးခဲ့သည်ဟု ၎င်း၏ ဖခင်ဖြစ်သူ အစ္စမေးလ်က ဒေသတွင်း အမေရိကန်မီဒီယာများကို ပြောခဲ့သည်။ အက်ဒမ်သည် ကိုယ်ခန္ဓာအလှအပထိန်းသိမ်းသူတစ်ဦး ဖြစ်ရုံမက အနုပညာရှင်နှင့် ရက်ပါတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

ယူကျူရုံးချုပ်တွင် ပစ်ခတ်မှုစတင်ဖြစ်ပွားပြီးနောက် ရာပေါင်းများစွာသော ဝန်ထမ်းများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြကြောင်းသိရသည်။ အဆိုပါဖြစ်ရပ်သည် အလွန်တရာဝမ်းနည်းစရာကောင်းသောကိစ္စဖြစ်ကြောင်း၊ ယခုကဲ့သို့ ရုန်းရင်းဆန်ခတ်ဖြစ်ရပ်တွင် လူများလည်း ဒဏ်ရာများရရှိခဲ့ကြောင်း ဂူဂဲလ်အမှုဆောင်အရာရှိချုပ် ဆန်ဒါပီချိုင်က ပြောခဲ့သည်။

ဆင်ဟွာ

နိုင်ငံတကာ သတင်းတိုထွာ

အယ်လ်ရှာဘတ်အစွန်းရောက်အဖွဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ကို တိုက်ခိုက်ရာ လေးဦးသေဆုံး

နိုင်ရိုဘီ မေ ၄

အယ်လ်ရှာဘတ် အစွန်းရောက်အဖွဲ့အစည်းက ဆိုမာလီယာနိုင်ငံတောင်ပိုင်းရှိ အာဖရိက သမဂ္ဂ စစ်အခြေစိုက်စခန်းတစ်ခုကို မကြာသေးမီက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်သားလေးဦးထက်မနည်း သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယူဂန္ဒာစစ်သားများ စောင့်ကြပ်သည့် အာဖရိကသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၏ စစ်အခြေစိုက်စခန်းတစ်ခုတွင် မေ ၁ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုနှစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ ဗုံးပေါက်ကွဲပြီးနောက် လက်နက်ကိုင် ၁၀၀ ကျော်က လက်ပစ်ဗုံးများ၊ စက် သေနတ်များဖြင့် စစ်စခန်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ စခန်းအတွင်းရှိ ငြိမ်းချမ်းရေး စစ်သားများက ချက်ချင်းပြန်လည်ခုခံမှု ပြုလုပ်ခဲ့သောကြောင့် ယူဂန္ဒာစစ်သားလေးဦး သေဆုံးပြီး အနည်းဆုံး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လက်နက်ကိုင် ၂၀ ကျော်ကိုလည်း သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း ဆိုမာလီယာစစ်တပ်ပြောရေးဆိုခွင့်ရှိသူ ဟက်ခ်ဆန်က ပြောကြားခဲ့သည်။

ဆိုမာလီယာအယ်လ်ရှာဘတ်သည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်စပ်နေသည့် အစွန်းရောက်အဖွဲ့ဖြစ်ပြီး ယခုနှစ်ပိုင်းများတွင် ဆိုမာလီယာနှင့် အနီးတစ်ဝိုက်ရှိ နိုင်ငံများကို အကြမ်းဖက် တိုက်ခိုက်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

ဆိုမာလီယာ၏ ငြိမ်းချမ်းရေးနှင့် ဆိုမာလီယာပြည်သူလူထုအား လူသားချင်း စာနာထောက်ထားမှုအကူအညီများ ပေးရန် အာဖရိကသမဂ္ဂက ၂၀၀၇ ခုနှစ်တွင် ဆိုမာလီအခြေစိုက် အာဖရိက သမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ကို စေလွှတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

ဗီရာခရုဇ်ပြည်နယ်၌ ထောင်တွင်းဆူပူမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံး

မက္ကဆီကိုစီးတီး မေ ၄

မက္ကဆီကိုနိုင်ငံ အရှေ့ပိုင်း ဗီရာခရုဇ်ပြည်နယ်၌ မကြာသေးမီက ထောင်တွင်းဆူပူမှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့ကြောင်း အစိုးရအာဏာပိုင်များက ပြောခဲ့သည်။ လာတိုမာအကျဉ်းထောင်ရှိ အကျဉ်းသား ၁၃၀၀၀နီးကျင်ခန့်သည် အကျဉ်းထောင်ညွှန်ကြားရေးမှူးနှင့် အကျဉ်းထောင်လုံခြုံရေးမှူးအား ရာထူးမှ နုတ်ထွက်ရန် တောင်းဆိုရာမှစကာ ထောင်ဆူပူမှုစတင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဗီရာခရုဇ် အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အကျဉ်းထောင် အတွင်းသို့ ဝင်၍ အခြေအနေအား ထိန်းသိမ်းရန် ကြိုးစားစဉ် အကျဉ်းသားများက ခေါင်းအုံးများကို မီးရှို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အကျဉ်းသားများက ရဲတပ်ဖွဲ့ဝင်များအား ကိရိယာတန်ဆာပလာများဖြင့် တိုက်ခိုက်ခဲ့ကြသော်လည်း ဗီရာခရုဇ်ရှေ့နေချုပ်ရုံး၏ ထုတ်ပြန်ချက်အရ ရဲတပ်ဖွဲ့ဝင်များ သေဆုံးမှုသည် အသက်ရှူမွန်းကျပ်မှုကြောင့် ဖြစ်ကြောင်း ဆိုထားကြောင်း သိရသည်။ **ဆင်ဟွာ**

သူခိုးကို ဓားရိုးကမ်းသူအဖြစ် တူရကီရဲ့ ရှုမြင်ခြင်းကို ခံနေရတဲ့ ပြင်သစ်

ကလျာမိုးမြင့်

ဆီးရီးယားမှာ ရှိနေကြတဲ့ ကာ့ဒ်စစ်သွေးကြွတွေအတွက် အကူအညီအထောက်အပံ့ ပေးအပ်နေတာတွေကို ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ဖော်ပြလိုက်ပြီးနောက် တူရကီနဲ့ ပြင်သစ်နှစ်နိုင်ငံအကြားမှာ တင်းမာမှုတွေ ပေါက်ဖွားလာခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကာ့ဒ်စစ်သွေးကြွတွေဟာ လတ်တလောမှာ တူရကီတပ်မတော်က ထိုးစစ်ဆင်တိုက်ခိုက်နေတဲ့ ပစ်မှတ်တစ်ခုမို့လို့ပါပဲ။

ပြည်သူ့ကာကွယ်ရေးယူနစ်လို့ ခေါ်တဲ့ ဝိုင်ပီဂျီက ဦးဆောင်နေတဲ့ ဆီးရီးယား ဒီမိုကရက်တစ်အင်အားစု (SDF) ကို ပြင်သစ်နိုင်ငံက အထောက်အကူပေးလိုက်ခြင်းဟာ ဝိုင်ပီဂျီကိုတိုက်ခိုက်နေတဲ့ တူရကီကို ဒေါသထွက်စေခဲ့တာ မဆန်းလှပါဘူး။ ဒီအုပ်စုဟာ ဆီးရီးယားမြောက်ပိုင်းမှာရှိနေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် တူရကီက မှတ်ယူထားတဲ့ အဖွဲ့တစ်ဖွဲ့ပါပဲ။

ကာ့ဒ်မျိုးနွယ်စုကိစ္စဟာ ၁၉၈၀ ပြည့်နှစ်များကတည်းက ပြင်သစ်နိုင်ငံအတွက် အတော်လေးကို အစဉ်အလာကျတဲ့ မူဝါဒတစ်ခုဖြစ်နေပါတယ်။ အဲဒီအချိန်က အီရတ်နိုင်ငံသား ကာ့ဒ်မျိုးနွယ်စုတွေဟာ ဘဂ္ဂဒက်ကနေ ပပျောက်သွားအောင် ဖိနှိပ်ခြင်းခံခဲ့ရတဲ့ ပစ်မှတ်တွေဖြစ်ခဲ့ပြီး နောက်ပိုင်းမှာ ဆက်ဒမ်ဟူစိန်က နိုင်ငံကို ဦးဆောင်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ အမေရိကန်တပ်ဖွဲ့ဝင်တွေက ၎င်းရဲ့နိုင်ငံကို ကျူးကျော်ဝင်ရောက်လာခဲ့ပြီး နောက်မှာတော့ ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချပြီး ကွပ်မျက်လိုက်ပါတယ်။

တူရကီသမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်က နေတိုးမဟာမိတ်အဖွဲ့ဝင်တွေရဲ့ သဘောထားကို ပြတ်ပြတ်သားသားနဲ့ ရင့်ရင့်သီးသီးပုတ်ခတ်ပြောဆိုနေတဲ့အချိန်မှာ ဆီးရီးယားရှိ ကာ့ဒ်စစ်သွေးကြွတွေကို ပြင်သစ်သမ္မတ မက်ခရွန်ရဲ့ အကူအညီပေးအပ်မှုက အန်ကာရာကို မမျှော်လင့်ဘဲ ရုတ်တရက် အံ့အားသင့်သွားစေခဲ့တာ အမှန်ပါပဲ။ ဝိုင်ပီဂျီကို ဒီလို ကူညီတဲ့ အတွက်လည်း ပြင်သစ်နိုင်ငံဟာ ပစ်မှတ်တစ်ခု မချိန်မရွယ်ဖြစ်လာနိုင်တယ်လို့ သောကြာနေ့မှာ တူရကီသမ္မတက သတိပေးလိုက်ပါတယ်။

ဒီလိုအပြုအမူကြောင့် ပြင်သစ်ဟာ ဆီးရီးယားမှာ အမေရိကန်ရဲ့ ပါဝင်ပတ်သက်မှုနေရာကိုယူဖို့ ကြိုးစားနေသလားလို့တောင် ထင်မြင်လာရစေပါတယ်။ တူရကီအစိုးရနဲ့ အနီးကပ်ပတ်သက်ဆက်နွယ်နေတဲ့ သတင်းရင်းမြစ်တစ်ခုက ပြင်သစ်ဟာ ဆီးရီးယားမှာ လိုအပ်တာထက်ပိုပြီးတော့ ဘောင်ကျော်လာပြီ။ ကျွန်ုပ်တို့က တိုက်ခိုက်နေတဲ့ အုပ်စုတစ်ခုကို အထောက်အပံ့ပေးနေတယ်ဆိုပြီး ကြေညာတာဟာ အကြမ်းဖက်လှုပ်ရှားဆောင်ရွက်မှုတွေမှာ ပါဝင်လာတာပဲ။ ပြီးတော့ ဒီအဖွဲ့ကို ကျွန်ုပ်တို့က ကာ့ဒ်အလုပ်သမားပါတီရဲ့ အပေါင်းအပါတစ်ခုလို့ပဲ မှတ်ယူထားတာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ပီကေကေအဖွဲ့ကို ဥရောပသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စုတို့က အကြမ်းဖက်လှုပ်ရှားမှုအဖွဲ့တစ်ဖွဲ့အဖြစ် စာရင်းသွင်းထားပြီး ဒီအချိန်မှာ အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွတွေကို တိုက်ခိုက်နှိမ်နင်းနေတဲ့ အမေရိကန်ဦးဆောင်သော တိုက်ခိုက်မှုတွေမှာ အထောက်အကူပြုပေးနေတဲ့ ဝိုင်ပီဂျီအဖွဲ့ကတော့ အကြမ်းဖက်အုပ်စုတစ်ခုအဖြစ် ဥရောပသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စုက အကြမ်းဖက်အုပ်စုတစ်ခုအနေနဲ့ စာရင်းသွင်းသတ်မှတ်ခြင်း ခံထားရတဲ့ အဖွဲ့တစ်ဖွဲ့ မဟုတ်ပါဘူး။

ဒါကို လက်မခံနိုင်ပါဘူး။ အစိုးရအဖွဲ့ကရော ပြည်သူတွေကပါ ပြင်သစ်နဲ့ ကျွန်ုပ်တို့နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပြိုလဲသွားစေမယ့် ခုလိုရပ်တည်ချက်မျိုးကို လက်ခံမှာမဟုတ်ဘူး။ ကျွန်တော့်အနေနဲ့ကတော့ ဒီအမှားအယွင်းကို အချိန်မီပြင်ဆင်ရလိမ့်မယ်။ ဒါမှမဟုတ်ရင်တော့ နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်ရုံပဲ ရှိမှာပဲလို့

> "လူသားချင်း စာနာထောက်ထားမှုအကူအညီတွေ ပေးအပ်မယ်၊ ပြီးတော့ ကာ့ဒ်စစ်သွေးကြွတွေနဲ့ အန်ကာရာတို့အကြားမှာ ကြားဝင်စေ့စပ်ညှိနှိုင်းမယ်လို့ ကတိပေးအပ်ခဲ့ကြောင်း ပြောကြားခဲ့ပြီး မက်ခရွန်ရဲ့ အဲဒီကတိပေးအပ်မှုက တူရကီကို ခံပြင်းဒေါသထွက်ပြီး တုံ့ပြန်လာအောင် ဆွလိုက်သလို ဖြစ်သွားခဲ့ပါတယ်"

တူရကီအစိုးရနဲ့ နီးကပ်တဲ့ သတင်းရင်းမြစ်တစ်ခုက အမည်ထုတ်ဖော်ခြင်းမရှိဘဲ ဝေဖန်သုံးသပ် ပြောကြားခဲ့ပါတယ်။

ပြင်သစ်သမ္မတ မက်ခရွန်ဟာ လာမယ့် ကြာသပတေးနေ့မှာ Elysee နန်းတော်မှာ ဝိုင်ပီဂျီအဖွဲ့ဝင်တွေပါဝင်တဲ့ SDF ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးသွားဖို့ ရှိနေပါတယ်။ ကာ့ဒ်မျိုးနွယ်စု အကြီးတန်းအာဏာပိုင်တစ်ဦးက သမ္မတမက်ခရွန်ဟာ မဟာမိတ်အဖွဲ့ရဲ့ ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအနေနဲ့ ဆီးရီးယားကို တပ်ဖွဲ့ဝင်တွေ နောက်ထပ်ပို့မိုစေလွှတ်သွားမယ်။ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ ပေးအပ်မယ်။ ပြီးတော့ ကာ့ဒ်စစ်သွေးကြွတွေနဲ့ အန်ကာရာတို့အကြားမှာ ကြားဝင်စေ့စပ်ညှိနှိုင်းမယ်လို့ ကတိပေးအပ်ခဲ့ကြောင်း ပြောကြားခဲ့ပြီး မက်ခရွန်ရဲ့ အဲဒီကတိပေးအပ်မှုက တူရကီကို ခံပြင်းဒေါသထွက်ပြီး တုံ့ပြန်လာအောင် ဆွလိုက်သလို ဖြစ်သွားခဲ့ပါတယ်။

မက်ခရွန် ပြောကြားခဲ့တာတွေကို ရှင်းလင်းဖို့ သတင်းထောက်တွေနဲ့ စကားပြောဆိုခဲ့ရာမှာ ပြင်သစ်သမ္မတရုံးဆိုင်ရာ သတင်းရင်းမြစ်တစ်ခုက ပြင်သစ်နိုင်ငံဟာ ဆီးရီးယားမြောက်ပိုင်းမှာ နောက်ထပ် ဘယ်လို စစ်ဆင်ရေးအသစ်တစ်ခု ဝင်ရောက်လာတာကိုမှ ကြိုမသိနိုင်ဘူးလို့ ပြောဆိုခဲ့ပါတယ်။ ဒီဖြေရှင်းချက်က တူရကီသမ္မတ အာဒိုဂန်အတွက်တော့ သိပ်မကောင်းလှပါဘူး။ စနေနေ့မှာ အာဒိုဂန်ဟာ ပြင်သစ်ကို ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုဖို့အတွက် အစ္စတန်ဘူလ်မှာ ပြုလုပ်တဲ့ လူထုအခမ်းအနားတစ်ခုကို အခွင့်ကောင်းယူခဲ့ပြန်ပါတယ်။ အာဒိုဂန်က အကယ်၍ တူရကီနဲ့ နေတိုးမဟာမိတ်ဖြစ်နေတဲ့ ပြင်သစ်က အကြမ်းဖက်အဖွဲ့နဲ့ အတူ တစ်ဖက်တည်းဖြစ်ချင်နေတယ်ဆိုရင် နေပါစေ။ အဲဒီအကျိုးဆက်ကိုတော့ ခံစားရမှာပဲလို့ မကျေမချမ်း ပြောကြားခဲ့ပြန်ပါတယ်။

ကျွန်ုပ်တို့က အာဖရင်ကို ကျူးကျော်ခဲ့တယ်လို့ ပြင်သစ်က ပြောနေတယ်။ ဒါဟာ အမှားကြီးမှားနေတဲ့အချက်ပဲ။ ကျွန်ုပ်တို့ဟာ ဆိုးသွမ်းတဲ့ ဝိုင်ပီဂျီအုပ်စုရဲ့ ဖိနှိပ်မှုကနေ အရပ်သားတွေကို လွတ်မြောက်အောင် လုပ်ပေးခဲ့တာလို့ အာဒိုဂန်ကပြောခဲ့ပြီး ပြင်သစ်စက်ရုံ Lafarge ကို ဆီးရီးယားမြောက်ပိုင်းက ကာ့ဒ်စစ်သွေးကြွတွေအတွက် မြေအောက်ဥမင်လိုဏ်ခေါင်းတွေနဲ့ မြေအောက်ဗုံးခိုကျင်းတွေဆောက်ပေးခဲ့တယ်ဆိုပြီး ပြောင်ပြောင်တင်းတင်း ပြစ်တင်ပြောဆိုခဲ့ပါတယ်။

နောက်ပြီး ပြင်သစ်နိုင်ငံကို သိသိသာသာ တုံ့ပြန်သတိပေးတဲ့အနေနဲ့ တူရကီနိုင်ငံပိုင် အနာဒိုလူ သတင်းအေဂျင်စီက ဆီးရီးယားမြောက်ပိုင်းက ပြင်သစ် စစ်အခြေစိုက်စခန်းတည်ရှိရာနေရာကို အသေးစိတ်ဖော်ပြထားတဲ့ တည်နေရာပြမြေပုံကို ပုံနှိပ်ဖော်ပြလိုက်ပါတယ်။ အနာဒိုလူသတင်းအေဂျင်စီရဲ့ ဖော်ပြချက်အရ ပြင်သစ်တပ်ဖွဲ့ဝင် ၇၀ နီးပါးဟာ လတ်တလော ဆီးရီးယားအရှေ့မြောက်ပိုင်းမှာ လုပ်ဆောင်နေတဲ့ စစ်ဆင်ရေးတွေမှာ အကြံပေးအဖွဲ့ဝင်တွေအဖြစ်နဲ့ လှုပ်ရှားနေနိုင်တယ်လို့ သိရပါတယ်။

အာဖရင်ဒေသမှာ တူရကီရဲ့ ကျူးကျော်ဝင်ရောက်မှုနဲ့ ပတ်သက်ပြီး ပြင်သစ်နိုင်ငံဟာ ရင်ထဲက အရှိကို အရှိအတိုင်း အပြောဆုံးဝေဖန်တဲ့ နိုင်ငံတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ တူရကီနဲ့ ပြင်သစ်ဆက်ဆံရေးဟာ မကြာသေးမီနှစ်များအတွင်းမှာ တော်တော်လေးကို ပြဿနာတက်နိုင်တဲ့ ဆက်ဆံရေးအခြေအနေ ဖြစ်လာခဲ့ပါတယ်။ ပြင်သစ်က ဥရောပသမဂ္ဂအဖွဲ့ထဲကို တူရကီဝင်ရောက်လာမှုကို စီးပွားရေးမိတ်ဖက်တစ်ဦးအနေနဲ့ အဆိုပြုလာခြင်းအဖြစ် ထင်မြင်ခဲ့ပါတယ်။ ပြီးတော့ အမေရိကန်ပြည်ထောင်စုအပါအဝင် ပြင်သစ်ဟာ ဆီးရီးယားစစ်ပွဲအရေး၊ အကြီးစားစီးပွားရေးဆိုင်ရာနဲ့ စွမ်းအင်ဆိုင်ရာကိစ္စရပ်တွေမှာ တူရကီက ရုရှားနဲ့ ပြန်လည်သင့်မြတ်မှုတွေ ရရှိလာတာနဲ့ ပတ်သက်ပြီးတော့လည်း စိုးရိမ်နေကြပါတယ်။ စိတ်ဆိုးဒေါသထွက်နေတဲ့ ကာကွယ်ရေးဝန်ကြီး နူရက်တင်ကာနစ်ကလီဟာ စနေနေ့က ပြင်သစ်နိုင်ငံကို ဝေဖန်ရှုတ်ချပြောဆိုရာမှာ ပါဝင်ခဲ့ပြီး ဆီးရီးယားမှာ ပြင်သစ်တပ်ဖွဲ့ဝင်တွေ တိုးပွားလာတဲ့အတွက် သတိပေးလိုက်သလို တပ်ဖွဲ့ဝင်တွေတိုးပွားလာမှုဟာ ကျူးကျော်မှုတစ်ခုအဖြစ် သဘောသက်ရောက်လာနိုင်တယ်လို့ ညွှန်းဆိုခဲ့ပါတယ်။

အကယ်၍ ပြင်သစ်ဟာ တပ်ဖွဲ့ဝင်အင်အားစုတွေကို သုံးပြီး အကြမ်းဖက်အဖွဲ့အစည်းတွေကို ကူညီထောက်ပံ့ပေးဖို့ စဉ်းစားနေတယ်။ အကြမ်းဖက်အုပ်စုတွေကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း အကာအကွယ်ပေးမယ်ဆိုရင် ဘေးဒုက္ခအကြီးအကျယ် ဆိုက်သွားမယ့် ခြေလှမ်းတစ်လှမ်းကို လှမ်းလိုက်တာပဲလို့ ကာကွယ်ရေးဝန်ကြီးက သတိပေးစကား ပြောကြားလိုက်ပါတယ်။ ။ **ကိုးကား- ဆင်ဟွာ**

အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်း

ယမန်နေ့မှအဆက်

(ခ) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် လုံလောက်သောအကြောင်းရင်းရှိပါက အခွန်ပေးဆောင်ရမည့်အချိန်ကို ပုဒ်မခွဲ(က) အရတောင်းခံသည့်အတိုင်း တိုးမြှင့်ပေးနိုင်သည်၊ သို့မဟုတ် အခွန်ထမ်းတောင်းခံသည့်အချိန်နှင့် ကွဲပြားသည့် အချိန်ကာလတစ်ရပ်ကို တိုးမြှင့်ပေးနိုင်သည်။ ထို့အပြင် အခွန်ပေးဆောင်နိုင်စေရန်အလို့ငှာ ပေးဆောင်ရမည့် ပမာဏကို အရစ်ကျပေးဆောင်စေခြင်းကဲ့သို့သော လိုအပ်သည့် အစီအစဉ်များလည်း ပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်က ယင်း၏ဆုံးဖြတ်ချက်ကို စာဖြင့် အကြောင်းကြားခြင်းမပြုလျှင် အခွန်ထမ်း၏ လျှောက်ထားချက်ကို ခွင့်ပြုပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) အခွန်ထမ်းသည် ပုဒ်မခွဲ(က)အရ အခွန်ပေးဆောင်ရမည့်အချိန် တိုးမြှင့်ရရှိစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အတိုးကိုပေးဆောင်ရမည်။

(င) အခွန်ထမ်းအား အခွန်ကိုအရစ်ကျပေးသွင်းရန် ခွင့်ပြုခြင်းအားဖြင့် အချိန်တိုးမြှင့်ခွင့်ပြုပေးသော်လည်း အခွန်ထမ်းက အရစ်ကျပေးသွင်းရာ၌ ပျက်ကွက်ပါက ပေးသွင်းရန်ကျန်ရှိသည့် စည်းကြပ်မှုအရကျသင့်သည့် အခွန်ငွေအားလုံးကို ချက်ချင်းပေးသွင်းစေရမည်။

အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း

၄၅။ (က) အခွန်ပေးဆောင်ရန် နောက်ဆုံးသတ်မှတ်ရက်အထိ အခွန်တစ်ရပ်ကို ပေးဆောင်ခြင်းမရှိပါက ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အခွန်ထမ်းထံသို့ အခွန်ပေးဆောင်ရန် တောင်းခံသည့်အကြောင်းကြားစာကို ပေးပို့နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားစာတွင် အောက်ပါအချက်များကိုဖော်ပြရမည်-

(၁) အခွန်ထမ်း၏အမည်၊

(၂) အကယ်၍ အခွန်ထမ်း မှတ်ပုံတင်အမှတ် ထုတ်ပေးထားပါက ယင်းအခွန်ထမ်းမှတ်ပုံတင်အမှတ်၊

(၃) အကြောင်းကြားစာထုတ်ပေးသည့်ရက်စွဲ၊

(၄) အခွန်ပမာဏ၊ အတိုးနှင့်ပေးဆောင်ရမည့်ဒဏ်ကြေးနှင့် ယင်းတို့နှင့်သက်ဆိုင်သည့်အခွန်ကာလ သို့မဟုတ် အခွန်ကာလများ၊

(၅) အပိုဒ်ခွဲငယ် (၄)ပါပမာဏများကိုပေးဆောင်ရန်တောင်းခံချက်၊

(၆) ပေးဆောင်ရမည့်နေရာနှင့်

(၇) အကြောင်းကြားစာရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခွန်ပေးသွင်းခြင်းမရှိလျှင် ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် ပမာဏများကိုကောက်ခံရန် အရကောက်ခံမှုနည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း အခွန်ထမ်းအား အသိပေးချက်။

(ဂ) အခွန်ထမ်းသည် ညွှန်ကြားရေးမှူးချုပ်ထံမှ ဤပုဒ်မအရ အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခွန်ပေးဆောင်ရန်ပျက်ကွက်ပါက မပေးဆောင်သည့်အခွန်ကို မပြေကျန်ငွေအဖြစ် လည်းကောင်း၊ ယင်းအခွန်ထမ်းအား ပျက်ကွက်သူအဖြစ် လည်းကောင်း သတ်မှတ်ရမည်။

(ဃ) အခွန်ထမ်းသည် အောက်ပါအစီအစဉ်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ပါက ပုဒ်မခွဲ (ဂ) နှင့် အကျုံးဝင်ခြင်းမရှိစေရ-

(၁) အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ ညွှန်ကြားရေးမှူးချုပ်က သဘောတူခွင့်ပြုသည့် အခွန်ပေးဆောင်ရန် အစီအစဉ်တစ်ရပ်ကို လိုက်နာဆောင်ရွက်လျက်ရှိခြင်း၊

(၂) ပုဒ်မ ၄၄ အရ အခွန်ပေးသွင်းရန် အချိန်တိုးမြှင့်ရရှိခြင်း။

အခွန်ပေးဆောင်ရမည့် အစီအစဉ်

၄၆။ (က) အခွန်ထမ်းမှပေးဆောင်ရန်ရှိသည့် အခွန်နှင့်စပ်လျဉ်း၍ အခွန်တစ်ရပ်ချင်းစီအလိုက် အောက်ပါအစီအစဉ်အတိုင်း ပေးဆောင်ရမည် -

(၁) ဒဏ်ကြေးများ၊

(၂) အတိုး၊

(၃) ပင်မအခွန်ပမာဏ။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍အခွန်ပေးဆောင်မှုသည် စည်းကြပ်ပြီးခဲ့သော ပေးဆောင်ရမည့် မည်သည့်အခွန်အမျိုးအစားဖြစ်ကြောင်း သတ်မှတ်နိုင်သည်-

(၁) အခွန်ထမ်းက ပေးဆောင်မှုသည် မည်သည့်အခွန်အမျိုးအစား၊ မည်သည့်ကာလအတွက် ပေးသွင်းသည်ဟု ဖော်ပြမှုမရှိခြင်း သို့မဟုတ်

(၂) အခန်း(၈) အရ အခွန်အရကောက်ခံခြင်း။

ငွေကြေး

၄၇။ ဤဥပဒေနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိလျှင် အခွန်ငွေနှင့် အခွန်ပြန်အမ်းငွေတို့ကို ကျပ်ငွေဖြင့်ပေးသွင်းခြင်း သို့မဟုတ် ပြန်အမ်းခြင်းပြုရမည်။

အခန်း (၇)

အတိုး

ယေဘုယျပြဋ္ဌာန်းချက်

၄၈။ (က) အခွန်ပေးဆောင်ခြင်း၊ အခွန်ကောက်ခံခြင်းနှင့် အငြင်းပွားခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းများကို အခွန်တစ်ရပ်နှင့်သက်ဆိုင်သည့် အတိုးအပေါ် ညီတူညီမျှကျင့်သုံးနိုင်သည်။

(ခ) ဤဥပဒေအရ ပေးဆောင်ရမည့်အတိုးကို သီးခြားတွက်ချက်ရမည်ဖြစ်ပြီး ယင်းသည်ဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းထားသည့်ဒဏ်ကြေးငွေအပြင် ထပ်ဆောင်းကျသင့်ခြင်းဖြစ်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ဤအခန်းအရ အတိုးပေးသွင်းခဲ့ပြီး ယင်းပုဂ္ဂိုလ်သည် ယင်းအတိုးနှင့်ဆက်စပ်သည့် ပမာဏအတွက် ပေးဆောင်ရန်တာဝန်မရှိကြောင်းတွေ့ရှိခဲ့လျှင် ပေးသွင်းခဲ့သည့်အတိုးပမာဏကို ယင်းပုဂ္ဂိုလ်ထံ ပြန်အမ်းရမည်။

လျော့နည်းပေးဆောင်မှုများအတွက်အတိုး

၄၉။ (က) အခွန်ပမာဏတစ်ရပ်ကို နောက်ဆုံးထားပေးဆောင်ရမည့်နေ့ရက်အမီ ပေးဆောင်ခြင်းမရှိခဲ့ပါက အခွန်ထမ်းသည်နောက်ဆုံးပေးဆောင်ရမည့် နေ့ရက်မှ အစပြု၍ (ပုဒ်မ ၄၄ အရ အချိန်တိုးမြှင့်ရရှိခြင်းကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ) အခွန်ပေးဆောင်သည့်နေ့ရက်အထိ ကာလအတွက် ယင်းပမာဏအပေါ် အတိုးပေးဆောင်ရမည်။

(ခ) စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုအရ အခွန်ပေးဆောင်ရမည့်အခြေအနေမျိုးတွင် အတိုးကိုစတင်တွက်ချက်ရမည့်နေ့ရက်သည် အခွန်ကိုနောက်ဆုံးထားပေးဆောင်ရမည့် မူလနေ့ရက်ဖြစ်သည်။

ပြန်အမ်းငွေအတွက် အတိုး

၅၀။ (က) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ)အရ ပြန်အမ်းရမည့် ပမာဏတစ်ရပ်ရှိပါက ပြန်အမ်းငွေပေါ်ပေါက်သည့် ရက်စွဲမှပြန်အမ်းငွေကို အမှန်တကယ်ပေးအပ်သည့် ရက်စွဲအထိကာလအတွက် ပြန်အမ်းရမည့် ပမာဏအပေါ်တွင် အတိုးပေးအပ်ရမည်။

(ခ) ပြန်အမ်းငွေတစ်ရပ်ကို ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က)အရ နောက်ထပ်ပေးဆောင်ရန် တာဝန်ရှိသည့် အခွန်ကျသင့်မှုအတွက် ခုနှိမ်ပြီးဖြစ်ပါက အခွန်ထမ်းသို့ ပြန်အမ်းရမည့် ပမာဏကို ယင်းအခွန်ကျသင့်မှုအတွက် ပေးသွင်းရမည့် နောက်ဆုံးသတ်မှတ်ရက်တွင် ပေးအပ်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။

အတိုးနှုန်း

၅၁။ ဤအခန်းတွင် အခွန်တစ်ရပ်ရပ်အတွက် သတ်မှတ်ရမည့် အတိုးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည်အတိုးနှုန်းသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကိုအမိန့်ကြော်ငြာစာဖြင့် နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်၍သတ်မှတ်နိုင်သည်။

အခန်း (၈)

အခွန်အရကောက်ခံခြင်း

ယေဘုယျပြဋ္ဌာန်းချက်

၅၂။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၄၅ အရ ပျက်ကွက်သူအဖြစ် သတ်မှတ်ခြင်းခံရသူအပေါ် ဤအခန်းပါ မည်သည့်နည်းလမ်းကိုမဆိုကျင့်သုံး၍ အရကောက်ခံနိုင်သည်။

အခွန်မပြေကျန်ငွေကောက်ခံခြင်းအတွက် ကာလစည်းကမ်းသတ်

၅၃။ (က) အခွန်ထမ်းကို ပျက်ကွက်သူဟု သတ်မှတ်သည့်နေ့ရက်မှ စတင်၍ ခြောက်နှစ်အတွင်း ဤအခန်းပါဥပဒေကြောင်းအရ အရကောက်ခံမှုနည်းလမ်းများကို စတင်ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က)နှင့် မဆန့်ကျင်စေဘဲမပေးဆောင်ရသေးသော အခွန်၊အတိုး သို့မဟုတ်ဒဏ်ကြေးငွေကို အရကောက်ခံရန် ဤဥပဒေအရ ဆောင်ရွက်ချက်တစ်ခုခုအပေါ် ကာလစည်းကမ်းသတ်နှင့်ပတ်သက်သည့် မည်သည့်ဥပဒေပြဋ္ဌာန်းချက်ကမျှ ဟန့်တားမှု သို့မဟုတ် သက်ရောက်မှုမရှိစေရ။

ကောက်ခံ၍မရရှိနိုင်သော အခွန်မပြေကျန်ငွေများကို စာရင်းမှပယ်ဖျက်ခြင်း

၅၄။ (က) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ ပေးဆောင်ရမည့်အခွန်၊ အတိုး သို့မဟုတ် ဒဏ်ကြေးပမာဏတစ်ရပ်ရပ်ကို အရကောက်ခံနိုင်ခြင်းမရှိပါက ဝန်ကြီး၏ သဘောတူညီချက်ဖြင့်အစိုးရသို့ အကြွေးအဖြစ်ပေးဆောင်ရန်ရှိသည်ကို ပယ်ဖျက်ကြောင်း အမိန့်ချမှတ်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ အကြွေးပယ်ဖျက်ပေးခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးထံတွင် မပေးဆောင်ရသေးသည့် ကြွေးမြီပမာဏအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြန်လည်ရရှိစေနိုင်မည့် ပိုင်ဆိုင်မှုများရှိသည်ဟုတွေ့ရှိလျှင် ပုဒ်မခွဲ (က) အရ ချမှတ်ခဲ့သည့်အမိန့်ကို ပြည်ထောင်စုဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြန်လည်ရုပ်သိမ်းပြီး အကြွေးပေးဆပ်ရန် ပြန်လည်သတ်မှတ်နိုင်သည်။

သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ မန်နေဂျာများ

၅၅။ (က) သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုတစ်ခုသည် အခွန်ကို အချိန်မီပေးဆောင်ရန်ပျက်ကွက်ခဲ့လျှင် ယင်းပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ မန်နေဂျာ သို့မဟုတ် မည်သည့်အချိန်တွင်မဆို မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့ဖူးသူတစ်ဦးချင်းသည် သက်ဆိုင်မှုရှိသည့်အချိန်မှစတင်၍ ယင်းပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုအပြင် အခြားအလားတူ ပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့်ပူးတွဲ၍သာမက ကိုယ်စီကိုယ်ငလည်း အခွန်ပေးဆောင်ရန် တာဝန်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် ယင်းသီးခြားရပ်တည်သည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုအနေဖြင့် ဆက်လက်တည်ရှိခြင်းမရှိစေကာမူ သက်ရောက်မှုရှိသည်။

(ဂ) မန်နေဂျာတစ်ဦးသည် အခွန်ပေးဆောင်မှုပျက်ကွက်ခြင်းကို စတင်ပေါ်ပေါက်ခြင်းနှင့် ဆက်လက်ဖြစ်ပွားခြင်းမရှိစေရန် ကာကွယ်တားဆီးမှုကို မန်နေဂျာရာထူးရှိသည့် သာမန်ဆင်ခြင်တုံတရားရှိသူတစ်ဦးက ကျင့်သုံးဆောင်ရွက်မည်ဖြစ်သည့်အတိုင်း ဂရုပြုမှု၊ အားထုတ်မှု၊ ကျွမ်းကျင်မှုတို့ဖြင့် ကျင့်သုံးဆောင်ရွက်ခဲ့လျှင် ပုဒ်မခွဲ (က)သည် ယင်းမန်နေဂျာအပေါ် သက်ရောက်မှုမရှိစေရ။

(ဃ) မန်နေဂျာသည် အစုစပ်လုပ်ငန်းတစ်ခု၏ လက်ရှိအစုဝင်ဖြစ်လျှင် ပုဒ်မခွဲ (ဂ) အရ အကာအကွယ်ကို မရရှိစေရ။

(င) ဤပုဒ်မအရ ညွှန်ကြားရေးမှူးချုပ်ထံ မန်နေဂျာတစ်ဦးက ပေးဆောင်ရမည့် အခွန်ပမာဏများသည် မန်နေဂျာ၏ တစ်ဦးချင်းဆိုင်ရာ အခွန်ပေးရန် တာဝန်ဖြစ်သည်။

(စ) မန်နေဂျာတစ်ဦးသည် ပုဒ်မခွဲ (က) အရ အခွန်တာဝန်ရှိမှုအတွက် အခွန်ပေးဆောင်ခဲ့လျှင် ယင်းမန်နေဂျာသည် ပေးဆောင်ထားသည့် ပမာဏကို သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုထံမှ ရရန်ရှိသည့် အကြွေးအဖြစ် ပြန်လည်ရယူနိုင်သည်။

(ဆ) သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုတစ်ခု၏ သက်ဆိုင်ရာ အခွန်အတွက်စည်းကြပ်ရမည့်ကာလ စည်းကမ်းသတ်ကုန်ဆုံးသွားပါက ယင်းပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုတစ်ခု၏ မန်နေဂျာအပေါ် ဤပုဒ်မအရ စည်းကြပ်ခြင်းမပြုနိုင်ပေ။

(ဇ) ဤပုဒ်မအရ -

(၁) **သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ မန်နေဂျာ** ဟုဆိုရာတွင် ယင်းပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ မန်နေဂျာအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ပြောဆိုသည့် ပုဂ္ဂိုလ်တစ်ဦးဦးလည်းပါဝင်သည်။

(၂) **သက်ဆိုင်မှုရှိသည့် အချိန်**ဆိုသည်မှာ သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏အခွန်တာဝန်တစ်ရပ်ရပ်ကို ပေါ်ပေါက်စေသောအကြောင်းခြင်းရာများမတိုင်မီ ခြောက်လကာလကို ဆိုသည်။

တရားစွဲဆိုခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

၅၆။ (က) ပေးသွင်းရန်ရှိနေသည့်အခွန်သည် နိုင်ငံတော်အစိုးရသို့ပေးသွင်းရမည့် ကြွေးမြီဖြစ်ပြီး ယင်းကိုအခြားမြီရှင်များထံပေးရန်ရှိသည့် ကြွေးမြီများထက် ဦးစားပေးရမည်ဖြစ်ကာ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးသွင်းရန်ဖြစ်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးသည် သတ်မှတ်ထားသောအချိန်တွင် အခွန်ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ရမည့်အခွန်အနက်မှ ပေးဆပ်ရန်ရှိသည့် အကြွေးကို ပြန်လည်ရရှိစေရန်အလို့ငှာ ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတစ်ခုခုတွင် ဥပဒေကြောင်းအရအရေးယူခြင်းကို စတင်ဆောင်ရွက်နိုင်သည်။

(ဂ) ဤပုဒ်မအရ မည်သည့်တရားစွဲဆိုမှုတွင်မဆို တရားပြိုင်အမည်နှင့် ပေးဆောင်ရမည့်အခွန်ပမာဏကိုဖော်ပြသော ညွှန်ကြားရေးမှူးချုပ်က လက်မှတ်ရေးထိုးထားသည့် အထောက်အထားသည် ယင်းအခွန်ပမာဏကိုပေးဆောင်ရမည်ဖြစ်ကြောင်း လုံလောက်သည့်သက်သေခံချက်ဖြစ်ပြီး ယင်းပမာဏနှင့်စပ်လျဉ်း၍ တရားရုံးကဆုံးဖြတ်ချက်ပေးရန် လုံလောက်သောအထောက်အပံ့ဖြစ်စေရမည်။

အကြွေးမကျေမီပစ္စည်းကိုလက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်(Lien)

၅၇။ (က) အခွန်ထမ်းသည်အခွန်ကိုသတ်မှတ်ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက(အတိုး၊ ဒဏ်ကြေးနှင့်ကောက်ခံရသည့်ကုန်ကျစရိတ်တို့ အဆင့်ဆင့်ပေါင်းထားသည့်) အခွန်ထမ်းပေးဆောင်ရမည့်ပမာဏအရ အခွန်ထမ်းပိုင်ဆိုင်သောပစ္စည်းဥစ္စာအားလုံးအပေါ်တွင် ညွှန်ကြားရေးမှူးချုပ်က လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ရှိပြီး ယင်းသည် ဤပုဒ်မတွင် အခြားနည်းအားဖြင့် ဖော်ပြထားခြင်းမှလွဲ၍ အခြားအခွင့်အရေးအားလုံးထက် ဦးစားပေးအဆင့်တွင်ရှိရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါ အကြွေးမကျေမီ ပစ္စည်းကိုလက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်သည် ပေးဆောင်ရမည့် နောက်ဆုံးပေးဆောင်ရမည့်နေ့ကုန်ဆုံးသည့် ညသန်းခေါင်ယံအချိန်မှ စတင်ပေါ်ပေါက်ပြီး အခွန်ကိုအကျေပေးဆောင်ပြီးသည့်အချိန်ထိ လည်းကောင်း၊ အချိန်ကျော်လွန်သွားခြင်းကြောင့် အာဏာသက်ရောက်ခြင်းမရှိတော့သည်အထိ လည်းကောင်း ဆက်လက်တည်မြဲစေရမည်။

(ဂ) ဤပုဒ်မအရ ချမှတ်သည့်ပိုင်ဆိုင်မှုအပေါ် အကြွေးမကျေမီပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်သည် အောက်ပါအခြေအနေ တစ်ရပ်ရပ်အရ အခွန်ထမ်း၏ ပိုင်ဆိုင်ပစ္စည်းတစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဝယ်ယူထားသူ၊ ယင်းအား အပေါင်ပစ္စည်းအဖြစ် ထိန်းသိမ်းထားသူနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပိုင်ဆိုင်ခွင့်အန္တယ်ရှိသူများ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာခြင်းမရှိစေရ-

(၁) ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် သဘောရိုးဖြင့်ဝယ်ယူ၍ ဥပဒေနှင့်အညီ လက်ဝယ်ရရှိပိုင်ဆိုင်ထားခြင်း၊

(၂) အဆိုပါပစ္စည်းအား အခွန်ထမ်း၏ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ လွှဲပြောင်းခြင်းမပြုရန် တားမြစ်ကြောင်းညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားရှိသည့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများသို့ စာဖြင့်အကြောင်းကြားခြင်းမပြုမီကပင် သဘောရိုးဖြင့် ဝယ်ယူ၍ ဥပဒေနှင့်အညီ လက်ဝယ်ရရှိပိုင်ဆိုင်ထားခြင်း။

(ဆက်လက်ဖော်ပြပါမည်)

သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၂၇)

သိပ္ပံစာရေးဆရာ ကိုကိုအောင်

မိစ္ဆာတို့နှင့် အပေးအယူပြုလုပ်ခြင်း

လောက၌ လိုအင်ဆန္ဒအများဆုံးရှိနေသော သတ္တဝါကို ညွှန်ပြပါဟုဆိုလျှင် လူသားများကိုသာ လက်ညှိုးထိုးရပေလိမ့်မည်။ လူတို့သည် အသိဉာဏ်အမြင့်မားဆုံးသော နို့တိုက်သတ္တဝါများ ဖြစ်ကြသည်နှင့်အညီ မိမိတို့၏ အသိဉာဏ်ကို ကွန့်မြူးလျက် အရသာရှိသော ဟင်းလျာများကို စီမံချက်ပြုတ်စားသောက်ခြင်း၊ တင့်တယ်သော အဝတ်အစားများကို ချုပ်လုပ်ဝတ်ဆင်ခြင်း၊ လုံခြုံသောနေအိမ်များကို ဆောက်လုပ်နေထိုင်ခြင်း စသည်ဖြင့် စားဝတ်နေ အရေးသုံးပါးကို အကောင်းဆုံးသော နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ကြသည်။

ဘဝရှင်သန်မှုကာလ တစ်လျှောက်လုံး၌လည်း ဖြစ်ချင်စိတ်၊ လုပ်ကိုင်ဆောင်ရွက်လိုစိတ်၊ ရယူပိုင်ဆိုင်လိုစိတ်၊ ဂုဏ်သတင်းကျော်စောလိုစိတ် စသည့် လိုအင်ဆန္ဒများဖြင့် ပြည့်နှက်နေလေ့ရှိကြသည်။ ဆန္ဒရှိသမျှ ပြီးပြည့်စုံသည်ဟူ၍ မရှိနိုင်သော်လည်း ကျေနပ်ဖွယ်ကောင်းလောက်အောင် ပြည့်စုံကြသူများရှိနေသလို ဘဝနှင့်ဆန္ဒ တခြားစီဖြစ်နေကြသူများလည်း ဒုနှင့်ဒေးရှိနေကြသည်။ လိုအင်ဆန္ဒ မပြည့်ဝသူများထဲ၌ တင်းတိမ်ရောင့်ရဲနိုင်သူများ ရှိနေကြသလို လိုအင်မပြည့်သော ဘဝကို သည်းခံနိုင်စွမ်းမရှိဘဲ မဖြစ် ဖြစ်အောင်၊ မရရအောင်၊ ဖြစ်သည့်နည်း ရသည့်နည်းလမ်းများဖြင့် ကြံဆသူများကလည်း အများအပြား ရှိနေကြသည်။

မဖြစ်သည်ကို ဖြစ်လာအောင်၊ မရသည်ကို ရလာအောင် ကြံဆလုပ်ကိုင်ရင်း မိစ္ဆာတို့နှင့် ပေါင်းမိသွားသည်များကိုလည်း သာဓကအဖြစ် အများအပြားတွေ့ရှိနိုင်သည်။ မိစ္ဆာတို့နှင့် ပေါင်းမိသည့်အခါ လတ်တလောအားဖြင့် မိမိ၏လိုအင်ဆန္ဒများ ပြည့်ဝလာအောင် မိစ္ဆာတို့က လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မှုကြောင့် ကျေနပ်ပျော်ရွှင်မှုများကို ခံစားကြရလေ့ရှိသည်။ သို့ရာတွင် မိစ္ဆာတို့နှင့်ပေါင်းသင်းဆက်ဆံမှု ကာလကြာမြင့်လာသည်နှင့်အမျှ ယင်းတို့၏ အတွင်းသဏ္ဍာန်မှာ ထင်ရှားစွာ ပေါ်လာသောကြောင့် မိမိနှင့်တကွ မိသားစုတို့၏ အန္တရာယ်ကို စိုးရိမ်ပူပန်လာကြရတော့သည်။ အဆုံးတစ်နေ့တွင် မိမိကို ကျေနပ်ပျော်ရွှင်မှုပေးခဲ့သော မိစ္ဆာတို့ကြောင့်ပင် မိမိ၏ဘဝမှာ အလုံးစုံပျက်သုဉ်းရတော့သည်။ ဤသည်ကား မိစ္ဆာတို့နှင့် ပေါင်းဖော်မိသည့် အကျိုးတရားပင်တည်း။

တီထွင်ဆန်းသစ်မှုများ

သိပ္ပံအတတ်ပညာ လောက၌လည်း လူသားကောင်းကျိုးအတွက် စူးစမ်းရှာဖွေဖော်ထုတ်ရင်း ဘေးထွက်ဆိုးကျိုးမရှိသည့် သို့တည်းမဟုတ် ဘေးထွက်ဆိုးကျိုး မရှိသလောက်နည်းပါးသည့် တီထွင်ဆန်းသစ်မှုပေါင်းများစွာတို့ကို တွေ့ရှိဖော်ထုတ် အသုံးချနိုင်ကြသလို ကောင်းကျိုးရလဒ်ကနည်းပြီး ဘေးထွက်ဆိုးကျိုး ပမာဏက များပြားလှသည့် တီထွင်ဆန်းသစ်မှုများကို အသုံးချမိမှုကြောင့် လတ်တလော၌သာ ပြေလည်ပြီး ကာလရှည်ကြာလာသည့်အခါ၌မူ ဘေးထွက်ဆိုးကျိုးများကို ခါးစည်းခံနေကြရသော ဖြစ်ရပ်များကလည်း ကမ္ဘာတစ်ဝန်းလုံး၌ အများအပြားရှိနေခဲ့ပြီး ရှိနေဆဲလည်းဖြစ်သည်။ တစ်နည်းဆိုရသော် လူသားကောင်းကျိုးကို ရှေးရှုဦးတည်ရင်း လူ့လောကပြဿနာများကို ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ရင်း မိစ္ဆာတို့နှင့် အပေးအယူပြုလုပ်မိခဲ့ကြခြင်းပင် ဖြစ်သည်။

အထင်ရှားဆုံးသော သာဓကအနေဖြင့် ထုတ်နုတ်ပြဆိုရသော် ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် မြစ်ကြောင်းကို တမံပိတ်၍ ဆည်တည်ဆောက်ခြင်းပင် ဖြစ်သည်။ ဆည်တမံတည်ဆောက်သူတို့က ဆည်တည်ဆောက်ခြင်းမှာ ရှေးပဝေသဏီကာလကတည်းက ရှိခဲ့သည့် ယဉ်ကျေးမှုတစ်ရပ်ဟုပင် တင်စားအမွှမ်းတင်လေ့ရှိကြသည်။ အမွှမ်းတင်လောက်သည့် အကြောင်းတချို့ကလည်း ရှိနေခဲ့သည်။ ရှေးခေတ် မင်းဧကရာဇ်များလက်ထက်က ဆန်စပါးနှင့် ကောက်ပဲသီးနှံများစိုက်ပျိုးရာ၌ ရာသီဥတုဖောက်ပြန်ပြီး မိုးခေါင်ခဲ့သည်ရှိသော် စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို မပူမပင်ဖြင့် အလျှံအပယ် ရရှိစေရေးအတွက် အမြော်အမြင်ကြီးမားစွာဖြင့် ဆည်တမံများကို တည်ဆောက်ခဲ့ကြရာ တည်ဆောက်ခဲ့ကြသည့် ဆည်တမံများကလည်း ဆန်ရေစပါး ဖူလုံစွာထွက်ရှိရေးကို တစ်တပ်တစ်အား အကျိုးပြုခဲ့သည်။

ဆည်တမံတို့၏ ရေရှည်ဆိုးကျိုးများ

သို့ရာတွင် သိပ္ပံပညာ မတိုးတက်သေးသော ထိုစဉ်ကာလများက ဆည်တည်ဆောက်ခြင်း၏ ကောင်းကျိုးကိုသာ သိရှိခဲ့ကြပြီး ရေရှည်၌ ဆိုးကျိုးဖြစ်စေသည်ကို တွေးမိခဲ့ကြခြင်း မရှိပေ။ ခေတ်ကာလအနေအထားအရ ရေရှည်ဆိုးကျိုးအတွက် မတွေးမိခြင်းကို အပြစ်မြင်ရန် မလိုအပ်ပေ။ ယုတ်စွအဆုံး ဗြိတိန်နိုင်ငံ၌ စက်မှုတော်လှန်ရေး စတင်သည့်ကာလဖြစ်သော ၁၇၅၀ ပြည့်နှစ်ဝန်းကျင်အထိ ကမ္ဘာ့အဖွံ့ဖြိုးဆုံး၊ ခေတ်အမီဆုံး၊ သိပ္ပံနှင့်နည်းပညာ အထွန်းကားဆုံးဟုဆိုသော အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံများသည်ပင်လျှင် ဆည်တမံတို့၏ ရေရှည်ဆိုးကျိုးများကို တွေးမိခဲ့ကြခြင်းမရှိပေ။

ထိုကဲ့သို့ တွေးမိခြင်းမရှိခဲ့ကြသည့်အတွက် အမေရိကန်ပြည်ထောင်စု အပါအဝင် ကမ္ဘာ့ထိပ်တန်းနိုင်ငံ အများအပြားတို့၌ ရေကာတာနှင့် ဆည်တမံများကို အပြိုင်အဆိုင် ဖန်တီးဆောက်လုပ်ခဲ့ကြသည်။ ဤသို့အားဖြင့် စက်မှုတော်လှန်ရေးကာလနောက်ပိုင်း နှစ်ပေါင်း ၂၀၀ ကျော်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ တို့၌ တည်ဆောက်ခဲ့ကြသော ဆည်တမံနှင့် ရေကာတာများကို အကြောင်းပြု၍ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် ကမ္ဘာ့လျှပ်စစ်စွမ်းအင် လိုအပ်ချက်စုစုပေါင်း၏ ၁၆

မြစ်သာရေလှောင်တမံ

ရာခိုင်နှုန်းနှင့် ညီမျှသည့် လျှပ်စစ်ဓာတ်အား ပျမ်းမျှပမာဏ ကီလိုဝပ်နာရီ ဘီလီယံပေါင်း ၃၅၀၀ ကို နှစ်စဉ် ထုတ်လုပ်သုံးစွဲခဲ့ကြသည်။

စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများထဲတွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းသည် အရိုးရှင်းဆုံးသော နည်းပညာတစ်ရပ်ဖြစ်သည်။ ကမ္ဘာ့မြေပြင်ပေါ်သို့ ရွာချသော မိုးရေများသည် မြေပြင်ဆင်ခြေလျှောတစ်လျှောက် စီးဆင်းပြီး မြစ်ချောင်းများထဲသို့ စီးဝင်ကြကာ နောက်ဆုံး၌ ပင်လယ်နှင့် သမုဒ္ဒရာများထဲသို့ စီးဆင်းဝင်ရောက်ကြရသည်။ မြစ်ရေ၊ ချောင်းရေများ စီးဆင်းလာရာ လမ်းတစ်လျှောက်တွင် တောင်စောင်း၊ ချောက်ကမ်းပါးများ ရှိနေပါက ရေတံခွန်များအဖြစ် စီးဆင်းကြရသည်။ စောက်နက်သော ရေတံခွန်များ၌ စီးဆင်းသောရေပမာဏမှာ အလွန်များပြားပြီး ရာသီမရွေး အလျဉ်မပြတ် စီးဆင်းနေသည်ဆိုပါက ထိုနေရာမျိုး၌ ရေအားလျှပ်စစ်ထုတ်လုပ်သည့် နည်းစဉ်ဖြင့် လျှပ်စစ်ဓာတ်အားပမာဏ အများအပြားကို ထုတ်လုပ်ရယူနိုင်သည်။ အမြင့်မှ ကျဆင်းလာသော ဖိအားများသည့်ရေထုက လျှပ်ထုတ်ဒိုင်နမိုများကို လှည့်ပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အား ထွက်ရှိလာသည်။

လျှပ်စစ်ဓာတ်ကို ထုတ်လုပ်နိုင်

မြစ်ရေ၊ ချောင်းရေများ စီးဆင်းလာရာလမ်းတစ်လျှောက်တွင် ရေတံခွန်များမရှိပါက မြစ်ချောင်းတို့ကို ရေကာတာဖြင့် ပိတ်ဆို့ဟန့်တားကာ ရေများကို သိုလှောင်ထားပြီး ထိုကဲ့သို့ သိုလှောင်ထားသည့် ရေများကို ဧရာမပိုက်လုံးကြီးများဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွယ်တန်းကာ လျှပ်ထုတ်စက်များကို လည်ပတ်စေခြင်းဖြင့် လျှပ်စစ်ဓာတ်ကို ထုတ်လုပ်ရယူနိုင်သည်။ ဤနေရာတွင် မြစ်ကြောင်းတစ်ခုလုံးကို မပိတ်ဘဲ မြစ်ရေအချို့အဝက်ကို အလိုရှိရာ ဆီသို့ လွှဲယူပြီး ထိုမှတစ်ဆင့် ရေအားလျှပ်စစ်စက်ရုံသို့ ပို့လွှတ်ပေးခြင်းအားဖြင့်လည်း လျှပ်စစ်ဓာတ်ကို ထုတ်လုပ်နိုင်သည်။

မြစ်ရေ၊ ချောင်းရေများ စီးဆင်းလာရာလမ်းကြောင်းကို တမံဖြင့်ပိတ်၍ ဆည်တည်ဆောက်ကြခြင်း၏ ရည်ရွယ်ချက်မှာ လျှပ်ထုတ်စက်ကြီးများကို လှည့်ပေးမည့် ရေထုအတွက် လုံလောက်သော ဖိအားရရှိနိုင်မည့် အမြင့်နေရာမှ လွှတ်ချနိုင်စေရန်နှင့် နွေရာသီကာလ မြစ်ရေစီးဆင်းမှု လျော့နည်းလာသည့်အခါ လျှပ်ထုတ်စက်ကို လှည့်ပေးနိုင်သည့် လုံလောက်သော ရေပမာဏ ရှိနေစေရေးတို့အတွက် ဖြစ်သည်။ ဆည်ထဲရှိ ရေများကို လွှတ်ချလိုက်သည့်အခါ မူလက တည်ငြိမ်စွမ်းအင်အဖြစ် ရှိနေသော ရေထုသည် အရွေ့စွမ်းအင်အဖြစ်သို့ ပြောင်းလဲသွားကာ လျှပ်ထုတ်စက်များကို လှည့်ပေးခြင်းဖြင့် လျှပ်စစ်ဓာတ်ကို ထွက်ပေါ်လာစေသည်။

မြို့ပြနှင့် ကျေးရွာများရှိ လူနေအိမ် အဆောက်အအုံများနှင့် စက်မှုဇုန်များရှိ စက်ရုံများ၏ လျှပ်စစ်လိုအပ်ချက်တို့မှာ ပုံသေမဟုတ်ဘဲ နာရီနှင့်အမျှ အတက်အကျရှိနေသည်ဖြစ်ရာ၊ ထိုကဲ့သို့သော လျှပ်စစ်လိုအပ်ချက် အပြောင်းအလဲများအတိုင်း ဆည်ရေကို လိုသလိုထိန်းညှိပို့လွှတ်ပြီး လျှပ်စစ်ထုတ်လုပ်မှုပမာဏကို အတိုးအလျှော့ ပြုလုပ်ပေးနိုင်ခြင်းသည် ဆည်ရေကို အခြေခံသည့် ရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်း၏ အားသာချက်တစ်ခုပင် ဖြစ်သည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ကနဦး တည်ဆောက်ရသည့် စရိတ်စက အလွန်ကြီးမားပြီး တည်ဆောက်မှုကာလက အတိုင်းအတာတစ်ရပ်အထိ ကြာမြင့်သော်လည်း လည်ပတ်ထုတ်လုပ်မှု စရိတ်စကအားဖြင့်မူ အလွန်ပင်သက်သာလှသည်။ ဆယ်စုနှစ်နှင့်ချီသော ရေရှည် ထိန်းသိမ်းမှု စရိတ်စကအနေဖြင့်လည်း ရေအားလျှပ်စစ်စက်ရုံက ရုပ်ကြွင်းလောင်စာသုံး ဓာတ်အားပေးစက်ရုံနှင့် နျူကလီးယား ဓာတ်အားပေးစက်ရုံတို့ထက် လျော့နည်းသက်သာသည်။

လျှပ်စစ်ထုတ်လုပ်သည့် လုပ်ငန်း

ထို့အပြင် ရေအားလျှပ်စစ်ထုတ်လုပ်သည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးကိုကြည့်လျှင်၊ လျှပ်စစ်ထုတ်စက်ရုံမှ ထွက်ရှိလာသော ရေများသည် ပင်လယ်နှင့် သမုဒ္ဒရာများထဲသို့ စီးဆင်းဝင်ရောက်ကာ နေအပူရှိန်ကြောင့် ထိုရေချို့များ အငွေ့ပျံပြီး မိုးအဖြစ် တစ်ဖန်ပြန်လည်ရွာချသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တစ်ရပ်ကို အသုံးချလုပ်ဆောင်နေသော လုပ်ငန်းဟု ဆိုရပေမည်။ အခြားသော လျှပ်စစ်ထုတ်လုပ်သည့် လုပ်ငန်းများကဲ့သို့ ဖန်လုံအာနိသင်ဓာတ်ငွေ့လည်းမထွက်၊ လေထုညစ်ညမ်းမှုလည်းမဖြစ်၊ ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ်နှင့်လည်း မပတ်သက်သော ထုတ်လုပ်မှုလုပ်ငန်းစဉ် တစ်ရပ်လည်းဖြစ်သည်။

သို့ရာတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် သဘာဝရေတံခွန်များကို အသုံးမချဘဲ မြစ်ကြောင်းကို တမံပိတ်၍ ဆည်တည်ဆောက်လိုက်ခြင်းကြောင့် ရေကာတာအောက်ပိုင်းရှိ မြစ်ရေထဲတွင် အောက်ဆီဂျင်ပျော်ဝင်မှု လျော့နည်းသွားကာ ရေ၏အရည်အသွေးကျဆင်းမှု ဖြစ်ပေါ်လာသည်။ မြစ်ကြောင်းအတွင်း စီးဆင်းနေသည့် ရေ၏အရည်အသွေး ကျဆင်းလာခြင်းနှင့်အတူ ရေပမာဏကပါ လျော့နည်းသွားသည့်အတွက် အပင်နှင့် ရေသတ္တဝါများ၏ ရှင်သန်ပေါက်ပွားမှုကို ထိခိုက်လာသည်။ ငါးတို့သည် မြစ်ရိုးတစ်လျှောက် အစုန်အဆန် ကူးခတ်သွားလာပြီး မြစ်ညာပိုင်း၌ ဥချလေ့ရှိကြရာ မြစ်ကြောင်းကို ပိတ်ဆို့ထားသော ရေကာတာကြောင့် ငါးများဥချရန်ခက်ခဲပြီး မျိုးပွားမှုကို သိသိသာသာ ထိခိုက်စေကာ ရေထွက်ပစ္စည်းထုတ်လုပ်မှုကိုလည်း ကျဆင်းစေသည်။

မြစ်ရေကြီးမှု

ရေကာတာများတည်ဆောက်ရန် လူနေမြို့ရွာများ ပြောင်းရွှေ့ပေးရခြင်းကြောင့် အခြေချနေထိုင်မှုပုံစံများ ပြောင်းလဲသွားခြင်း၊ သစ်တောများကို ခုတ်ထွင်ရှင်းလင်းရခြင်းကြောင့် သစ်တောများပြုန်းတီးခြင်း၊ သစ်တောမီးရှို့ရာမှ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ပမာဏ အများအပြား ထွက်ပေါ်လာခြင်း၊ သစ်ဆွေးများမှ မီသိန်းဓာတ်ငွေ့ ထွက်ပေါ်လာခြင်း၊ ရေကာတာပိတ်ဆို့ထားမှုကြောင့် မြစ်အောက်ပိုင်းတွင် နုန်းအနည်နှင့် အာဟာရဓာတ်များ ပို့ချမှု လျော့နည်းသွားခြင်း စသည်တို့ ဖြစ်ပေါ်လာသည်။

ရေကာတာများက မြစ်ရေကြီးမှုကို ကာကွယ်ပေးနိုင်ကြသည်ဟု ဆိုသည့်တိုင် ပုံမှန်ဖြစ်ပေါ် တတ်သော မြစ်ရေကြီးမှုကြောင့် ရေနေသတ္တဝါတို့အတွက် လိုအပ်သည့် အာဟာရဓာတ်များကို ကုန်းပေါ်မှ မြစ်ထဲသို့ သဘာဝအလျောက် ပို့ဆောင်ပေးသည့်ဖြစ်စဉ်ကို ရပ်တန့်သွားစေသည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ဆည်ရေကို အလုံးအရင်းဖြင့် ပို့လွှတ်သည့် အခါမျိုး၌ ဆည်အောက်ပိုင်းရှိ မြစ်ကြမ်းပြင်ကို တိုက်စားပျက်စီးစေရုံမျှမက မြစ်အောက်ကြမ်းပြင်ကို အမှီသဟဲပြု၍ ရှင်သန်နေကြရသော အပင်နှင့် ရေသတ္တဝါငယ်များကို မျိုးသုဉ်းပျက်စီးသွားစေသည်။

ပျောက်ကွယ်သွားခဲ့

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်းက ဆည်တမံများကို အဆက်မပြတ်တည်ဆောက်ခဲ့ရာမှ လက်ရှိအချိန်တွင် ကမ္ဘာပေါ်၌ ဆည်တမံအများဆုံးကို ပိုင်ဆိုင်သော နိုင်ငံအဖြစ် ရပ်တည်နေသည့် တရုတ်နိုင်ငံအတွင်းရှိ ဆည်ပေါင်း ၂၀၀၀၀ ကျော်တို့ကြောင့် ပင်ရင်း တရုတ်နိုင်ငံအပါအဝင် အရှေ့အာရှနှင့် အရှေ့တောင်အာရှရှိ မြစ်ကြီးအချို့၏ ရေစီးရေလာနှင့် ဂေဟစနစ်တို့ကို အကြီးအကျယ် ထိခိုက်စေလျက်ရှိသည်။

တရုတ်နိုင်ငံတွင် မြစ်ကျဉ်းသုံးသွယ်ရေကာတာကြီး တည်ဆောက်ပြီးစီးချိန်မှစ၍ ယန်စီမြစ်ရေ လျှံတက်ဖုံးလွှမ်းနေကျဖြစ်သည့် ယူနန်ပြည်နယ်ရှိ ဒေါင်တင်းကန်နှင့် ချန်စီပြည်နယ်ရှိ ပိုယန်းကန်ကြီးများ၌ သိသာစွာ ရေလျော့နည်းသွားခဲ့ပြီး ရေကန်ငယ် အများအပြားတို့မှာလည်း ပျောက်ကွယ်သွားခဲ့သည်။ မြစ်ကျဉ်းသုံးသွယ် ရေကာတာစီမံကိန်းကြောင့် လူနှစ်သန်းနီးပါး ပြောင်းရွှေ့ခဲ့ကြရသည့်အပြင် အထင်ကရ သမိုင်းဝင်နေရာများလည်း ရေအောက်သို့ ရောက်ရှိသွားခဲ့သည်။

၂၀၁၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ကျဉ်းသုံးသွယ် ရေကာတာကြီး၏ ရေမျက်နှာပြင်မှာ စိုးရိမ်ရေမှတ်အထက် ပေ ၃၀ ကျော်မျှ မြင့်တက်လာရာ ရေကာတာ မကျိုးပေါက်စေရေးအတွက် ရေပိုများကို အလုံးအရင်းဖြင့် ထုတ်လွှတ်လိုက်သည်တွင် ရေနှင့် ထိတွေ့မှုမရှိသည်မှာ ကြာမြင့်နေပြီဖြစ်သည့် ရေကာတာအောက်ဘက် မြေပြင်များ၏ မာကျောကျစ်လျစ်နေမှုကြောင့် ရေကိုစုပ်ယူနိုင်စွမ်းကျဆင်းကာ ရေလွှမ်းမိုးမှု ကြီးမားစွာ ဖြစ်ပေါ်ပြီး လူ ၁၀၀၀ နီးပါး သေဆုံးကာ အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

> “အကြောင်းအမျိုးမျိုးကြောင့် ဆည်ရေကို အလုံးအရင်းဖြင့် ပို့လွှတ်သည့် အခါမျိုး၌ ဆည်အောက်ပိုင်းရှိ မြစ်ကြမ်းပြင်ကို တိုက်စားပျက်စီးစေရုံမျှမက မြစ်အောက်ကြမ်းပြင်ကို အမှီသဟဲပြု၍ ရှင်သန်နေကြရသော အပင်နှင့် ရေသတ္တဝါငယ်များကို မျိုးသုဉ်းပျက်စီးသွားစေ”

✻ စာမျက်နှာ ၁၈ သို့

မရင့်မှည့်မီနှင့် ဆေးထိုးထားသည့် သရက်သီးများ တရုတ်သို့ တင်ပို့ရောင်းချမှု ဆိုင်းငံ့ထား

မန္တလေး မေ ၄

သရက်သီးပေါ်ချိန်တွင် ပြည်တွင်းမှ မရင့်မှည့်မီနှင့် ဆေးထိုးထားသည့် သရက်သီးများကို တရုတ်နယ်စပ်သို့ တင်ပို့ရောင်းချမှုများကြောင့် မြန်မာ့သရက်သီးပို့ကုန် အရည်အသွေးနှင့် ဈေးကွက်စနစ်ကို ထိခိုက်စေနိုင်သဖြင့် သရက်သီးစိုက်တောင်သူများအကျိုး ကာကွယ်နိုင်ရန်အတွက် မေ ၁၅ ရက်အတွင်း သရက်သီးရောင်းဝယ်မှုကို ဆိုင်းငံ့ထားကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးစိုင်းမောင်ညွန့်က ပြောသည်။

မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်မှ အဆိုပါရက်အတွင်း သရက်သီးရောင်းဝယ်မှုကို ရပ်ဆိုင်းထားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး သရက်သီးအစုအဖွဲ့များနှင့်လည်း ချိတ်ဆက်ကာ သရက်စိုက်တောင်သူများနှင့် တင်ပို့သူများကို ပညာပေးနည်းလမ်း ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်သည်။

"မရင့်မှည့်ဘဲ သရက်သီးတွေကို တင်ပို့တော့ ချိုရမယ့် သရက်သီးက မချိုဘဲ ချဉ်တယ်၊ ကြာရှည်အထားမခံဘဲ ရှုံးကုန်တယ်၊ စိန်တစ်လုံးသရက်သီးက ချိုတယ်ဆိုပြီး တရုတ်ပြည်မှာ ဈေးကွက်နံပါတ် ၁ ရနေပေမယ့် ခုလိုမရင့်မှည့်ဘဲ တင်ပို့တဲ့အခါ မူလအရည်အသွေးအတိုင်း မဟုတ်တော့ ကြာရင် ဈေးကွက်ပျက်မယ်၊ မြန်မာ့သရက်သီးဈေးကွက်ကို ထိခိုက်လာမှာကြောင့် သရက်သီးအနုတွေ၊ ဆေးထိုးသရက်တွေ တရုတ်ဈေးကွက် မရောက်အောင် လုပ်တာဖြစ်ပါတယ်" ဟု ဦးစိုင်းမောင်ညွန့်က ပြောသည်။

တရုတ်ပြည်ဈေးကွက် တင်ပို့နေသည့် သရက်သီးများကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်နှင့် ပုသိမ်ကြီးမြို့နယ်များတွင် အများဆုံး စိုက်ပျိုးထုတ်လုပ်နေပြီး ၂၀၁၇-၂၀၁၈ စာရင်းများအရ သရက်စိုက် ၂၄၁၀၄ ဧကရှိရာ ခန့်မှန်းသရက်သီးတန်ချိန် ၆၅၉၇၈ တန်ထွက်ရှိနိုင်ပြီး ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည့် ၂၁၅၇၅ တန်ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ကြောင်း ခန့်မှန်းထားသည်ဟု သိရသည်။

"သရက်သီးက ပို့ကုန်လိုင်စင် လုပ်စရာမလိုဘူး၊ အကောက်ခွန်နဲ့ပဲ စိစစ်ပြီး တရုတ်ပြည်ဘက်ပို့တယ်၊ အခုကြားနေရတာက သရက်သီးတွေက ချဉ်နေတယ်ပေါ့၊ ဒီလိုချဉ်နေရင် နောက်ဆို မဝယ်တော့ဘူးဆိုပြီး တရုတ်ဘက်က သရက်ကုန်သည်တွက ပြောလာပြီ၊ ဒါကြောင့် နုတဲ့သရက်သီးတွေ၊ ဆေးထိုးထားတဲ့ သရက်သီးတွေကို တင်ပို့မယ်ဆိုရင် ဈေးကွက်ပျက်သွားနိုင်တဲ့အကြောင်း သက်ဆိုင်ရာကိုလည်း တင်ပြထားပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာ့သရက်သီးပို့ကုန်များတွင် တရုတ်ဈေးကွက်၌ စိန်တလုံးသရက်သည် အဓိကဖြစ်၍ ဒုတိယတွင် ဟသ်ာသရက်၊ တတိယတွင် ရင်ကွဲသရက်တို့ဖြစ်ပြီး မရင့်မှည့်သေးဘဲ ဓာတုဆေးထိုးထားသော သရက်သီးများကို ဧပြီလအတွင်း တရုတ်နယ်စပ်သို့ တင်ပို့မှုမရှိစေရေးအတွက် ဖော်ထုတ်စိစစ်ကာ သတိပေးတားမြစ်ခြင်း၊ ပညာပေးခြင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

ချေတစ်ကောင် ခြံစည်းရိုးသံဆန်ခါတိုးမိ၍ သေဆုံး

ကန့်ဘလူ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ် ၂ ရပ်ကွက်အတွင်း သမင်တစ်ကောင် ဝင်ရောက်နေကြောင်း သိရ၍ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဝန်ထမ်းများ သွားရောက်စစ်ဆေးခဲ့ရာ သမင်မဟုတ်ဘဲ ချေအထီးဖြစ်နေကြောင်း သိရသည်။

နှစ်စဉ် ဇွန်လ ၁၅ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ဖြစ်ကြောင်း ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက ရှင်းပြသည်။

အဆိုပါ ချေသည် ခြံစည်းရိုးသံဆန်ခါကို တိုးဝှေ့ခြင်းကြောင့် နှုတ်သီးတွင် ဒဏ်ရာရရှိထားခြင်း၊ မောပန်းခြင်းနှင့် ကြောက်လန့်ခြင်းတို့ကြောင့် သေဆုံးခဲ့ရာ အမှတ် ၂ ရပ်ကွက်အုပ်ချုပ်ရေးမှူး အဖွဲ့ထံ အပ်နှံထားခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း (ကန့်ဘလူ)

အင်ကြင်းကျောက်များကို စက်ယန္တရားနှင့် တူးဖော်လာ

မလှိုင် မေ ၄

နွားထိုးကြီးမြို့နယ်နှင့် မလှိုင်မြို့နယ်တို့တွင် အင်ကြင်းကျောက်များကို စက်ယန္တရားများဖြင့် တူးဖော်နေကြကြောင်း သိရသည်။

အင်ကြင်းကျောက်ကို စူးထောက်ရှာဖွေရသော်လည်း နွားထိုးကြီးနှင့် မလှိုင်မြို့နယ်တွင် ဘူဒိုဇာထိုး၊ မြေကော်စက် (ခ) ကတ်အိုးနှင့် တူးဖော်ရှာဖွေလာ၍ တစ်နိုင်တစ်ပိုင် အင်ကြင်းကျောက်တူးဖော်သူများ အလုပ်လက်မဲ့ ဖြစ်လာနေကြောင်း ဒေသခံများထံမှ သိရသည်။

အင်ကြင်းကျောက်တူးဖော်မှုကို တရားဝင် ပိတ်ပင်ထားသော်လည်း ယခုအခါ အင်ကြင်းကျောက်များကို သယ်ယူရောင်းချနေကြသည်ကိုလည်း တွေ့မြင်နေရသည်။

အဆိုပါ မြို့နယ်တို့တွင် အရည်အသွေးကောင်းကျောက်များကို အနက်ပေ ၅၀၊ ၁၀၀ ကျော်အထိ တူးဖော်တွေ့ရှိနေသဖြင့် ယခုအခါ စက်ယန္တရားများဖြင့် အင်ကြင်းကျောက် တူးလာနေခြင်းဖြစ်သည်။ မကြာမီက စက်ယန္တရားဖြင့် ၆၅ ပေအနက် တူးဖော်ရာမှ မြေပြို၍ လူသေဆုံးမှုရှိခဲ့ကြောင်း သိရသည်။

ဌေးမြင့်မောင်

သမိုင်းဝင် မင်းတိုင်ပင်စေတီတော် ရွှေထီးတော်တင်လှူ

ရမည်းသင်း မေ ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရတနာစာလွှတ်ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် မင်းတိုင်ပင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူမင်္ဂလာအခမ်းအနားကို မတ်လနောက်ဆုံးပတ်က ယင်းကျောင်းတိုက်အတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားကို မြို့နယ်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက ဆရာတော်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ စေတီတော်မြတ်ကြီးသည် ရမည်းသင်းမြို့၏ ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်ကြီးဖြစ်ပြီး ယခုအခါ တတိယအကြိမ်အဖြစ် ပြန်လည်ပြုပြင်၍ ရတနာစာလွှတ်ကျောင်းဆရာတော်နှင့် နှစ်ဖက်မိဘများကို အမှူးထား၍ ရမည်းသင်းမြို့ ပျဉ်တပ်ရပ်နေ ဘုရားဒါယကာ ဦးသက်လွင်၊ ဘုရားဒါယိကာမ ဒေါ်သန်းသန်းဌေး မိသားစုတို့က တင်လှူပူဇော်ကြခြင်းဖြစ်ကြောင်း သိရသည်။

အတ်ကလေး (ရမည်းသင်း)

သီပေါ၌ ပါဠိပထမပြန် စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

သီပေါ မေ ၄

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ၂၀၁၇ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယနိကာယ်စာမေးပွဲများတွင် အောင်မြင်တော်မူကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား စာအောင်ဆုနှင့် အောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်သည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မေ ၁ ရက်က မဟာသာသနာ့ဗိမာန်တော် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

ဆက်လက်၍ စာအောင်သံဃာတော်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းထွန်းအေး၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲအောင်မြင်တော်မူကြသောသံဃာတော် ၃၃ ပါးရှိပြီး ပထမကြီး သုံးပါး၊ ပထမလတ် တစ်ပါး၊ ပထမငယ်နှစ်ပါး၊ အခြေပြုမူလတန်း ၁၉ ပါးနှင့် ဓမ္မာစရိယ ရှစ်ပါးတို့ဖြစ်ကြောင်း သိရသည်။

စိုင်း (သီပေါ)

ရွှေကူမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်း

ရွှေကူ မေ ၄

ကချင်ပြည်နယ် ရွှေကူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲကို မတ်လ နောက်ဆုံးပတ်က စီသာကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံအတွင်း၌ ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုမြင့်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတေဇာလင်းကျော်က အခွန်၏ အဓိပ္ပာယ်၊ ကောက်ခံရသည့် အကြောင်းရင်းနှင့် ရည်ရွယ်ချက်၊ အခွန်၏ သဘောသဘာဝ၊ အင်္ဂါရပ်များ၊ တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန် အမျိုးအစားနှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် အခွန်အမျိုးအစား စသည့် အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပြည်သူတို့၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

မဟာဓာတ်အားလိုင်းတည်ဆောက်စဉ် မလွတ်ကင်းသော သီးနှံပင်၊ နှစ်ရှည်ပင်များအတွက် လျော်ကြေးငွေပေးအပ်

နောင်ချို မေ ၄

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) ၂၃၀ ကေဗွီ အထက်ရဲရွာ ရွှေစာရံမဟာဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်လုပ်ကိုင်ခဲ့စဉ် လျှပ်စစ်ဓာတ်တိုင်များနှင့် မလွတ်ကင်းသော နောင်ချိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာအသီးသီးတို့က စိုက်ပျိုးထားသော သီးနှံပင်၊ နှစ်ရှည်ပင်များအတွက် သုံးဆလျော်ကြေးများ ပေးအပ်ခြင်းအခမ်းအနားကို မတ် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးစီမံကိန်းမန်နေဂျာ ဦးကျော်ဇေယျတို့က အမှာစကားပြောကြားပြီး သီးနှံပျက်စီးသွားသော တောင်သူ ၁၀၃ ဦးအတွက် လျော်ကြေးငွေကျပ် သိန်းပေါင်း ၆၆၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း (နောင်ချို)**

✲ စာမျက်နှာ ၁၇ မှ အဆက်

နွေရာသီ မြစ်ရေနည်းချိန်မျိုး၌လည်း ရေအားလျှပ်စစ်ထုတ်လုပ်မှုပမာဏ လျော့နည်းမသွားစေရေးအတွက် ရေကာတာများအတွင်း၌ ရေကို ပိုမိုစုဆောင်း သိုလှောင်ကြသည့်အတွက် ယန်စီမြစ်၏ အောက်ပိုင်းတွင် လှေသင်္ဘောများ ခုတ်မောင်းသွားလာ၍ မရတော့သောအခြေအနေနှင့် ကြုံတွေ့ကြရသည်။ ထို့အတူ မြစ်ဝါမြစ်ကြီး၏ အထက်ပိုင်း၌လည်း ရေကာတာများ အစီအရီရှိနေကြပြီး နွေအခါ ရေကို ပိုမိုစုဆောင်း သိုလှောင်ကြသည့်အတွက် မြစ်ရေရှားပါးသော ဒဏ်ကို ဒေသခံတို့ ခံစားနေကြရသည်။

တရုတ်တို့သည် မဲခေါင်မြစ်ပေါ်၌ ရေကာတာ ၂၆ ခုနှင့် သံလွင်မြစ်ပေါ်၌ ရေကာတာ ၁၃ ခုအထိ တည်ဆောက်ရန် စိုင်းပြင်းလျက်ရှိနေကြသည်။ အဆိုပါမြစ်များသည် တရုတ်နိုင်ငံအတွင်း၌သာ အစအဆုံး စီးဆင်းသော မြစ်များမဟုတ်ကြဘဲ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများကိုပါ ဖြတ်စီးနေကြသည့်အတွက် ရေကာတာ၏ ဆိုးကျိုးများကို တရုတ်နှင့်အတူ မြစ်ဖြတ်သန်းစီးဆင်းရာ နိုင်ငံများ၌ပါ ခံစားကြရမည့်အခြေအနေသို့ ဆိုက်ရောက်နေသည်။

ဟန့်တားပိတ်ဆို့

ရေကာတာများသည် မြစ်ရေစီးကြောင်းကို ဟန့်တားပိတ်ဆို့ထားကြခြင်းကြောင့် မြစ်ရေထဲ၌ ပါရှိလာသော ဓာတ်မြေသြဇာအကြွင်းအကျန်များ၊ စွန့်ပစ်ဓာတုအညစ်အကြေးများနှင့် လူ့မိလ္လာအညစ်အကြေးများကို စုစည်းလက်ခံပေးထားသည့် ရေဓမ အညစ်အကြေးကန်ကြီးများဖြစ်လျက် ရှိနေသည်။ ထိုကဲ့သို့ အညစ်အကြေးများကို စုဝေးနေစေခြင်းသည် မြေပြင်ပေါ်ရှိ ရေထုကိုသာ ညစ်ညမ်းစေသည် မဟုတ်ဘဲ မြေအောက်ရှိ ရေအရင်းအမြစ်များဆီသို့ပါ အစုလိုက်အပြုံလိုက် စိမ့်ဝင်ရောက်ရှိကာ ညစ်ညမ်းမှုကို အကြီးအကျယ် ဖြစ်ပေါ်စေသည်။

ရေကာတာများကို အသုံးပြုမှုကာလ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ဆည်အတွင်း၌ နုန်းများပြည့်လာပြီး ရေသိုလှောင်နိုင်မှုပမာဏ လျော့ကျလာကာ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်စွမ်းကလည်း သိသိသာသာ ကျဆင်းလာသည်။ ထို့အပြင် ဆည်အတွင်းရှိ နုန်းအနည်များသည် ရေကာတာကို ကျော်လွန်ပြီး မစီးနိုင်သည့်အတွက် မြစ်အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသများနှင့် ကမ်းရိုးတန်းဒေသများ၌ နုန်းပို့ချမှု လျော့နည်းသွားကာ ပင်လယ်ဆားငန်ရေများ ဝင်ရောက်လာပြီး ကောက်ပဲသီးနှံများ အကြီးအကျယ် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်လာသည်။

ငလျင်လှုပ်ခတ်နိုင်

ရေကာတာများ တည်ဆောက်ခြင်းကြောင့် ရေကာတာနောက်ဘက်ရှိ ဆည်ရေမျက်နှာပြင် အတက်အကျ ကြိမ်ဖန်များစွာ ဖြစ်ပေါ်ခြင်းသည် ဆည်အောက်ခံမြေလွှာများအတွင်း၌ ဒဏ်ဖြစ်ပေါ်စေကာ ငလျင်လှုပ်နိုင်သည်ကိုလည်း သတိပြုရန်လိုအပ်သည်။ တရုတ်နိုင်ငံအတွင်းရှိ မင်းမြစ်ပေါ်၌ ဇီပင်းပူအမည်ရှိ ရေကာတာတည်ဆောက်ရန် စီမံချက်ရေးဆွဲစဉ်က အဆိုပါရေကာတာနှင့် နီးကပ်သော မြေလွှာအတွင်းရှိ ပြတ်ရွေ့ကြောင်းငယ်၌ ဒဏ်ဖြစ်ပေါ်ကာ ငလျင်လှုပ်ခတ်နိုင်ကြောင်း တရုတ်ငလျင်ပညာရှင်တို့က ကြိုတင်သတိပေးခဲ့ပါလျက် လျစ်လျူရှုပြီး ဇွတ်အတင်း တည်ဆောက်ခဲ့ကြခြင်းကြောင့် ၂၀၀၇ ခုနှစ်တွင် ရေအပြည့် သိုလှောင်ထားသော ဇီပင်းပူ ရေကာတာကြီးနှင့် သုံးမိုင်ခန့်ဝေးသောနေရာ၌ ၂၀၀၈ ခုနှစ်တွင် ၇ ဒသမ ၉ ပြင်းအားရှိသော ငလျင်ကြီးလှုပ်ပြီး လူ ၈၀၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။

ထိုကဲ့သို့သော ဖြစ်ရပ်များစွာတို့ကြောင့်ပင် လူသားကောင်းကျိုးကို ရှေးရှုကာ လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိစေရေးအတွက် ရေကာတာများပိတ်ဆို့၍ ဆည်များတည်ဆောက်ခြင်းသည် ရေတို၌သာ အကျိုးရှိပြီး၊ ရေရှည်၌မူ ဘေးထွက်ဆိုးကျိုးနှင့် ကာလရှည်ဆိုးကျိုးများကို ခါးစည်းခံနေကြရသည့် အဖြစ်သနစ်တို့ကို အကြောင်းပြုလျက် မိစ္ဆာတို့နှင့် အပေးအယူပြုလုပ်ခြင်းကဲ့သို့ ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိပ္ပံပညာရှင်တို့က ဆိုစမှတ်ပြုကြခြင်း ဖြစ်ပေတော့သည်။ ။

ကမာရွတ်မြို့နယ်၌ သင်္ကြန်ကာလ ရေကစားမဏ္ဍပ် တည်ဆောက်

ရန်ကုန် မေ ၄
ရန်ကုန်မြို့တော် စည်ပင်သာယာရေးဧရိယာ အတွင်း ရန်ကုန်တိုင်းဒေသကြီး ခရိုင် လေးခရိုင်ရှိ မြို့နယ်များအနေဖြင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရေကစားမဏ္ဍပ်များ ဆောက်လုပ်မည်ဖြစ်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရေကစားမဏ္ဍပ်ကို ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းဂိတ်နှင့် မျက်နှာချင်းဆိုင် တက္ကသိုလ်စာတိုက်ဝင်းရှေ့၌ ပေ (၁၂၀ × ၅၀) ရေကစားနှင့် ဖျော်ဖြေရေးမဏ္ဍပ် ဆောက်လုပ်မည်ဖြစ်သည်။

အဆိုပါ မဏ္ဍပ်ဖြစ်မြောက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သည့် နာယကအဖွဲ့အပြင် ကျင်းပရေးဦးစီးကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး၊ ဖွင့်ပွဲပိတ်ပွဲကျင်းပရေးကော်မတီ၊ ဖျော်ဖြေရေးနှင့် ပြန်ကြားရေးကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်မောင်သော် (ကမာရွတ်)

ဖလမ်းမြို့ မြို့ပြစီမံကိန်းရေးဆွဲထားမှု ရှင်းလင်းဆွေးနွေး

ဖလမ်း မေ ၄
ဖလမ်းမြို့ မြို့ပြစီမံကိန်းရေးဆွဲထားမှု ပြည်သူများထံ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၃၁ ရက်က ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမြင့်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ပြင်ပ ပညာရှင် ဒေါ်အောင်မေဦးတို့က ဖလမ်းမြို့ မြို့ပြစီမံကိန်းရေးဆွဲထားမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းခဲ့ကြရာ တက်ရောက်လာကြသူများက မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည့်အချက်များကို မေးမြန်းကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ်က မြို့ပြစီမံကိန်းနှင့် ပတ်သက်သည့် အချက်အလက်စာအုပ်များကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်ခဲ့သည်။

ချင်းပြည်နယ်အတွင်း မြို့များကို မြို့ပြစီမံကိန်းရေးဆွဲပြီး ပြည်နယ်အစိုးရအဖွဲ့က ပထမဆင့်အဖြစ် ဟားခါးမြို့၊ ဖလမ်းမြို့၊ ပလက်ဝမြို့တို့ကို လည်းကောင်း၊ ဒုတိယဆင့်အဖြစ် ဆမီးမြို့၊ ရေဇွာမြို့၊ လိုင်လင်းပီမြို့၊ ခိုင်ကမ်းမြို့၊ ရိခေါဒါရ်မြို့၊ ကျီခါးမြို့တို့ကို လည်းကောင်း၊ တတိယအဆင့်အဖြစ် မတူပီမြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့၊ ကန်ပက်လက်မြို့၊ တွန်းဇံမြို့၊ ထန်တလန်မြို့တို့ကို လည်းကောင်း မြို့ပြစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အဆင့်သုံးဆင့်ခွဲကာ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖလမ်းမြို့ကို နောင်လာမည့် နှစ် ၆၀ တွင် တိုးတက်လာမည့် လူဦးရေ ၅၀၀၀၀ အတွက် လူမှုစီးပွားရေးအခြေခံ အဆောက်အအုံများ ထည့်သွင်းစဉ်းစား၍ ကာလရှည်အတွက် မြို့တစ်မြို့၏ အင်္ဂါရပ်နှင့် ညီညွတ်သည့် မြို့ပြအဖြစ် စီမံကိန်းရေးဆွဲပြီးတိုးချဲ့မြို့သစ်စီမံကိန်းကို ဖလမ်းမြို့မှ ခုနစ်မိုင်ခန့်အကွာ လုံပီးအနီးဝန်းကျင်ရှိ ကုန်းကြောနှင့် မြေပြန့်ပေါ်များသောနေရာတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီးနှင့် စီးပွားရေးလုပ်ငန်းရှင်များ ထားဝယ်မြို့၌ တွေ့ဆုံ

ထားဝယ် မေ ၄
မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Olivier Richard နှင့် အတွင်းရေးမှူး ပြင်သစ်နိုင်ငံသူ Mrs. Pathoumthong Finet အဖွဲ့နှင့် တိုင်းဒေသကြီးကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးသတ္တုတွင်းလုပ်ငန်းရှင်များ၊ ဒုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ထားဝယ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို မေ ၂ ရက်က ထားဝယ်မြို့ ဇေယျာထက်စံဟိုတယ်၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြင်သစ်နိုင်ငံသံအမတ်ကြီးက ပြင်သစ်နိုင်ငံ ကုန်စည်စီးဆင်းမှု စတင်မှုအခြေအနေ၊ အီးယူမှ ကူညီဆောင်ရွက်ပေးမှုအခြေအနေ၊ မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ဥရောပမှ ကုမ္ပဏီငါးခုသည် စီးပွားရေးလုပ်ရန် မြန်မာနိုင်ငံအား အကြံပေးခဲ့ကြောင်း၊ ယခုလည်းမိမိတို့မှ တိုင်းဒေသကြီးအစိုးရအား အကြံဉာဏ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တက်ရောက်လာသူများကလည်း အကြံဉာဏ်များပေးနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးကုန်သည်ကြီးများအသင်းဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများအနေဖြင့် ခရီးသွားလုပ်ငန်းတိုးတက်လာကြောင်း၊ ထားဝယ်မြို့ ခရီးသွားလုပ်ငန်းတိုးတက်ရန် အကြံကောင်းများရယူလိုကြောင်း၊ ထုတ်လုပ်ပစ္စည်းများအား ပြည်ပတင်ပို့ရန် လိုအပ်ကြောင်း၊ ရေနက်ဆိပ်ကမ်းမှာ အကြီးဆုံးဖြစ်သော်လည်း ယခုချိန်တွင် ထားဝယ်မြို့အတွက် ဆိပ်ကမ်းတစ်ခု လိုအပ်ကြောင်း၊ သတ္တုတွင်းလုပ်ငန်းအနေဖြင့် ခဲမဖြူ၊ အဖြိုက်နက်အဓိကထွက်ရှိပါကြောင်း၊ ငါးဖမ်းလုပ်ငန်းကမ်းဝေးနီးလုပ်ငန်းများရှိကြောင်း၊ ဖမ်းဆီးရမိငါးများအားပြည်ပသို့တင်ပို့ခဲ့ပြီး အသေးစားစက်ရုံများလည်းရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာလိုအပ်ကြောင်း၊ ဒေသအတွင်း ရင်းနှီးမြှုပ်နှံမှုများ အလွန်လိုအပ်လျက်ရှိကြောင်း၊ ယခုတက်ရောက်လာသော လုပ်ငန်းရှင်များမှာ မိမိတင်ပြသည့်လုပ်ငန်းများနှင့် ဆက်စပ်နေကြောင်း ပြောကြားသည်။

စီးပွားရေးလုပ်ငန်းရှင်များက ခရီးသွားလုပ်ငန်းတိုးတက်ရန် နည်းပညာလိုအပ်ချက်၊ ဟိုတယ်လိုအပ်ချက်များ ကျန်နေသေးကြောင်း၊ ဒေသအတွက် ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ သင်တန်းများပို့ချပေးရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)

အရိုင်းစံပယ်၏ နှစ် ၉၀ အခမ်းအနား စာပေပွဲတော်များဖြင့် ကျင်းပမည်

ရေစကြို မေ ၄
ရေစကြိုမြို့သား နိုင်ငံကျော် စာရေးဆရာ၊ ဒါရိုက်တာ၊ ရုပ်ရှင်သရုပ်ဆောင်၊ တေးရေးဆရာ၊ အဆိုတော် ဆရာအောင်လင်း(အရိုင်းစံပယ်) အား ဂုဏ်ပြုသောအားဖြင့် ရေစကြိုမြို့မှ မြို့မိ၊ မြို့ဖများ၊ ရေစကြိုမြို့နယ် စာရေးဆရာအသင်းနှင့် စာပေမြတ်နိုးသူ လူငယ်များ ဦးဆောင်၍ ဆရာအောင်လင်း(အရိုင်းစံပယ်)၏ နှစ် ၉၀ ပြည့် အခမ်းအနားကို နံ့သာမြေမှ ကြယ်တစ်ပွင့်(သို့မဟုတ်) အရိုင်းစံပယ် နှစ် ၉၀ ဟူသော ကမ္ပည်းစာဖြင့် အမှတ်တရ အခမ်းအနားကို မေ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို ရေစကြိုမြို့၏ ကျက်သရေဆောင် မဟာမေ့ ကလျာဏီ သာသနာ့ဗိမာန်တော်ကြီး၌ ကျပန်းစကားပြောပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲများကို လည်းကောင်း၊ မေ ၄ ရက်နှင့် ၅ ရက်တို့တွင် အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲများကိုလည်းကောင်း၊ မေ ၄ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့၊ မန္တလေးမြို့မှ စာပေတိုက် ၁၅ တိုက်မှ စာပေမျိုးစုံ စာအုပ်ဈေးရောင်းပွဲတော်ကိုလည်းကောင်း၊ ဆရာအောင်လင်းလက်ရာ အနုပညာပြခန်းနှင့် အမှတ်တရ မုဒိတာဂုဏ်ပြုစကားပြောကြားခြင်းနှင့် ကဗျာရွတ် ဂုဏ်ပြုခြင်းအစီအစဉ်များအပြင် ရန်ကုန်မြို့မှ ဆရာအောင်လင်း၏သမီး မေအောင်လင်းနှင့် နိုင်ငံကျော် အဆိုတော်များက သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း နံ့သာမြေမှ ကြယ်တစ်ပွင့် (သို့မဟုတ်) အရိုင်းစံပယ် နှစ် ၉၀ ပြည့်အထိမ်းအမှတ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးရှုမောင် (လူသစ်နီ)ထံမှ သိရသည်။

ဖေထွဏ်းဇော် (ရေစကြို)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး နှစ် ၂၀ ခရီး ပြန်လည်သုံးသပ်

မန္တလေး မေ ၄
သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ သက်တမ်း နှစ် ၂၀ ကာလ (၁၉၉၇-၂၀၁၇) လုပ်ငန်းဆောင်ရွက်မှုများ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို မေ ၂ ရက်က မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် ဦးစီးဌာနရုံးချုပ်၌ ကျင်းပသည်။

နှစ်ပေါင်း ၂၀ အတွင်း သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောတောင်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုးလောင်စာ တိုးမြှင့်အသုံးချနိုင်ခြင်း၊ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို ဦးစီးဌာနမှတာဝန်ခံများ၊ ပြည်တွင်းပြည်ပပညာရှင်များက ဆွေးနွေးသုံးသပ်အကြံပြုခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်နှင့် ဌာနအသီးသီးမှကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှကိုယ်စားလှယ်များ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

နှမ်းစပါးစိုက်ပျိုးမည့်တောင်သူများအား မင်းဘူး(စကု)မြို့နယ်အတွင်း မျိုးစပါးများစတင်ရောင်းချ

မင်းဘူး(စကု) မေ ၄
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်(စကု)မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးစိုက်ပျိုးမည့် ဒေသအတွင်းရှိ ကျေးရွာများမှ တောင်သူများအား မျိုးစပါးများစတင်ရောင်းချပေးနေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နွေစပါးကို စကုဘက်ရှိဆည်ရေရရှိသော ဒေသများတွင် စိုက်ပျိုးကြပြီး တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ အကျိုးတူပူးပေါင်း၍ ပွင့်ဖြူမြို့နယ်ရှိ မျိုးစေ့ဌာနနှင့် ဆက်သွယ်ကာ မျိုးကောင်းမျိုးသန့်စပါးများ ဝယ်ယူသိုလှောင်ထားရှိပြီး မျိုးကောင်းမျိုးသန့်စပါးများကိုသာ မျိုးစပါးအဖြစ်ရောင်းချပေးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းနိုင်ဝင်းထံမှ သိရသည်။

နွေစပါးကိုပွင့်ဖြူမြို့နယ်နှင့် တစ်ဆက်တည်းဖြစ်သည့် ကျောက်စစ်ပုံကျေးရွာ၊ ကံသစ်ကျေးရွာ၊ ကံကုလားကျေးရွာ၊ ကံဘဲ့၊မန်ကျည်းချောင်းကျေးရွာအုပ်စုများမှာ ပွင့်ဖြူမြို့နယ်ရှိ မဲဇလီဆည်မှ ဆည်ရေသောက်ဧရိယာအတွင်းရှိသဖြင့် နှစ်စဉ်နွေစပါးကို စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုနှစ်တွင် နွေစပါးစိုက်ဧက ၂၆၂၀ အထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

နွေစပါးစိုက်တောင်သူများအား လက်ရှိစပါးမျိုးတစ်တင်းလျှင် ငွေကျပ် ၈၂၀၀ နှုန်း ဖြင့်ရောင်းချပေးလျက်ရှိပြီး မျိုးစပါးတင်း ၃၀၀ အထိ ဖြန့်ဖြူးရောင်းချပြီးကြောင်းနှင့် မျိုးလိုသောတောင်သူများအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။ အချို့တောင်သူများသည် မိုးစပါးအတွက် မျိုးများကိုပင် ကြိုတင်ဝယ်ယူထားကြကြောင်းလည်း သိရသည်။

“ကျွန်တော်တို့ဒေသတွေက ဆည်ရေသောက်ဒေသတွေဖြစ်တဲ့အတွက် တစ်နှစ်ကို သုံးသီးစားစိုက်ပျိုးကြတယ်၊ နွေစပါး၊မိုးစပါးအပြင် ကြားသီးနှံ ကုလားပဲ၊ နေကြာ၊ ပဲကြီးတို့ကို စိုက်တယ်၊ ဒီနှစ်ကစလို့ စိုက်ပျိုးရေးဌာနကမျိုးစပါးတွေဝယ်ပြီး စိုက်တယ်၊ ကျွန်တော်ကတော့ ရောပဒေသာ၊ မနောသုခမျိုးတွေပဲ စိုက်ပျိုးတယ်”ဟု ကျောက်စစ်ပုံကျေးရွာမှ တောင်သူကိုမောင်အေးက ပြောသည်။

မျိုးစပါးရောင်းချရာတွင် ရေလိုအပ်ချက်နည်းကာ ရက်တိုတိုနှင့် အထွက်နှုန်းကောင်းသည့် ရက် ၉၀ ရတနာတိုး၊ မနောသုခ၊ ဆင်းသီဂီ၊ ရောပဒေသာစသည့် မျိုးကောင်းမျိုးသန့်စပါးများကို ဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

မေသူလွင်(မကွေးကိုယ်ပွား)

ဆိပ်ဖြူမြို့နယ်တွင် တောင်သူလယ်သမား သမဂ္ဂရုံးသစ်ဖွင့်

ဆိပ်ဖြူ မေ ၄
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် တောင်သူလယ်သမား သမဂ္ဂရုံးဖွင့်လှစ်ခြင်းနှင့် ဆိုင်းဘုတ်တင်ခြင်းအခမ်းအနားကို မေ ၂ ရက်က ယောဝရပ်ကွက်၌ ကျင်းပသည်။

တောင်သူလယ်သမားများ၏ဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ၎င်းတို့ဘဝများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံစီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်လာစေရန်၊ တောင်သူလယ်သမားများ၏ အခက်အခဲပြဿနာများကို ပူးပေါင်းပါဝင်ဖြေရှင်းနိုင်စေရန်၊ မြေယာပြဿနာများ၊ စိုက်ပျိုးရေးအသိပညာနည်းပါးမှုနှင့် လယ်ယာမြေနှင့်ပတ်သက်သည့် ဥပဒေနည်းဥပဒေများကို သင်တန်းများဖွင့်လှစ်သင်ကြားပေးရန် ရည်ရွယ်ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဌာနများအား လုပ်ငန်းသုံးမော်တော်ယာဉ်များ မကွေးတိုင်းဒေသကြီးအစိုးရ ထောက်ပံ့ပေးအပ်

မကွေး မေ ၄

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် အမှိုက်သိမ်းယာဉ်၊ ရေပုပ်စုပ်ယာဉ်၊ မီးသတ်ယာဉ်နှင့် လုပ်ငန်းသုံး မော်တော်ယာဉ်များကို သက်ဆိုင်ရာ ဌာနများထံသို့ လွှဲပြောင်းပေးအပ်ပွဲကို မကွေးမြို့ရှိ တိုင်းဒေသကြီး အားကစားကွင်းအတွင်း၌ မေ ၃ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

"ဌာနတွေရဲ့ခွင့်ပြုဘတ်ဂျက်ငွေအပေါ်မူတည်ပြီး လုပ်ငန်းများဆောင်ရွက်ရာမှာ လိုအပ်ချက်များအပေါ် ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရန် ဌာနဘတ်ဂျက် အခက်အခဲရှိတာကြောင့် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့မြို့များ အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်စေချင်တာကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကနေ ဝယ်ယူဖြည့်တင်းပေးနေတာဖြစ်ပါတယ်၊ ဒီနေ့ပေးတာက ပထမအသုတ် မှာယူရောက်ရှိတဲ့ ယာဉ်တွေပါ၊ နောက်ရောက်လာရင် ထပ်မံလွှဲပြောင်းပေးသွားမှာပါ"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောကြားသည်။

ထို့နောက် အမှိုက်သိမ်းယာဉ် ငါးစီးနှင့် ရေပုပ်စုပ်ယာဉ် ငါးစီးတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကိုယ်စား တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်ထံသို့လည်းကောင်း၊ မီးသတ်ယာဉ် ၂၃ စီးကို မြို့နယ်မီးသတ်ဦးစီးဌာနများကိုယ်စား တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်ဝင်းစိန်ထံသို့လည်းကောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပညာရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနများသို့ လုပ်ငန်းသုံးမော်တော်ယာဉ်များကို တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ပြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက မော်တော်ယာဉ်များ၏စွမ်းဆောင်ရည်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ယာဉ်များ ဝယ်ပေးရာတွင် ရေပုပ်စုပ်ယာဉ် တစ်စီးလျှင်ကျပ် ၃၇၅ သိန်းဖြင့် ငါးစီးအတွက် ကျပ် ၁၈၇၅ သိန်း၊ အမှိုက်သိမ်း ယာဉ်အလတ်စား တစ်စီးလျှင် ကျပ်သိန်း ၄၀၀ ဖြင့် ၁၈ စီးအတွက် ကျပ်သိန်း ၇၂၀၀၊ အမှိုက်သိမ်းယာဉ်ကြီး တစ်စီးလျှင် ကျပ်သိန်း ၄၅၀ ဖြင့် ခြောက်စီးအတွက် ကျပ်သိန်း ၂၇၀၀ စုစုပေါင်း ယာဉ် ၂၉ စီးအတွက် ငွေကျပ် ၁၁၇၇၅ သိန်းဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် ဝယ်ယူပေးမှုမှာ ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေယာဉ်တစ်စီးလျှင် ကျပ်သန်း ၃၀ ဖြင့် သုံးစီးအတွက် ကျပ်သန်း ၉၀၊ လှေကားတင် မီးသတ်ယာဉ်တစ်စီး ကျပ်သန်း ၂၀၀၊ ရှာဖွေကယ်ဆယ်ရေး ယာဉ်တစ်စီး ကျပ်သန်း ၁၅၀၊ ရုံးသုံးစက်ကိရိယာများအတွက် ၂၈၈ ဒသမ ၃၂ သန်း စုစုပေါင်း ၇၂၈ ဒသမ ၃၂၀ သန်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရ ထောက်ပံ့ရန်ပုံငွေဖြင့် ဝယ်ယူပေးမှုမှာ မီးသတ်ယာဉ်တစ်စီးလျှင် ကျပ်သန်း ၄၀ နှုန်းဖြင့် ၂၃ စီးအတွက် ကျပ်သန်း ၉၂၀ ဖြစ်ကြောင်း သိရသည်။

ဇေယျတု(မကွေး)

ဟားခါးမြို့ ဈေးသစ်ရပ်ကွက်၌ တိုက်အိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

ဟားခါး မေ ၄

ဟားခါးမြို့ ဈေးသစ်ရပ်ကွက်အတွင်း၌ မေ ၂ ရက် မွန်းလွဲ ၂ နာရီခန့်က လူနေတိုက်အိမ်တစ်လုံး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အိမ်ရှင်ဦးလိန်းနိုင်း၏ အုတ်ညှပ်တိုက်အိမ် အပေါ်ထပ်တွင် တယ်လီဖုန်းအားသွင်းခဲ့ရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာနေရာသို့ သတင်းရလျှင်ရချင်း ဟားခါးခရိုင်နှင့် မြို့နယ်မီးသတ်စခန်းတို့မှ မီးသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီးဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က လာရောက်ငြိမ်းသတ်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများကလည်း ဝိုင်းဝန်းကူညီငြိမ်းသတ်ခဲ့ကြရာ ၂ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ အဆိုပါမီးလောင်မှုနှင့် စပ်လျဉ်း၍ အိမ်ရှင် ဦးလိန်းနိုင်း၏ဇနီး ဒေါ်မန်သင်းကြည်အား ဟားခါးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကလေးငယ်များအတွက် နွေရာသီ ပန်းချီနှင့်အကသင်တန်း မြင်းမူမြို့၌ ဖွင့်လှစ်

မြင်းမူ မေ ၄

နွေရာသီကျောင်းပိတ်ရက်များတွင် ကလေးငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့်မျိုးဆက်သစ် ပန်းချီပညာရှင် အကပညာရှင်များ ပေါ်ထွန်းလာရန် ရည်ရွယ်လျက် ပန်းချီနှင့် အကသင်တန်းကို မေ ၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

သင်တန်းများကို ဝါရင့်ဆရာများဖြင့် သင်ကြားပေးပြီး နှစ်စဉ်ဖွင့်လှစ်ပေး၍ မြို့နယ်ဂုဏ်ဆောင်ပညာရှင်ကလေးငယ်များလည်း ပေါ်ထွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီးအဆင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပန်းချီပြိုင်ပွဲတွင် ဒုတိယဆုနှင့် တတိယဆု၊ ခရိုင်အဆင့်တွင် ပထမဆုနှင့် တတိယဆု ရရှိသည့် ကလေးငယ်များ ပေါ်ပေါက်ခဲ့သလို ကျောင်းပေါင်းစုံပြိုင်ပွဲများတွင်လည်း ဆုများရယူပေးနိုင်ခဲ့ကြောင်း ကျောင်းအုပ်ဆရာကြီး ဦးအေးလွင်ထံမှ သိရသည်။

ယခုနှစ် ကျောင်းပိတ်ရက်အတွက် ဖွင့်လှစ်သည့် ပန်းချီသင်တန်းတွင် သင်တန်းသား ၃၇ ဦးအား ပန်းချီဆရာကြီး ဦးစံရွှေက သင်ကြားပေးမည်ဖြစ်ပြီး အကသင်တန်းတွင် သင်တန်းသူ ၂၅ ဦးအား အနုပညာကျောင်းဆင်း ဆရာမ ဒေါ်အေးသန်းကြွယ်က သင်ကြားပေးမည်ဖြစ်ကာ သင်တန်းများကို မေ ၃ ရက်မှ မေ ၆ ရက်အထိ တစ်လကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်စိုးဇေ(မြင်းမူ)

မြဝတီခရိုင်အတွင်းမှ မသန်စွမ်းသူ ၄၉၄ ဦးအား တစ်ဦးလျှင် ကျပ်တစ်သိန်းစီ ထောက်ပံ့

မြဝတီ မေ ၄

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်းရှိ မသန်စွမ်းသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂ ရက်က မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက ယခုကဲ့သို့ ထောက်ပံ့ပေးခြင်းသည် နိုင်ငံတော်အဆင့်အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်တစ်ခုလုံးတွင်ရှိသည့် မသန်စွမ်းသူများအတွက် စုစုပေါင်း သိန်း ၆၀၀၀ ခန့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် အစိုးရသစ်အနေဖြင့် ယခုလို ထောက်ပံ့ပေးမှုမျိုးကို နှစ်စဉ်ပြုလုပ်ပေးရန် အစီအစဉ်ရှိကြောင်း ပြောကြားသည်။ ထို့နောက် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက မသန်စွမ်းသူများအား ဦးစီးဌာနက ထောက်ပံ့ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုတို့က မြဝတီခရိုင်အတွင်းမှ မသန်စွမ်းသူများအား ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြသည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် အမြင်အာရုံချို့တဲ့သူ၊ အကြားအာရုံချို့တဲ့သူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူနှင့် ဉာဏ်ရည်နိမ့်ပါးသူ လေးမျိုးအား ထောက်ပံ့ပေးခြင်းဖြစ်ကာ မြဝတီမြို့နယ်မှ မသန်စွမ်းသူ ၄၀၀၊ ဝေါလေမြိုင်နှင့် စုကလိမြို့တို့မှ ၉၄ ဦး စုစုပေါင်း ၄၉၄ ဦးအား တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ သန်းကျော်အနက် ၂ ဒသမ ၃ သန်းကျော်(၄ ဒသမ ၆ ရာခိုင်နှုန်း)သည် မသန်စွမ်းသူများဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ကချင်ပြည်နယ် နွေရာသီအားကစားသင်တန်းဆင်းပွဲကျင်းပ

မြစ်ကြီးနား မေ ၄

ကချင်ပြည်နယ်အတွင်း ဖွင့်လှစ်ခဲ့သည့် နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲကို မြစ်ကြီးနားရှိ ပြည်နယ်အားကစားကွင်း၌ မေ ၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ကြောင်း၊ အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု အားကောင်းစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သော လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားကာ အားကစားနည်းအလိုက် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပြီး အငယ်တန်းနှင့် အကြီးတန်း ဘောလုံးပြိုင်ပွဲတွင် ဆုရရှိသောအသင်းများအား ဆုချီးမြှင့်သည်။ ထို့နောက် သင်တန်းသားများက အားကစားနည်းအလိုက် သရုပ်ပြခဲ့ကြကြောင်း သိရသည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းကို မတ် ၅ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အားကစားနည်း ၁၉ မျိုးကို သင်ကြားပေးခဲ့ရာ သင်တန်းသား သင်တန်းသူပေါင်း ၁၄၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းဦး

မာန်အောင်မြို့နယ်တွင် သင်္ကြန်ပွဲတော်နှင့် သက်ကြီးပူဇော်ပွဲ ကျင်းပရေး ဆွေးနွေး

မာန်အောင် မေ ၄

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်တွင် မဟာသင်္ကြန်ပွဲတော်နှင့် သက်ကြီးပူဇော်ပွဲကို စည်ကားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို မေ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က မဟာသင်္ကြန်ပွဲတော်နှင့် သက်ကြီးပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ယခင်နှစ်က ကုန်ကျစရိတ်များကိုရှင်းလင်းပြီး ယခုနှစ်တွင်လည်း အစဉ်အလာမပျက် ကျင်းပနိုင်ရေး ဆွေးနွေးပြောကြားခဲ့ကာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး အဆိုပါကော်မတီများ၏ အစီအစဉ်ဖြင့် မဟာသင်္ကြန်ပွဲတော်နှင့် သက်ကြီးပူဇော်ပွဲကို အောင်မြင်စွာ ပြီးမြောက်အောင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကြက်ခြေနီ၏ နှစ် ၁၅၀ ခရီး

ဒေါက်တာအောင်ကျော်

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုကြီးသည် မဆုတ်မနစ် ဇွဲလုံ့လအပြည့်ဖြင့် သဘာဝဘေးဒုက္ခများ၊ ပဋိပက္ခများ၌ လူသားချင်း စာနာထောက်ထားသောအားဖြင့် ဘေးဒုက္ခဒဏ် ခံရသူများကို လိုအပ်သော လူမှုကရုဏာ အကူအညီများ ပေးလာခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ခရီး တိုင်ခဲ့ပြီဖြစ်ပေသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀ က ကြက်ခြေနီလူမှုကရုဏာ လုပ်ငန်းကို အစပျိုးခဲ့သူ တစ်နည်းအားဖြင့် ကိုယ်ကျိုးစွန့် အနစ်နာခံကူညီတတ်သည့် ကြက်ခြေနီစိတ်ဓာတ်ကို လူသားများ၏နှလုံးသားတွင် ပေါက်ဖွားစေခဲ့သူ(သို့မဟုတ်) ကြက်ခြေနီလှုပ်ရှားမှုကို အစပြုခဲ့သူ ဟင်နရီဒူးနန့်အား ဂုဏ်ပြုသောအားဖြင့် ဟင်နရီဒူးနန့်၏ မွေးနေ့ဖြစ်သော မေ ၈ ရက်ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကြက်ခြေနီအသင်းများနှင့် ကြက်ခြေနီလုပ်ငန်းများကို လူသားများ ဂရုပြုအမှတ်ရစေရန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းက ဦးဆောင်ပြီး ၁၉၄၈ ခုနှစ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း နိုင်ငံအသီးသီး၌ ဖွဲ့စည်းထားသော အမျိုးသားကြက်ခြေနီအသင်းတိုင်းက ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိပေသည်။

ကြက်ခြေနီသမိုင်းနောက်ခံ

ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုသည် စစ်ပွဲအတွင်း မွေးဖွားလာခဲ့ခြင်းဖြစ်သည်။ ၁၈၅၉ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်သည် ပြင်သစ်ဧကရာဇ် တတိယမြောက် နပိုလီယံထံ သွားရောက်စဉ် ဆိုလ်ဖာရီနိုအရပ်၌ ပြင်သစ်-အီတလီ စစ်တပ်များနှင့် ဩစတြီးယားစစ်တပ် တို့အကြား ဖြစ်ပွားသည့် စစ်ပွဲ၏အနိဋ္ဌာရုံများကို မျက်မြင်ကြုံတွေ့ခဲ့ရပြီး စစ်ပွဲအတွင်း ဒဏ်ရာရစစ်သည်များကို တတ်စွမ်းသမျှ ကူညီပြုစုစောင့်ရှောက်ခဲ့သည်။ စစ်ပွဲပြီးဆုံး၍ နေရပ်ပြန်ရောက်သည့်အခါ ဟင်နရီဒူးနန့်သည် "ဆိုလ်ဖာရီနိုအောက်မေ့ဖွယ်" အမည်ဖြင့် မိမိ၏ အတွေ့အကြုံများကို စာအုပ်ရေးသား ထုတ်ဝေခဲ့သည်။

စစ်ဖြစ်ပွားချိန်တွင် ဒဏ်ရာရသူများအား ပြုစုစောင့်ရှောက်ရန်အတွက် နိုင်ငံတိုင်း၌ စေတနာ့ဝန်ထမ်းအဖွဲ့များ ဖွဲ့စည်းထားရန်နှင့် ထိုစေတနာ့ဝန်ထမ်းများအား အကာအကွယ်ပေးရန်အတွက် နိုင်ငံများ၏ သဘောတူညီချက် ရယူရန်ဆိုသည့် အချက်နှစ်ချက်ကို ၎င်း၏စာအုပ်တွင် ထည့်သွင်းအဆိုပြုခဲ့သည်။

ထိုအချက်များသည် ပထမ ဂျီနီဗာသဘောတူညီချက်ဖြစ်သော လက်နက်ကိုင်တပ်ဖွဲ့များမှ စစ်မြေပြင်တွင် ဒဏ်ရာရသူများနှင့် နာမကျန်းဖြစ်နေသူများအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သဘောတူညီချက်ကို အတည်ပြုလက်ခံခြင်းနှင့်အတူ ၁၈၆၄ ခုနှစ်တွင် အကောင်အထည်ပေါ်လာသည်။ ၁၈၆၃ ခုနှစ်တွင် ငါးဦးကော်မတီကို ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုကော်မတီကို ကနဦးတွင် အပြည်ပြည်ဆိုင်ရာ ဒဏ်ရာရသူများ ကယ်ဆယ်ရေးကော်မတီ (International Committee for Relief to the Wounded) ဟု ခေါ်ခဲ့ပြီး နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ (ICRC)ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။ အမျိုးသား ကြက်ခြေနီအသင်းများ ပေါ်ပေါက်လာခဲ့ခြင်းနှင့်အတူ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှု

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ) နှင့် အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီ အသင်းများသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့်အတူတကွ စုပေါင်း၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုကို ဖော်ဆောင်ထားခြင်းဖြစ်သည်။ ထုံးစံအားဖြင့် ထိုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ဂျီနီဗာသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီညီလာခံ၌ လေးနှစ်တစ်ကြိမ်တွေ့ဆုံကြသည်။

ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ

ယခုဆိုလျှင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၉၁ တွင် အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းပေါင်း ၁၉၁ သင်း ရှိနေပြီဖြစ်သည်။ ထိုအမျိုးသားအသင်းများ၏ တစ်ခုတည်းသော ခံယူချက်မှာ အမျိုးသားအသင်းတစ်သင်းနှင့်တစ်သင်း အတူအကွပူးပေါင်းလက်တွဲ၍ ဘေးအန္တရာယ်ကြုံတွေ့လာပါက တစ်သင်း၏အခက်အခဲကို တစ်သင်းက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု လက်ခံယုံကြည်ထားကြပေသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အမိုးအောက်တွင် မိသားစုဝင်သုံးဦး ရှိသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (အိုင်အက်ဖ်အာရ်စီ) နှင့် ၁၉၁ သင်းသော အမျိုးသား ကြက်ခြေနီ၊ လခြမ်းနီအသင်းများ ဖြစ်ပေသည်။ ကျွန်ုပ်တို့ အနေဖြင့် ကြက်ခြေနီ၊ လခြမ်းနီ လှုပ်ရှားမှုများကို ဆောင်ရွက်ရာ၌ ကြက်ခြေနီလှုပ်ရှားမှုကြီးမှ လက်ကိုင်ထားရှိသော အခြေခံမူ ၇ ချက်နှင့်အညီ လူမျိုး၊ ဘာသာ၊ အဆင့်အတန်း ခွဲခြားမှုမရှိ၊ ဘက်လိုက်မှုမရှိ၊ ကြားနေလျက် ဘေးအန္တရာယ် ကျရောက်လွယ်သူနှင့် ကျရောက်နေသူ မည်သူ့ကိုမဆို ကြက်ခြေနီ၏ အခြေခံမူများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုအပ်ချက်အလိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

အမျိုးသားအသင်း ၁၉၁ သင်း၏ အသင်းဝင်တစ်သင်းဖြစ်သော မြန်မာနိုင်ငံကြက်ခြေနီအသင်းကို အိန္ဒိယနိုင်ငံကြက်ခြေနီအသင်း၏ အသင်းခွဲအနေဖြင့် ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ ၁၉၃၉ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ အမျိုးသားကြက်ခြေနီအသင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။ ၁၉၄၆ ခုနှစ် မေ ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အဖွဲ့ဝင်အသင်းတစ်သင်း ဖြစ်လာသည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေကို ၁၉၅၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ၎င်းအက်ဥပဒေကို ၁၉၆၄၊ ၁၉၇၁ နှင့် ၁၉၈၈ ခုနှစ်များတွင် ထပ်မံပြင်ဆင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ပြောင်းလဲလာသော ခေတ်၊ စနစ်နှင့်အညီ ပြန်လည်ရေးဆွဲလျက်ရှိကာ လွှတ်တော်သို့တင်ပြ အတည်ပြုချက်ရယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အမျိုးသားအသင်း၏ တာဝန်ဝတ္တရားများဖြစ်သည့် လူမှုကရုဏာလုပ်ငန်းများကို ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ဆိုသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါရည်ရွယ်ချက် အောင်မြင်ရန်အတွက် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများကို ကူညီပေးရန် အစရှိသည့် လုပ်ငန်းစဉ်(၃)ရပ် ချမှတ်ထားသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကြက်ခြေနီ စေတနာလုပ်အားရှင် လေးသောင်းကျော်ကွန်ရက်မှတစ်ဆင့် တစ်နိုင်ငံလုံးဖြန့်ကြက်၍ လူမှုကရုဏာလုပ်ငန်းများကို ဦးဆောင် ဆောင်ရွက်နေသော လူမှုရေးအသင်းကြီး ဖြစ်သည်နှင့်အညီ ဘေးဒုက္ခကျရောက်လွယ်သူများ၏ ကျန်းမာရေးနှင့် စားဝတ်နေရေးကို တိုးတက်ကောင်းမွန်အောင် ကူညီဆောင်ရွက်ပေးသည်။ အသင်းကြီးသည် အခြားသော ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းနှင့် ပြန်ကြားရေး မီဒီယာများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားစသည့် အဖွဲ့အစည်းအသီးသီးတို့နှင့် ပူးပေါင်းလျက် လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အသင်းကြီး၏ မျှော်မှန်းချက်နှင့် လုပ်ဆောင်ချက်

အသင်းကြီး၏ မျှော်မှန်းချက်မှာ မြန်မာနိုင်ငံတစ်ဝန်းရှိ ဘေးဒုက္ခကျရောက်လွယ်သူများနှင့် ဘေးအန္တရာယ်ကျရောက်နေသူများအတွက် အများပြည်သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့် လူမှုကရုဏာလုပ်ငန်းများကို အချိန်အခါမရွေးလုပ်ဆောင်သော ထိပ်တန်းအဖွဲ့အစည်း ဖြစ်လာစေရန်ဖြစ်သည်။

လုပ်ဆောင်ချက်အနေဖြင့် အသင်းသည် နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အန္တရာယ်ကျရောက်လွယ်သူများ၏ လူမှုအဖွဲ့အစည်းများအတွက်လည်းကောင်း၊ တစ်ဦးချင်းအတွက်လည်းကောင်း၊ ကျန်းမာရေးမြှင့်တင်ရန်နှင့် ဘေးအန္တရာယ်ကင်းဝေးသော ပတ်ဝန်းကျင်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သည်။ ဘေးဒုက္ခကျရောက်နေချိန်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ဘေးဒုက္ခကျရောက်နေသူများ ၎င်းတို့၏ ပုံမှန်ဘဝ ပြန်လည်ရောက်ရှိစေရန် ကူညီဆောင်ရွက်မည်။

နိုင်ငံတစ်ဝန်း ကြုံတွေ့နေရသည့် နာဂစ်မုန်တိုင်းကာလ၊ ဂီရိမုန်တိုင်းကာလ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ် မငြိမ်သက်မှုများအစရှိသည့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်နှင့် ပဋိပက္ခ ဖြစ်ပွားချိန်များတွင် ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် အခြေခံမူ ၇ ချက်နှင့်အညီ ဘေးဒဏ်သင့်သူများ၏ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်ရေး၊ အမိုးအကာရရှိရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုပြန်လည်ဆက်သွယ်ပေးရေး၊ သွေးသန့်သွေးလှူရှင်များ စုဆောင်းပေးခြင်းနှင့် အရေးပေါ်သွေးလှူဒါန်းပေးခြင်း အစရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကိုယ်ကျိုးမဖက် တက်ကြွစွာ ဆောင်ရွက်ခဲ့ပေသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကြက်ခြေနီ စေတနာလုပ်အားရှင်များ၏ ကိုယ်ကျိုးစွန့် ပါဝင်ကူညီမှုများနှင့်အတူ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ မိတ်ဖက်အမျိုးသား ကြက်ခြေနီ၊ လခြမ်းနီ အသင်းများ၏ အကူအညီဖြင့် နိုင်ငံတစ်ဝန်း ဘေးဒုက္ခကျရောက်ရာ နေရာဒေသများသို့ အခက်အခဲ အတားအဆီးများအကြားမှ သွားရောက်ကာ လူမှုကရုဏာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ်အတွင်း လူပေါင်း တစ်သန်းကျော်အတွက် လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

စေတနာလုပ်အားရှင်များနှင့် လူငယ်အင်အားစုများ

အလားတူ ဆယ်စုနှစ်ကာလအတွင်း ကမ္ဘာတစ်ဝန်း ဘေးဒုက္ခကျရောက်ခံရသည့် လူသားသန်းပေါင်းများစွာကို ကြက်ခြေနီစေတနာလုပ်အားရှင်များက ဖေးမကူညီပေးခဲ့ပါသည်။ ကမ္ဘာ့ နိုင်ငံအသီးသီးမှ တစ်ဘီလီယံနီးပါးသော စေတနာလုပ်အားရှင်များသည် မိမိတို့နိုင်ငံ၊ လူမျိုး၊ ဒေသအတွက် လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ထိုအထဲမှ ၁၃ သန်းကျော်သည် ကြက်ခြေနီ၊ လခြမ်းနီ စေတနာလုပ်အားရှင်များဖြစ်ပြီး ၅၀ ရာခိုင်နှုန်းသည် ကြက်ခြေနီ၊ လခြမ်းနီ လူငယ်အင်အားစုများ ဖြစ်ကြသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီ၊ လခြမ်းနီလှုပ်ရှားမှု၌ ဘေးအန္တရာယ်ကျရောက်လွယ်သော၊ ကျရောက်နေသော ပြည်သူများအတွက် အကျိုးအမြတ် တစ်စုံတစ်ရာ မျှော်ကိုးခြင်းမရှိဘဲ စိတ်စေတနာအလျောက် ပြည်သူများ၏လိုအပ်ချက်ကို နိုင်ငံတော်၏ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရန်အင်အားအဖြစ် ကျန်းမာရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပေသည်။

ကြက်ခြေနီ၊ လခြမ်းနီလှုပ်ရှားမှု စတင်ခဲ့သည့် နှစ်ပေါင်း ၁၅၀ အတွင်း လူမှုကရုဏာလုပ်ငန်းများကို စစ်မက်ဖြစ်ပွားချိန်နှင့် ပဋိပက္ခဖြစ်ပွားချိန်အတွင်း လုပ်ဆောင်ရာတွင် စိန်ခေါ်မှု အသစ်အသစ်များနှင့် အစဉ်အမြဲ ကြုံတွေ့ရသော်လည်း ကူညီဆောင်ရွက်လိုသည့် စိတ်ဆန္ဒတစ်ခုတည်းဖြင့် အခက်အခဲ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ကြသည်။ ကြက်ခြေနီ၊ လခြမ်းနီ အသင်းများအနေဖြင့် အကူအညီ လိုအပ်နေသူများကို ခွဲခြားမှုမရှိဘဲ ကူညီဆောင်ရွက်နေသူများဖြစ်ကြောင်း၊ ဘက်လိုက်မှုမရှိသော လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်နေကြောင်းကို ပြည်သူလူထုက အသိအမှတ်ပြုပေးရန် လိုအပ်သလို ကြက်ခြေနီလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် လိုအပ်ပါသည်။

သင်္ကေတ အမှတ်အသား

ထိုသို့ ဆောင်ရွက်ရာတွင် ကြက်ခြေနီ၊ လခြမ်းနီ အသင်းများ၏ သင်္ကေတ အမှတ်အသားသည်လည်း အရေးကြီးသည့် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ကြက်ခြေနီမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ကြက်ခြေနီအမှတ်အသားကို အသုံးပြုခြင်းသည် လွဲမှားစွာ အသုံးပြုခြင်းဖြစ်သည့်အတွက် ကြက်ခြေနီ အခြေခံမူနှင့်အညီ နှစ်ပေါင်းများစွာ စောင့်ထိန်းလှုပ်ရှားခဲ့သည့် ကြက်ခြေနီ လူမှုကရုဏာ လုပ်ငန်းများကို ထိခိုက်နိုင်ပါသည်။ အထူးသဖြင့် ပဋိပက္ခအခြေအနေများတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို သက်စွန့်ဆံဖျား ဆောင်ရွက်ပေးရသော ကြက်ခြေနီစေတနာ လုပ်အားရှင်များနှင့် လူမှုကရုဏာလုပ်ငန်းများ အားလုံး၏ လုံခြုံရေးကို ထိခိုက်စေနိုင်သည့်အတွက် တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် လေးစားလိုက်နာ ဆောင်ရွက်ခြင်းအားဖြင့် ကြက်ခြေနီလုပ်ငန်းများကို ပံ့ပိုးကူညီကြရန် တိုက်တွန်းအပ်ပေသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့်လည်း ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ ကြက်ခြေနီလှုပ်ရှားမှုများတွင် ပါဝင်နေသည့်အတွက် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့အစည်းများ၊ မိတ်ဖက်အမျိုးသားအသင်းများ၊ ပြည်တွင်းမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်သွယ် ဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ဥပဒေဘောင်အတွင်း ကြက်ခြေနီအခြေခံမူ ၇ ချက်ကို လက်ကိုင်ထား၍ လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိပါသည်။ ။

"နိုင်ငံတစ်ဝန်း ကြုံတွေ့နေရသည့် နာဂစ်မုန်တိုင်းကာလ၊ ဂီရိမုန်တိုင်းကာလ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ် မငြိမ်သက်မှုများ အစရှိသည့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်နှင့် ပဋိပက္ခဖြစ်ပွားချိန်များတွင် ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် အခြေခံမူ ၇ ချက်နှင့်အညီ ဘေးဒဏ်သင့်သူများ၏ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်ရေး၊ အမိုးအကာရရှိရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုပြန်လည်ဆက်သွယ်ပေးရေး၊ သွေးသန့်သွေးလှူရှင်များစုဆောင်းပေးခြင်းနှင့် အရေးပေါ် သွေးလှူဒါန်းပေးခြင်း အစရှိသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကိုယ်ကျိုးမဖက် တက်ကြွစွာဆောင်ရွက်ခဲ့ပေသည်"

မော်လူးမီးရထားဘူတာရုံသို့ ရုပ်မြင်သံကြားစက်လှူဒါန်း

မော်လူး ဧပြီ ၄

မြန်မာ့မီးရထား တိုင်းအမှတ်(၂) မော်လူးမီးရထားဘူတာရုံသို့ ဧပြီ ၃ ရက် ညနေ ၃ နာရီက ရထားစီးခရီးသည်များ နားနေကြည့်ရှုနိုင်ရန်တွက် PSI ရုပ်မြင်သံကြားစက် တစ်လုံးကို အလှူရှင် ဦးစောမောင်-ဒေါ်မမလေး မိသားစု စစ်ကိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမှ လှူဒါန်းရာ ဦးမောင်မောင်ထွေး ရုံပိုင်ကြီး (တာဝန်ခံ) မော်လူးဘူတာက လက်ခံရယူခဲ့သည်။

အဆိုပါအလှူရှင်မိသားစုမှ စေတနာသဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းခဲ့သည့်အတွက် မြန်မာ့မီးရထားဌာန (ကိုယ်စား) မော်လူးဘူတာရုံပိုင်ကြီး (တာဝန်ခံ) ဦးမောင်မောင်ထွေးက အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

၀၆၉

ဖျာပုံမြို့ ဗိုလ်ချုပ်ကြေးရုပ်နေရာ၌ ဂိတ်ထိုးနေသောယာဉ်များကို ရှင်းလင်းပေးရန် ပြည်သူများလိုလား

ဖျာပုံ ဧပြီ ၄
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့အဝေးပြေးကားဝင်းအနီးရှိ ကားလမ်းဆုံရာ တြိဂံချွန်းထိပ်တွင် မကြာသေးမီကာလက ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တုကို ဖွင့်ပွဲအခမ်းအနားဖြင့် ထားရှိခဲ့ပြီးနောက် တြိဂံပတ်လည်တွင် စတီးလက်ရန်းများကာရံကာ ယာဉ်မရပ်ရနေရာအဖြစ် သတ်မှတ်ထားခဲ့သော်လည်း ယခုအခါ ခရီးသည်တင်ယာဉ်လိုင်းအသီးသီးရှိ ကားများ၊ ကုန်တင်ကားများ၊ ဆိုင်ကယ်များ စည်းကမ်းမဲ့စွာ ဂိတ်ထိုးထားသည်မှာ အချိန် သုံးလခန့် ကြာမြင့်နေပြီဖြစ်သည်။

"ကျွန်တော်တို့ ဖျာပုံမြို့မှာရှိတဲ့ ဒီတြိဂံချွန်းထိပ်က ခရီးသွားပြည်သူတွေ၊ ဗိုလ်ချုပ်ကြေးသွန်းရုပ်တုကို လာရောက်ကြည့်ရှုလေ့လာကြသလို ခရီးသွားပြည်သူတွေ၊ ကျောင်းသား ကျောင်းသူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် ပတ်လည်မှာ ယာဉ်မရပ်ရနေရာအဖြစ် ဖြူနီကြား ဆေးသုတ်ထားပါတယ်၊ အရင်က ခရီးသည်တင်ကားတွေက အနီးမှာရှိတဲ့ အဝေးပြေးကွင်းထဲက သတ်မှတ်ပေးထားတဲ့ ကားဂိတ်တွေကနေ ဂိတ်ထိုးပြီး ပြေးဆွဲနေရတာပါ၊ ဒါကို အခုနှစ်မှာ အဝေးပြေးကွင်းမှာ ဂိတ်မထိုးတော့ဘဲ တြိဂံချွန်းထိပ်မှာ ကားကြီး၊ ကားငယ်တွေ ဂိတ်ထိုးပြီး ပြေးဆွဲနေတော့ ပြည်သူတွေအတွက် ယာဉ်အန္တရာယ်တွေ ပိုပြီးကြုံတွေ့နေရပါတယ်၊ ဒါကို သက်ဆိုင်ရာတာဝန်ရှိသူတွေက လာရောက်အရေးယူပေးမှသာ ပြည်သူတွေ အဆင်ပြေမှာပါ" ဟု အဝေးပြေးဝင်းအနီးနေ ပြည်သူတစ်ဦးက ပြောသည်။

ဖျာပုံမြို့ရှိ အဝေးပြေးဝင်းအတွင်း ကားများ စည်းကမ်းတကျ ဂိတ်ထိုးပြေးဆွဲရန်နေရာများကို သက်ဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်ပေးထားသော်လည်း လိုင်းကားများမှာ ခရီးသည်ရရှိရေးကို ဦးစားပေး၍ လမ်းဆုံနေရာဖြစ်သည့် တြိဂံချွန်းထိပ်တွင်သာ ဂိတ်ထိုးပြေးဆွဲခြင်းဖြစ်ကြောင်း၊ ယခင်က ယခုလို လနှင့်ချီ၍ ဂိတ်ထိုးပြေးဆွဲခြင်း မရှိခဲ့ဘဲ ရက်အနည်းငယ်သာ ဂိတ်ထိုးကာ သက်ဆိုင်ရာဌာနများနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက လာရောက်ဖမ်းဆီးပါက အဝေးပြေးကွင်းအတွင်းမှ သတ်မှတ်ဂိတ်များတွင် ပြန်လည်ဂိတ်ထိုးပြေးဆွဲခဲ့ကြကြောင်း၊ ယခုတစ်ကြိမ်တွင်မူ သုံးလခန့်ကြာသည်အထိ ပေါ်ပေါ်တင်တင် ဂိတ်ထိုးပြေးဆွဲနေကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိဌာနများနှင့် ယာဉ်ထိန်းတပ်ဖွဲ့များ၊ မြို့မိမြို့ဖများ ပူးပေါင်း၍ သတ်မှတ် စည်းမျဉ်းစည်းကမ်း ဥပဒေများအတိုင်း အမြန်ဆုံး အရေးယူဆောင်ရွက်ပေးရန် ပြည်သူများက လိုလားနေကြကြောင်း မြို့ခံအချို့၏ ပြောကြားချက်များအရ သိရသည်။ **ဝဇသ**

နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်း မြင်းခြံမြို့၌ ဖွင့်လှစ်

မြင်းခြံ ဧပြီ ၄
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ၁၂ မုခ်ကိုးဆောင် ကျောင်းတိုက်အတွင်းမှ အဖြူရောင်လက်များပရဟိတအသင်းတွင် နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းကို ဧပြီ ၃ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် အဖြူရောင်လက်များ ပရဟိတအသင်း နာယကဆရာတော်ဦးနန္ဒိယက သြဝါဒချီးမြှင့်ပြီး မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ ဇဗိုနာယက ဦးလှအောင်က သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်းတွင် သင်ကြားမည့်ဘာသာရပ်အား ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားသွားပြီး မိမိတို့ပတ်ဝန်းကျင်နှင့် မိသားစုအတွင်းဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေများတွင် ပြန်လည်အသုံးချသွားစေလိုကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ အဖြူရောင်လက်များပရဟိတအသင်း ဥက္ကဋ္ဌ ဦးအေးချမ်းနိုင်က ပရဟိတအသင်းများမှ လူငယ်မောင်မယ်များအနေဖြင့် အရေးပေါ်အခြေအနေ အန္တရာယ် တစ်စုံတစ်ရာပေါ်ပေါက်၍ ကူညီကယ်ဆယ်ရာတွင် ဆေးရုံသို့မပို့ဆောင်မီ လူနာ၏အခြေအနေကို စမ်းသပ်ခြင်းအကြောင်း အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးလှိုင်မင်းဦးက သင်တန်းတွင်သင်ကြားမည့် ဘာသာရပ်များမှာ နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်နည်းစနစ်များဖြစ်ပြီး စာတွေ့၊ လက်တွေ့ သင်ကြားသွားမည်ဖြစ်၍ စိတ်ပါဝင်စားစွာ သင်ယူကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းကို အဖြူရောင်လက်များ ပရဟိတအသင်းက ဦးဆောင်စီစဉ်၍ အခမဲ့ ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပြီး သင်တန်းသို့ မြင်းခြံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ပရဟိတအသင်းအဖွဲ့များမှ အသင်းသား ၇၆ ဦးတက်ရောက်ကာ သင်တန်းကာလ ခုနစ်ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

ကျောက်တန်း၌ မြစိမ်းရောင်စီမံကိန်း ချေးငွေများထုတ်ချေး

ကျောက်တန်း ဧပြီ ၄
ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရန်အတွက် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးက စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ စီမံကိန်းကာလ သုံးနှစ်ပြည့်ပြီးဖြစ်သော ပန်းချောင်း၊ တာပ၊ ကြာကန်နှင့် ရေကျော်ကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များကို မတ် ၃၁ ရက်က အသစ်ပြန်လည် ရွေးချယ်ခဲ့ရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းမင်းနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး ပန်းချောင်းကျေးရွာရှိ မွေးမြူရေးလုပ်သူ ၇၂ ဦး၊ စိုက်ပျိုးရေးလုပ်သူ ၆၅ ဦး၊ ရေလုပ်ငန်းလုပ်သူ ၆၃ ဦး၊ အခြားအသက်မွေးလုပ်ငန်းလုပ်သူ ၁၉ ဦးနှင့် အရောင်းအဝယ်လုပ်သူ ၁၂ ဦးတို့အတွက် ချေးငွေ ငွေကျပ်သိန်း ၄၆၀ ကိုလည်း စနစ်တကျထုတ်ပေးခဲ့ကြောင်း သိရသည်။ **စိုးဝင်း(ကျောက်တန်း)**

အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ် ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

* အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံ ထွက်ခြင်း
* စိတ်ရှုပ်ထွေးခြင်း
* သတိလစ်ခြင်း
* တက်ခြင်း
* ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများခံစားနေရသော လူနာအားတွေ့ရှိပါက -

လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။

လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။

အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖြန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ဂျိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခပ်ပေးပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အရာတော်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းဆိုင်ရာ သင်တန်းဖွင့်

အရာတော် ဧပြီ ၄
စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ စီးပွားရေးတိုးတက်လာရန်နှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာ ၂၁ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကျေးရွာ ရှစ်ရွာမှ ကော်မတီဝင်များအား ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းရေးဆွဲနည်း ဆင့်ပွားသင်တန်းကို ဧပြီ ၁ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)ဦးဗိုလ်ဆန်းက အမှာစကားပြောကြားပြီး အရာတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတေဇာထွန်းက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချခဲ့ကြကြောင်း သိရသည်။ **ဝ၇၇**

ဂန့်ဂေါခရိုင်အတွင်း အားကစားပစ္စည်းများ ထောက်ပံ့

ဂန့်ဂေါ ဧပြီ ၄
မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ မြို့များနှင့် ကျေးရွာများတွင် အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုဘတ်ဂျက်ဖြင့် အားကစားပစ္စည်း ၁၃ မျိုး ထောက်ပံ့ပေးအပ်ခြင်းကို ဧပြီ ၁ ရက် နံနက်ပိုင်းမှစ၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့မှုမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပြည်ထောင်စုဘတ်ဂျက်မှ တစ်မြို့နယ်လျှင် ငွေကျပ် ၂၅ သိန်း ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကာ ဂန့်ဂေါခရိုင်တွင် မြို့နယ်သုံးမြို့နယ်ရှိ၍ ငွေကျပ် ၇၅ သိန်း ရရှိသဖြင့် ထိုငွေဖြင့် အားကစားပစ္စည်းများ ဝယ်ယူထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

အားကစားပစ္စည်းများ ပေးအပ်ရာတွင် ကျေးရွာအရောက် သွားရောက် ထောက်ပံ့ပေးခြင်းဖြစ်ကာ ဂန့်ဂေါခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းကိုနှင့် မြို့နယ်နည်းစနစ်မှူး ဦးအောင်မြင့်ထွန်းတို့က ဆောမြို့နယ် လောင်းရှည်ကျေးရွာ၊ ရင်းကဲကျေးရွာနှင့် ယောမြို့နယ် ချောင်းကူးကျေးရွာများသို့လည်းကောင်း၊ အားကစားမှူး ဦးခင်မောင်ဝင်းက ထီးလင်းမြို့နယ်မှ လူငယ်အားကစားသမားများထံသို့လည်းကောင်း အားကစားပစ္စည်းများကို ဧပြီ ၁ ရက်က အသီးသီး ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျန်ရှိကျေးရွာများကို ရွေးချယ်၍ အားကစားပစ္စည်း ၁၃ မျိုးအနက် ငါးမျိုးကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပြီး ထိုအားကစားပစ္စည်းငါးမျိုးတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းတို့အတွက် အားကစားပစ္စည်းများ ပါဝင်ကြောင်း သိရသည်။ **ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဝင်းကို**

အိမ်မဲမြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်း ပြီးစီး

အိမ်မဲ ဧပြီ ၄
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပဒက်ကျေးရွာအုပ်စု သာလေးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ရွာတွင်းလမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ရာ မတ်လကုန်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်းသည် အရှည် ပေ ၁၀၀၀၊ အကျယ် ၆ ပေရှိပြီး ထု ၆ လက်မ ကျောက်ချောခင်းခြင်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာနေ ပြည်သူများ၏ လုပ်အားဒါန ပါဝင်မှုများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့် အခြေအနေကို အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇေယျာလင်းနှင့် ဝန်ထမ်းများက မတ် ၃၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကျောက်တံခါးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ဆုများချီးမြှင့်

ကျောက်တံခါး ဧပြီ ၄
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကျေးရွာ ၄၄ ရွာမှ ဆုရသည့်ကျေးရွာများအား ဆုချီးမြှင့်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၃၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး စီမံကိန်းကျေးရွာ ၄၄ ရွာအနက် စံပြကျေးရွာဆု၊ စံပြကျေးရွာ နှစ်သိမ့်ဆု၊ စာရင်းဇယားမှန်ကန်မှုဆု၊ စာရင်းဇယားမှန်ကန်မှု နှစ်သိမ့်ဆု၊ ကော်မတီစည်းလုံးညီညွတ်မှုဆု၊ ကော်မတီစည်းလုံးညီညွတ်မှု နှစ်သိမ့်ဆုနှင့် အထူးဆုများ ရရှိကြသည့် ကျေးရွာများသို့ ဆုများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင် ဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

ခင်ကို(ကျောက်တံခါး)

မယ်စဲ့ဒေသထွက်ကြက်သွန်ဖြူများ ဈေးကျ၍ တောင်သူများ အရှုံးပေါ်နေ

မယ်စဲ့ ဧပြီ ၄

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် ဆောင်းသီးနှံအဖြစ် ကြက်သွန်ဖြူကို ဒေသခံတောင်သူများက အများအပြား စိုက်ပျိုးခဲ့ကြရာ ယခု ကြက်သွန်ဖြူပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းနေ၍ ကြက်သွန်စိုက်တောင်သူများ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

"ကြက်သွန်ဖြူ စတင်စိုက်ပျိုးပြီး အပင်ထောင်စဉ်မှာ အခါလွန်မိုးရွာသွန်းခဲ့တာကြောင့် အပင်တွေမှာ မှိုရောဂါပိုးကျရောက်တဲ့အတွက် ဥသေးတာတွေများတယ်၊ မနှစ်က ထိုင်းနိုင်ငံက ကြက်သွန်အစို တစ်ကီလိုကို ထိုင်းဘတ် ၃၀ မှ ၃၅ ဘတ်အထိ ပေးဝယ်ခဲ့တဲ့အတွက် တောင်သူတွေ တော်တော်အဆင်ပြေကြတယ်၊ ဒီနှစ်ကတော့ ဥသေးရင် တစ်ကီလိုကို ထိုင်းဘတ် ၁၃ ဘတ်နဲ့ ဥကြီးရင် ၁၅ ဘတ်ပဲ ပေးဝယ်တယ်၊ ဒါတောင် ဝယ်သူမရှိသလို ဈေးကွက်လည်းမရှိတဲ့အတွက် တောင်သူတွေ အခက်ကြုံနေတယ်၊ ကြက်သွန်စိုက်ချိန်မှာ အလုပ်သမားတစ်ဦးကို ကျပ် ၅၀၀၀ နဲ့ ငှားရမ်းလုပ်ကိုင်ရပြီး မှိုသတ်ဆေး၊ ဓာတ်မြေဩဇာဖိုးတွေ ပေါင်းရင် ကြက်သွန်နုတ်ပြီးရောင်းချချိန်မှာ တော်တော်အရှုံးပေါ်တယ်" ဟု နန့်မန်းကျေးရွာမှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဒီဇင်ဘာနဲ့ ဇန်နဝါရီလတွေမှာ အခါလွန်မိုးရွာသွန်းမှုကြောင့် ကြက်သွန်ခင်းတွေ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မြေမျိုး၊ ပိုးနဲ့ ပတ်သက်တာတွေ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာသုံးစွဲနည်းနဲ့ပတ်သက်တာတွေ အသိပညာပေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ခဲ့ပေမယ့် တောင်သူတွေဘက်က လိုက်နာမှုအားနည်းခဲ့တယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မင်းက ပြောသည်။

မယ်စဲ့မြို့နယ်တွင် ကြက်သွန်ဖြူစိုက်ဧက တစ်ဧကလျှင် ကီလို ၅၀၀၀ မှ ၇၀၀၀ အထိ ထွက်ရှိပြီး မယ်စဲ့ဒေသထွက် ကြက်သွန်ဖြူများကို အိမ်နီးချင်းထိုင်းနိုင်ငံက ကြိုက်နှစ်သက်သည့်အတွက် မျိုးအနေဖြင့် နှစ်စဉ်ဝယ်ယူလျက်ရှိရာ ယခုအချိန်တွင်မူ ထိုင်းနိုင်ငံဘက်တွင်လည်း ကြက်သွန်ဖြူပေါ်နေချိန်ဖြစ်၍ ၎င်းတို့ဒေသထွက် ကြက်သွန်ဖြူများ ကုန်မှသာ မြန်မာနိုင်ငံမှ ကြက်သွန်ဖြူများကို ပြန်လည်ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မယ်စဲ့မြို့နယ်မှ ဒေသခံ ကြက်သွန်စိုက်တောင်သူများအနေဖြင့် ဧပြီလကုန်တွင် မယ်စဲ့မြို့၌ ဖွင့်လှစ်မည့် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဈေး(ယာယီဈေး)တွင် ဒေသထွက် ကြက်သွန်ဖြူများကို တစ်နိုင်တစ်ပိုင် ရောင်းချနိုင်မည်ဖြစ်ကြောင်း နယ်စပ်ဈေးဖွင့်လှစ်ရေး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

စိုက်ခင်းများမှထွက်သည့် ကြက်သွန်ဖြူများကို တင်ဆောင်ထားသော ကားတစ်စီး

ရေနံချောင်းမြို့၌ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံ

ရေနံချောင်း ဧပြီ ၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့ ဆုံတိုက်ရပ်ကွက် လည်ပေါ်သာသနာ့ဗိမာန်တော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပွဲနှင့် မြတ်စွယ်တော်ဘုရားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်းသိရသည်။

"ဗုဒ္ဓမြတ်စွယ်တော်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၅ ရက်က သီရိလင်္ကာနိုင်ငံ ကန်နီမြို့ ဗုဒ္ဓမြတ်စွယ်တော်တိုက်မှ ပင့်ဆောင်လာပြီး ရေနံချောင်းမြို့ ဆုံတိုက်ရပ်ကွက် လည်ပေါ်သာသနာ့ဗိမာန်တော်၌ အပူဇော်ခံထားရှိပါတယ်၊ စွယ်တော်တိုက်ဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပခဲ့ပြီး ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် မြို့ပေါ်ရပ်ကွက်များသို့ ဧပြီ ၁ ရက် ညနေပိုင်းက ဆရာတော် သံဃာတော်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အကျိုးတော်ဆောင်များ၊ ဝတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ လိုက်ပါပြီး ဗုဒ္ဓမြတ်စွယ်တော်ကို ဆင်ရတနာဖြင့် လှည့်လည်အပူဇော်ခံခဲ့ပါတယ်"ဟု လည်ပေါ်သာသနာ့ဗိမာန် ဂေါပကဥက္ကဋ္ဌ ဦးချစ်ညီညီက ပြောသည်။

ဗုဒ္ဓမြတ်စွယ်တော်ဘုရားပွဲကို ဧပြီ ၁ ရက်မှ ၅ ရက်အထိ ဇာတ်ပွဲများထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဧပြီ ၆ ရက်တွင် ဗုဒ္ဓမြတ်စွယ်တော်ပိတ်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုင်းဆတ်မြို့၌ သင်္ကြန်ရက်အတွင်း မူခင်းကျဆင်းရန် ကြိုတင်ဆောင်ရွက်

မိုင်းဆတ် ဧပြီ ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ သင်္ကြန်ကာလအတွင်း မူခင်းများ လျော့နည်းကျဆင်းစေရန် ကြိုတင်ဆောင်ရွက်သည့်အနေဖြင့် ကွမ်းယာဆိုင်များနှင့် ဆေးဆိုင်များတွင် ကာမစိတ်ကြွဆေးများနှင့် တရားမဝင်ဆေးဝါးများ ရောင်းချမှုရှိမရှိ လိုက်လံစစ်ဆေးခြင်းနှင့် ရောင်းချခြင်းမပြုရန် ဆိုင်ရှင်များအား အသိပညာပေးခြင်းလုပ်ငန်းကို တာဝန်ရှိဌာနများ ပူးပေါင်း၍ ဧပြီ ၂ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနေ့ မူခင်းကြိုတင်ကာကွယ်မှု အသိပညာပေးခြင်းလုပ်ငန်းအနေနဲ့ မြို့ပေါ်ဆေးဆိုင်တွေနဲ့ ကွမ်းယာဆိုင်တွေမှာ ကာမစိတ်ကြွဆေးနဲ့ တရားမဝင်ဆေးဝါးတွေ ရောင်းချမှု ရှိမရှိ ကွင်းဆင်းစစ်ဆေးတာပါ၊ တစ်ဆိုင်မှ ရောင်းချတာမတွေ့ရပါဘူး၊ မရောင်းချဖို့လည်း အသိပညာပေး ဆွေးနွေးခဲ့ပါတယ်၊ နောက်ထပ်လည်း ကွင်းဆင်းစစ်ဆေးဦးမှာပါ"ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဟိန်းဇော်ဦးက ပြောသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းနှင့်အသိပညာပေးခြင်းလုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သန်းဇော်(မိုင်းဆတ်)

ကရင်တိုင်းရင်းသားစာပေ အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်းဆင်း

ပဲခူး ဧပြီ ၄

ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ တောင်ယာကုန်း ကရင်နှစ်ခြင်းကျမ်းစာသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် တိုင်းဒေသကြီးအဆင့် ကရင်တိုင်းရင်းသားစာပေ အရည်သွေးမြှင့်တင်ရေး မွမ်းမံသင်တန်း၏ သင်တန်းဆင်းပွဲကို ဧပြီ ၁ ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး(ဟောင်း) ဦးစောဂျူဘလီစံလှ၊ တိုင်းဒေသကြီးပညာရေးမှူးဦးကျော်ဆင့်၊ တိုင်းဒေသကြီးနှင့် ခရိုင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့သည်။ ထို့နောက် သင်တန်းတွင် ပထမဆုရ နော်ထီးခူဖော (ဖြူးမြို့နယ်)၊ ဒုတိယဆုရ နော်ခူခူဖော (ကျောက်ကြီးမြို့နယ်)နှင့် တတိယဆုရ နော်အယ်ကညောဖော (ရွှေကျင်မြို့နယ်)တို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ သင်တန်းသို့ သာယာဝတီခရိုင်မှ ၁၆ ဦး၊ ပြည်ခရိုင်မှ ၁၃ ဦး၊ တောင်ငူခရိုင်မှ ၁၅ ဦး၊ ပဲခူးခရိုင်မှ ၁၆ ဦး စုစုပေါင်းခရိုင်ကိုယ်စားလှယ် ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကို ခြောက်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စကောကရင် တတိယတန်းဖတ်စာ သင်ရိုးညွှန်းတမ်းကို အဓိကထား သင်ကြားခဲ့ပြီး (သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း) သင်ရိုးညွှန်းတမ်းများလည်း ပြန်လည်လေ့ကျင့်သင်ကြားပေးသည့်အပြင် စကောကရင်အခြေခံသဒ္ဒါ၊ တေးသီချင်းများ၊ ပန်းချီပညာ၊ ရောင်စုံအရုပ်လက်မှုပညာများကိုလည်း သင်ကြားပေးခဲ့ကြောင်း၊ ထို့အပြင် ရိုးရာယဉ်ကျေးမှုဖြစ်သော အခြေခံဒုံးအကပညာ၊ ကရင်ရိုးရာ လက်ရစ်ချည်လိပ်ပြာအကြောင်း သိကောင်းစရာများ စသည်တို့ကိုလည်း သင်ကြားပေးခဲ့ကာ ပညာရေးနှင့်ပတ်သက်သော သိကောင်းစရာများ၊ တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး စသည်တို့ကိုလည်း သင်ကြားပေးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

သံဖြူဇရပ်မြို့နယ်တွင် စာကြည့်တိုက်များဖောင်ဒေးရှင်း စတင်ဖွဲ့စည်း

သံဖြူဇရပ် ဧပြီ ၄

မွန်ပြည်နယ်အတွင်းမှ မြို့နယ်အသီးသီးတွင် မြို့နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဖွဲ့စည်းနိုင်ရေးအတွက် ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးချိုချိုနှင့် အဖွဲ့က မြို့နယ်များသို့ သွားရောက်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်တွင် သံဖြူဇရပ်မြို့သို့ လာရောက်ပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာ၌ မြို့မိမြို့ဖများ၊ မြို့နယ်စာရေးဆရာအသင်း အမှုဆောင်များ၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ သံဖြူဇရပ်မြို့နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

တွေ့ဆုံရာတွင် မွန်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ဦးကိုကိုလေးနှင့် ဥက္ကဋ္ဌဦးချိုချိုတို့က ဖွင့်လှစ်ပြီးသည့် ကျေးရွာစာကြည့်တိုက်များ စံငါးရပ်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးစေရန်၊ စာအုပ်စာပေ လေ့လာဖတ်ရှုသူတိုးပွားလာပြီး စာဖတ်ရှိန်မြှင့်တင်ရေး အထောက်အကူပြုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ စာကြည့်တိုက်ကိုအခြေခံ၍ ပြည်သူများအတွက် လူမှုရေးဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများနှင့် လူငယ်များအတွက် လေ့ကျင့်ပညာပေးမှုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန် ဦးတည်၍ ဖောင်ဒေးရှင်းများ ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥက္ကဋ္ဌအဖြစ် ဦးစံသောင်းက တာဝန်ယူဆောင်ရွက်သည့် သံဖြူဇရပ်မြို့နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းကို ဖွဲ့စည်းခဲ့ပြီး ပြည်နယ်နှင့် မြို့နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ရပ်ကျေးစာကြည့်တိုက်များမှ ကော်မတီဝင်များက ကျေးရွာစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြကာ မြို့နယ်အတွင်း ကျေးရွာသုံးရွာရှိ စာကြည့်တိုက်များအတွက် စာအုပ်များကို ပြည်နယ် ဖောင်ဒေးရှင်းအဖွဲ့က ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

မင်းတပ်မြို့နယ် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှုကို ကွင်းဆင်းစစ်ဆေး

မင်းတပ် ဧပြီ ၄

ချင်းပြည်နယ် မင်းတပ်မြို့နယ် ကြို့နာမ်ရွာသစ်နှင့် လုံပုမ်ရွာကြား ဆက်သွယ်ဖောက်လုပ်လျက်ရှိသော ကျေးရွာချင်းဆက်လမ်း လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတိတ်ထန်း ဦးဆောင်၍ မင်းတပ်ခရိုင်ဖွံ့ဖြိုးရေး ကြီးကြပ်ရေးမှူး(ဒုတိယညွှန်ကြားရေးမှူး) ဦးရမ်ဟေးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးအောင်စိုး(မြို့နယ်စီမံကိန်းလက်ထောက်ညွှန်ကြားရေးမှူး)တို့ပါဝင်သည့် တာဝန်ရှိသူများအဖွဲ့ မတ် ၃၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အရှည် ၁၀ မိုင် အကျယ် ၂၁ ပေရှိကာ ရေမြောင်းများလည်း ပါဝင်ကြောင်း၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် နတလဌာန ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈၅ ဒသမ ၆၉၆ သန်းဖြင့် ဖောက်လုပ်နေခြင်းဖြစ်ကာ လုပ်ငန်းများကို ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ လမ်းဖောက်လုပ်ရာတွင် အရှည်ပေ ၂၀၀၊ အမြင့် ပေ ၂၀ မှပေ ၁၀၀ ကျော်အထိရှိသော ကျောက်သားများ ခံနေ၍ လုပ်ငန်းခက်ခဲမှုအရ ပြီးစီးမည့်နေ့ကို ဧပြီ ၃၀ ရက်အထိ အစိုးရက ရွှေ့ဆိုင်းခွင့်ပြုထားကြောင်း လွှတ်တော်ကိုယ်စားလှယ်၏ ရှင်းပြချက်အရ သိရသည်။ အဆိုပါလမ်း ဖောက်လုပ်ပြီးပါက ဒေသတွင်း ရွာပေါင်း ၁၁ ရွာမှ ပြည်သူများအနေဖြင့် မင်းတပ်မြို့သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့် အချက်များ

၁။ ရေပက်ခံကား ယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်၊

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင် သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြှူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်၊

၃။ တာဝန်သိ ပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့အမြတ် တနိုးတန်ဖိုးထားသည့်အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်း ကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမ ဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုများ တွေ့ရှိပါက အနီးဆုံး လုံခြုံရေး အဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်၊

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲ အပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်၊

၅။ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

ရေစီးရေလာမကောင်း၍ ရေအိုင်များဖြစ်

ဖျာပုံ ဧပြီ ၄

ဖျာပုံမြို့ ဗိုလ်ချုပ်လမ်း ကမ္ဘောဇဘဏ်ရှေ့ ရေမြောင်းများအတွင်း စွန့်ပစ်အမှိုက်များကြောင့် ရေစီးရေလာ မကောင်းတော့၍ မြောင်းအတွင်းမှ ရေများလမ်းမပေါ် လျှံတက်လာပြီး ရေအိုင်များဖြစ်ပေါ်လျက်ရှိသည်။

ဗိုလ်ချုပ်လမ်းနေ ပြည်သူတစ်ဦးက "နွေခေါင်ခေါင်မှာ လမ်းမပေါ် ရေလျှံပြီး ရေအိုင်ဖြစ်နေတော့ ယာဉ်များမောင်းနှင်ရန်နဲ့ လူများသွားလာရန် ခက်ခဲနေပါတယ်၊ အမြင်လည်းမတော်ပါဘူး၊ အခုလို လမ်းပေါ်ထိ ရေလျှံနေတာကြာပါပြီ၊ တာဝန်ရှိသူတွေ လမ်းနေပြည်သူတွေနဲ့ ညှိနှိုင်းပြီး ရေမြောင်းတွေ ရေစီးရေလာကောင်းအောင် အမြန်ဆောင်ရွက်ပေးသင့်ပါတယ်"ဟု ပြောသည်။

လမ်းမပေါ် ရေလျှံနေသည်မှာ တစ်ရက်ထက်တစ်ရက်များလာပြီး ရေအိုင်ကြီးကြီးလာသည့်အတွက် လမ်းသွားလမ်းလာများ၊ ရေအိုင်အနီး နေထိုင်ကြသည့် ပြည်သူများ ဝင်ထွက်သွားလာရန် ခက်ခဲခြင်း၊ ခြင်များပေါက်ပွားလာခြင်း၊ ထိခိုက်နိုင်ခြင်းနှင့် မြောင်းပုပ်ရေဖြစ်၍ အနံ့ဆိုးထွက်နေခြင်းများ ခံစားနေရကြောင်း၊ လမ်းသွားလမ်းလာ ပြည်သူများနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများက တာဝန်ရှိသူများ လိုအပ်သလို ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

အောင်ဝင်း (ဖျာပုံ)

လှိုင်မြို့နယ် ၁၆ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၁ ရက်က ကျင်းပရာ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆွေမြင့်က ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

မီးမီးလှိုင်

'က' ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ကာ ဆိုင်ကယ်ဦးထုပ်များ ဖြန့်ဝေပေး

လယ်ဝေး ဧပြီ ၄

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ 'က' ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ ဖြန့်ဝေပေးခြင်းတို့ကို ဧပြီ ၁ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့ စမတောင် မဟာပရဟိတကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်တိုင်းရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေးက ဌာန၏ရည်မှန်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး၊ ယာဉ်တိုက်မှုဖြစ်ပွားစေနိုင်သည့်အချက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပရိုဂျက်တာဖြင့်ပြသ၍ ရှင်းလင်းဟောပြောသည်။

ထို့နောက် စစ်ဆေးရေးမှူး (၂) ဦးအောင်ကျော်ဆန်းက ပညာပေးသင်တန်းပို့ချပြီး ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ ရေးဖြေစစ်ဆေးသည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများအား မော်တော်ဆိုင်ကယ်မောင်း လက်တွေ့စစ်ဆေးပြီး အောင်မြင်သူ ၆၂ ဦးအား 'က' ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီး ထုတ်ပေးခဲ့သည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ဆိုင်ကယ်စီးဦးထုပ်များဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

မြို့နယ်(ပြန်/ဆက်)

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
မော်လမြိုင်မြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အသုံးပြုရန် အောက်ဖော်ပြပါစက်များကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Static Smooth Drum (၈)တန် - (၁) စီး
(ခ) Tyre Roller (၁၆)တန် - (၁) စီး
(ဂ) A C Paver - (၁) စီး

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို (၆-၄-၂၀၁၈) ရက်မှစ၍ (၁၉-၄-၂၀၁၈)ရက်အထိ ရုံးချိန်အတွင်း မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ(နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ) အဆိုပြုလွှာများအား ချိပ်ပိတ်စာအိတ်များ(A)နှင့်(B)ဖြင့် သီးခြားစီခွဲ၍ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ (၁၉-၄-၂၀၁၈)ရက် (၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဒုတိယအင်ဂျင်နီယာမှူးကြီး ဖုန်း-၀၉-၅၂၃၂၂၅၂၊ ၀၅၇-၂၄၈၈၇၊ ၀၉-၈၇၈၇၈၃၈၂၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
မော်လမြိုင်မြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အသုံးပြုရန် အောက်ဖော်ပြပါစက်များကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Asphalt Distributor (Sprayer) - (၁) စီး
(ခ) Chipping Spreader (One Set) - (၁) စီး
(ဂ) ကတ္တရာကျိုစက် (Decanter) - (၁) စုံ

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို (၆-၄-၂၀၁၈) ရက်မှစ၍ (၁၉-၄-၂၀၁၈)ရက်အထိ ရုံးချိန်အတွင်း မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ(နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ) အဆိုပြုလွှာများအား ချိပ်ပိတ်စာအိတ်များ(A)နှင့်(B)ဖြင့် သီးခြားစီခွဲ၍ မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံးသို့ (၁၉-၄-၂၀၁၈)ရက် (၁၆း၃၀) နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဒုတိယအင်ဂျင်နီယာမှူးကြီး ဖုန်း-၀၉-၅၂၃၂၂၅၂၊ ၀၅၇-၂၄၈၈၇၊ ၀၉-၈၇၈၇၈၃၈၂၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

ပြည်နယ်ပညာရေးမှူးရုံး
မွန်ပြည်နယ်၊မော်လမြိုင်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(Open Tender)ခေါ်ယူခြင်း

မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား/ကျောင်းသူများအားလုံးအတွက် အခမဲ့ထောက်ပံ့ပေးနိုင်ရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအားတင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါ၍ နိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

လေ့ကျင့်ခန်းစာအုပ်အရည်အသွေး

(က) စာအုပ်အရွယ်အစား - (၆. ၂၅×၈.၂၅)လက်မ
(ခ) လိုင်းအရေအတွက် - ၂၂လိုင်း (အနည်းဆုံး)
(ဂ) အဖုံးစက္ကူ - ၁၈၀ gsm Duplex Board(Color) သဘာဝဘေးပညာပေး(Color)
(ဃ) အတွင်းစက္ကူ - ၆၀ gsm indo 1k Woodfree
(င) စာမျက်နှာ - ၈၀ Pages

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၉-၄-၂၀၁၈ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၇-၄-၂၀၁၈ရက် ညနေ ၅ နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - ပြည်နယ်ပညာရေးမှူးရုံး၊ မွန်ပြည်နယ်

အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မွန်ပြည်နယ် အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-(၀၅၇-၂၅၉၁၄)
မွန်ပြည်နယ် ပညာရေးမှူးရုံး ဖုန်း-(၀၅၇-၂၇၂၆၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ဆေးသုတေသနဦးစီးဌာန
အမှတ်(၅)ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)တွင် ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း-၀၁-၃၈၀၁၂၈နှင့် ၀၉-၅၁၃၆၇၁၀ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်စက်ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-

စတင်ရောင်းချမည့်ရက် - ၉-၄-၂၀၁၈ရက် နံနက် ၉း၃၀နာရီ

၄။ **အိတ်ဖွင့်တင်ဒါပိတ်ရက်** - ၉-၅-၂၀၁၈ရက် မွန်းတည့် ၁၂နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
မော်လမြိုင်မြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အသုံးပြုရန် အောက်ဖော်ပြပါစက်များကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) သုံးဘီးလမ်းကြိတ်စက် (၁၀/၁၂)တန် - (၆) စီး

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို (၆-၄-၂၀၁၈) ရက်မှစ၍ (၁၉-၄-၂၀၁၈)ရက်အထိ ရုံးချိန်အတွင်း မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ(နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ) အဆိုပြုလွှာများအား ချိပ်ပိတ်စာအိတ်များ(A)နှင့်(B)ဖြင့် သီးခြားစီခွဲ၍ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ (၁၉-၄-၂၀၁၈)ရက် (၁၆း၃၀) နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဒုတိယအင်ဂျင်နီယာမှူးကြီး ဖုန်း-၀၉-၅၂၃၂၂၅၂၊ ၀၅၇-၂၄၈၈၇၊ ၀၉-၈၇၈၇၈၃၈၂၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

တံဆိပ်အမှတ်အသားမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ နဝရတ်လမ်း၊ အမှတ် (ဖ-၁၆)နေ ဦးပြည့်မှူးရှိန် ၉/ပဥလ(နိုင်)၀၂၂၂၀၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ တံဆိပ်အမှတ်အသား JAPAN CHIPS (ဂျပန်ချစ်ပ်) အာလူးကြော်နှင့် မုန့်မျိုးစုံလုပ်ငန်း ဦးပြည့်မှူးရှိန်၏ မူပိုင်အမှတ်အသားဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံးတွင် မှတ်ပုံတင်ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် JAPAN CHIPS (ဂျပန်ချစ်ပ်)က ထုတ်လုပ်သော အင်္ဂလိပ် မြန်မာစာတန်းပါ ပလပ်စတစ်အိပ်၊ ပါဆယ်ထုပ်၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်းများတွင် ရိုက်နှိပ်၊ ဖိနှိပ်၍ ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ထုတ်လုပ်ဖြန့်ချိသုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံစံတူ (သို့) ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲလာပါက တရားဥပဒေအရ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်းနှင့်အကယ်၍ အဆိုပါ တံဆိပ်အမှတ်အသားအား မှတ်ပုံတင်ပြုလုပ်ဆောင်ရွက်သုံးစွဲနေသူရှိပါက တရားဝင်စာမှတ်စာတမ်း အပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးပြည့်မှူးရှိန်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြိုးသူဇာလင်း(LL.B) **ဒေါ်ခင်မာကြည်(LLB)**
စဉ်-၈၄၈၃/၂၀၁၂ **စဉ်-၁၃၂၉၀/၂၀၁၆**
တရားလွှတ်တော်ရှေ့နေများ
ဒေါ်လွမ်းနော့
စဉ်-၄၉၂၄၆/၂၀၁၈
အထက်တန်းရှေ့နေ
'ဖြိုး' အမှုလိုက်နှင့် ဥပဒေအတိုင်ပင်ခံရုံး
အမှတ်(၁၂)၊ (B-4)၊ မေခလမ်း၊ (၃)ကွက်၊ ရက်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၃၁၈၉၃၉၉၊ ၀၉-၇၉၅၃၆၁၉၂၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/4192, Toyota BREVIS ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၉/မထလ(နိုင်)၁၃၅၄၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/4160 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/5493 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
(တင်ဒါအမှတ်-၁/၂၀၁၈-၂၀၁၉)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဖလမ်းခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ပထမ(၆)လ ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း/ပြင်ထိန်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတာချဲ့ခြင်းလုပ်ငန်း၊ Guard Rail လုပ်ငန်းနှင့် လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ လုပ်ငန်းတင်ဒါအတွက် အသေးစိတ်စာရင်းနှင့် တည်ဆောက်ရေးသုံးပစ္စည်းများ၏ အသေးစိတ်စာရင်းများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ရုံးဖုန်း- ၀၇၀-၄၀၀၅၈၊ ၀၇၀-၄၀၄၀၇

တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်	- ၁၀-၄-၂၀၁၈ ရက်
တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်အချိန်	- နံနက် ၉:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ
တင်ဒါပိတ်မည့်ရက်/အချိန်	- ၂၅-၄-၂၀၁၈ ရက် ညနေ၄:၀၀နာရီ
တင်ဒါရွေးချယ်မည့်ရက်/အချိန်	- ၂၇-၄-၂၀၁၈ ရက် နံနက် ၉:၃၀ နာရီ
တင်ဒါရွေးချယ်မည့်နေရာ	- ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ
လမ်းဦးစီးဌာန၊ ဖလမ်းခရိုင်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန
လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ် (၂/၂၀၁၈-၂၀၁၉)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။	Aircon CHIGO 1.5 H.P Model CS 32 Am 156 1 Frame, 2 Safe Gard	၅ လုံး
၂။	Aircon CHIGO 2 H.P Model CF 51 H 33 1 Frame, 2 Safe Gard	၂ လုံး
၃။	Aircon CHIGO 5 H.P Model CF 120/ E 41 1 Frame, 2 Safe Gard	၂ လုံး
၄။	Server (sonlogy) RS2416 RP+	၁ လုံး
၅။	Camera Canon B 700 20 mm 60h	၁ လုံး
၆။	GPS Garmin-64s	၁၀ လုံး
၇။	Air Condition (LG Conditioner 1.5 HP)	၂ လုံး
၈။	Universal Drying Oven	၁ လုံး
၉။	ဖုန်စုပ်စက် (Hitachi Cacuum Cleaner)	၁ လုံး
၁၀။	ရေသန့်စက် (Osmosis)	၁ လုံး
၁၁။	သံလိုက်မွှေစက် (Magnetic Stirrer and Bar)	၁ လုံး
၁၂။	ရေငွေ့ထုတ်ပန်ကာ (Mist Fans)	၃ လုံး
၁၃။	Plain Paper Copier (A3) (Canon IR2520 W)	၆ လုံး
၁၄။	Intimus Document Sherdder	၅ လုံး
၁၅။	Computer (Acer XC -780 (i5)with UPS Power 650 VA)	၁၀ လုံး
၁၆။	Computer (Laptop) (Acer Aspire E5-575 GC i7)	၂ လုံး
၁၇။	Mono Chrome Printer (Canon LBP-2900)	၁၂ လုံး
၁၈။	Colour Printer (Epson L-1800)	၃ လုံး
၁၉။	Projector (Epson EBS-04)	၃ လုံး
၂၀။	Projector (Epson EB1450 UI)	၁ လုံး

၂။ တင်ဒါပေးသွင်းမှုကို ၂၇-၄-၂၀၁၈ရက် ၁၆:၀၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

သစ်တောဦးစီးဌာန
ရုံးအမှတ် (၃၉)၊ နေပြည်တော်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ကယားပြည်နယ်-လွိုင်ကော်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၈-၂၀၁၉ ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ ပြည်နယ်အစိုးရဘတ်ဂျက်ရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များတွင် (၁၁)ကေဗွီဓာတ်အားလိုင်းသစ်များ တည်ဆောက်ခြင်း၊ ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံအသစ်များ တည်ဆောက်ခြင်း၊ (၄၀၀)ဗို့ ဓာတ်အားလိုင်းသစ်များ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်နှင့် တင်ဒါတင်သွင်းရမည့်ရက်

၅-၄-၂၀၁၈ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီမှ
၄-၅-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၄:၀၀ နာရီထိ

နောက်ဆုံးတင်ဒါပိတ်မည့်ရက်

၄-၅-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၄:၀၀ နာရီတိတိ

တင်လျှောက်လွှာပုံစံနှင့် တင်ဒါတင်သွင်းခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ ၁။ လျှောက်လွှာဝယ်ယူရာတွင် ကုမ္ပဏီလိုင်စင်မှတ်ပုံတင်မူရင်းအားပြသ၍ ဝယ်ယူရမည်။
၂။ တင်ဒါလျှောက်လွှာများ ဝယ်ယူခြင်းနှင့် တင်ဒါတင်သွင်းခြင်းလုပ်ငန်းများအား ရုံးပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေနေ့များတွင်လည်း လာရောက်ဆောင်ရွက်နိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ကယားပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ လွိုင်ကော်မြို့
ဖုန်း-၀၉-၅၂၁၃၁၂၊ ၀၉-၅၁၀၆၃၆၆၊
၀၉-၅၆၀၀၇၄၄၊ ၀၈၃-၂၂၂၂၉၅၈

အိတ်ဖွင့်(လုပ်ငန်း)တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ လမ်းဦးစီးဌာနမှ(၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ပထမ ခြောက်လအတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းတာချဲ့ခြင်း၊ ကျောက်လမ်းခင်းခြင်းနှင့် Pipe Culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်(လုပ်ငန်း)တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် -၆-၄-၂၀၁၈ နံနက် ၉:၀၀နာရီမှ ညနေ ၄:၀၀နာရီထိ
တင်ဒါပိတ်မည့်ရက်/အချိန် -၂၄-၄-၂၀၁၈ ညနေ ၄:၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် -၃၀-၄-၂၀၁၈ နံနက် ၁၀:၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ဖုန်း-၀၉-၄၂၂၁၉၁၀၃၆၊ ၀၉-၇၉၂၃၂၀၀၉၅တို့တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အထည်စက်ရုံ(၅)ရုံအတွက် ပြည်ပဝါဂွမ်းအဆင့် A(၃၀၀)မ/တန်နှင့် အဆင့် B(၂၀၀)မ/တန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၄-၂၀၁၈ ရက်
နေရာ - **နေပြည်တော်** - စီမံရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် ၃၇၊ နေပြည်တော်
ရန်ကုန်မြို့ - အထည်အလိပ်လုပ်ငန်းရုံးခွဲ၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁-၅၅၄၁၇၁/၅၄၄၁၂၂
တင်ဒါပိတ်မည့်ရက် - ၉-၅-၂၀၁၈ရက်

အသေးစိတ်အချက်အလက်များအား အောက်ပါနေရာတွင်ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

စီမံရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် ၃၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန
တင်ဒါကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန တင်ဒါကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ သန်လျင်၊ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ထန်းတပင်မြို့နယ် (၁၁)မြို့နယ်တွင် မြို့ဝင်ကြေး Toll Gate တည်ဆောက်ခြင်းနှင့် ကောက်ခံခြင်းလုပ်ငန်းများကို B.O.T စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ သိရှိလိုသောအချက်များကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ အင်ဂျင်နီယာဌာန ဖုန်း-၀၉-၉၅၃၁၂၉၆၆၀၊ ၀၉-၉၇၆၆၈၀၄၇၉၊ ၀၉-၂၀၄၂၇၅၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က)	**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်**	- ၉-၄-၂၀၁၈ရက်
(ခ)	**အိတ်ဖွင့်တင်ဒါကျင်းပမည့်နေရာ**	- ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး
(ဂ)	**တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်**	- ၇-၅-၂၀၁၈ရက် ၀၉:၀၀နာရီ
(ဃ)	**တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်/အချိန်**	- ၇-၅-၂၀၁၈ရက်၊ ၁၀:၀၀နာရီ

တင်ဒါကော်မတီ
ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန
လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ် ၃/၂၀၁၈-၂၀၁၉

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။	Hot Plate Series (အပူပေးပလိတ်ဆက်ကိရိယာ)	၁ လုံး
၂။	Bottle Dispenser (အက်ဆစ်ရည်ထုတ်သည့်ပုလင်း)	၃ လုံး
၃။	Micro Pipette (ဖျော်ရည်စုပ်ထုတ်ပြွန်ရှည်)	၃ ခု
၄။	သစ်အင်္ဂါဗေဒဌာနတွင် သုံးမည့်ပင်စည်ဖောက်လွန် (Increment borer) အရှည် ၁၆"၊ အချင်း ၀.၂၀၀" (၅.၁၅ မီလီမီတာ)	၁ ခု
၅။	Laboratory Incubator	၁ လုံး
၆။	Digital Balance (SHIMADZU) ELB 2000	၁ လုံး
၇။	Alalyatical Balance	၁ လုံး
၈။	Computer Acer i7	၂ လုံး
၉။	Projectxo EBX-24(With Screen 8'x8')	၁ လုံး
၁၀။	Suunto Clinometer	၃၇ လုံး
၁၁။	Compass (ဂျပန်)	၅၅ လုံး
၁၂။	Distance Meter(Leica D510)	၅ ခု
၁၃။	Diameter Tape	၅၅ လုံး
၁၄။	Garmen 78s	၅၅ ခု
၁၅။	Drawing Instrunmet	၃၅ လုံး
၁၆။	Portable Drafting Machine Board	၄၂ ခု
၁၇။	ပေကြိုး (Fiberglass Tape)	၂၀ ခု
၁၈။	Projector (8') View Sonic	၂ လုံး
၁၉။	Flit Board	၈ ခု
၂၀။	Video Camera (Sony HVR-HD 1000 E)	၁ လုံး
၂၁။	Drone (Phantom 4 Pro)	၁ လုံး
၂၂။	မီးစက်(ဂျင်းဒေါင်း ၅/၆)	၂ လုံး
၂၃။	ရေစက်(ဂျင်းဒေါင်း ၅/၆)	၂ လုံး

၂။ တင်ဒါပေးသွင်းမှုကို ၂၇-၄-၂၀၁၈ရက် ၁၆:၀၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

သစ်တောဦးစီးဌာန
ရုံးအမှတ် (၃၉)၊ နေပြည်တော်

တောင်ငူတက္ကသိုလ်
စားသောက်ဆိုင်ခန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တောင်ငူတက္ကသိုလ် ပရဝဏ်အတွင်းရှိ စားသောက်ဆိုင်ခန်းများကို ငှားရမ်းမည်ဖြစ်ပါ၍ ရုံးချိန်အတွင်း အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တောင်ငူတက္ကသိုလ်၊ ဘဏ္ဍာဌာနတွင် ၂၃-၄-၂၀၁၈ ရက် ရုံးချိန်အတွင်းမှ ၂၇-၄-၂၀၁၈ ရက် ၁၂:၀၀ နာရီအထိ တင်ဒါလျှောက်လွှာများကို တင်သွင်းရန်နှင့် ၂၇-၄-၂၀၁၈ ရက် ၁၄:၀၀ နာရီတွင် အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၀၀၀၂၇၇၁၆၊ ၀၉-၅၃၂၂၅၉၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆိုင်ခန်းနေရာချထားရေးနှင့်ကြီးကြပ်ရေးကော်မတီ
တောင်ငူတက္ကသိုလ်

တောင်ငူတက္ကသိုလ်
ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးခွင့်
တင်ဒါခေါ်ယူခြင်း

၂၀၁၈ခုနှစ် မေလ၌ကျင်းပမည့် တောင်ငူတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခွင့် လုပ်ငန်းလျှောက်ထားလိုသူများအား အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို ၂၃-၄-၂၀၁၈ရက်မှ ၂-၅-၂၀၁၈ရက်အထိ (ရုံးချိန်အတွင်း) နောက်ဆုံးထား၍ တင်သွင်းကြရမည်ဖြစ်ပြီး တင်ဒါစည်းမျဉ်းစည်းကမ်းများကို တောင်ငူတက္ကသိုလ် သင်တန်းရေးရာဌာနနှင့် ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၃၂၂၅၉၃၊ ၀၉-၄၅၂၃၃၄၂၀၂၊ ၀၉-၄၀၀၀၂၇၇၁၆ တို့ကို စုံစမ်းမေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
(၁၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်
ဓာတ်ပုံရိုက်ကူးခွင့်တင်ဒါခေါ်ယူရေးအဖွဲ့
တောင်ငူတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
တင်ဒါမှတ်စဉ်(၁/၂၀၁၈)

၁။ ချင်းပြည်နယ်၊ ဟားခါးမြို့၊ လမ်းအထူးအဖွဲ့(၁၀)၊ လမ်းဦးစီးဌာနမှ ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ)ပထမ(၆)လ ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	- ၆-၄-၂၀၁၈ရက်မှ ၂၀-၄-၂၀၁၈ရက်အထိ - နံနက် ၉နာရီမှ ၁၆:၀၀ နာရီ
ကန်ထရိုက်တာ၏Profile နှင့် တင်ဒါစည်းကမ်းပါလိုအပ်သော အထောက်အထားများပေးပို့ရမည့် နောက်ဆုံးရက်/အချိန်	- ၂၅-၄-၂၀၁၈ရက် ညနေ ၄နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန်	- ၂၆-၄-၂၀၁၈ရက် နံနက် ၉:၃၀နာရီ
တင်ဒါဖွင့်မည့်နေရာ	- ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဟားခါးမြို့၊ လမ်းအထူးအဖွဲ့(၁၀)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၀-၂၁၂၄၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၁၁၉/ခနေ ဦးစိုးမြင့်-ဒေါ်ခင်ဝင်းမြင့်(သီဟအလူမီနီယံ)တို့၏သား၊ အင်းစိန်၊ ပေါက်တောဝနေ ဦးကျော်လင်း(သန်းကြွယ်လုပ်ငန်းစု)-(ဒေါ်ခင်သြကြူ)တို့၏ သားသမက်၊ မနန္ဒာကျော် (TWINS Millonaire Co.,Ltd.) uPVC, Aluminium & Glass ၏ခင်ပွန်း၊ မသြနန္ဒာကျော်၊ မောင်အောင်သီဟကျော် (Nursery-MISY)တို့၏ဖခင်၊ကိုငြိမ်းချမ်းစိုးမြင့်-မမြင့်မြင့်စိုး (NINE SIGNWORK)တို့၏အစ်ကို၊မမြလေးခင်(P2-A ILBC)၏ဦးလေးသည် ၄-၄-၂၀၁၈ရက်နံနက် ဝဝး၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (တာမွေ၊ သမိန်ဗရမ်းလမ်း နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးစံကွန်း
တိုက်ကြီးမြို့နယ်၊ လှိုင်ကျေးရွာ
အသက်(၈၈)နှစ်

တိုက်ကြီးမြို့နယ်၊ လှိုင်ကျေးရွာနေ (ဦးဘခင် - ဒေါ်ဒွေးဖြူ)တို့၏ သား၊ နတ်တလင်းမြို့နေ (ဦးသိန်းမောင်-ဒေါ်ကြင်ကြင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ဗိုလ်မိုးလမ်း၊အမှတ် ၁၂၊ ပထမထပ်နေ (ဒေါ်မြရီ)၏ခင်ပွန်း၊ ဦးသန်းဌေး-ဒေါ်ခင်ဆွေဝင်း(အထက-၃၊ကြည့်မြင်တိုင်)၊ဦးဝင်းထင်၊(ဦးသက်တင်)၊ ဦးလင်းခိုင်(ဦးထွန်းလင်း)တို့၏ဖခင်သည် ၃-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ယဉ်ကြည်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရဝဏ်ရိပ်သာ ၂လမ်း၊အမှတ် ၂၀နေ(ဦးသိန်း-ဒေါ်လှ)တို့၏သမီး၊ (ဦးရွှေ)၏ဇနီး၊ ဦးသန်းမြင့်-ဒေါ်ငွေငွေအောင်၊ဦးအေးနောင် (သိန်းသန်းထွန်း၊ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်) - ဒေါ်စိုးစိုးဝင်း (အထက-၂၊ စမ်းချောင်း)၊ ဦးတင်လှ-ဒေါ်အေးအေးမော်၊ ဗိုလ်ကြီးခင်ဝင်း(ကပစ-၆၊ ငြိမ်း)-ဒေါ်မူမူခင်(စက်မှုဝန်ကြီးဌာန)၊ ဦးထွန်းမြတ်(အမက-၁၉၊ ဒလ)-(ဒေါ်အေးအေးခိုင်)၊ ဦးဇော်လွင်ဦးတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည်၄-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၄- ၂၀၁၈ ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ငွေစိန်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ် ၃၉နေ (ဦးကြီးငွေ-ဒေါ်အီးမား)တို့၏သမီး၊ မန္တလေးမြို့နေ ဒေါ်ကြည်၏ညီမ၊ (ဦးကြို့စန်ကက်-ဒေါ်ရက်ချူးဝါး)တို့၏သမီးချွေးမ၊ (ဦးနန်းဆန်း)၏ဇနီး၊ ဒေါ်ရှုမေ၊ ဦးကျော်မြင့်-ဒေါ်ရှုဝေ၊ ဦးသိန်းထိုက်-ဒေါ်သီတာခိုင် (Star Pharmacy)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၃-၄-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းတင့် (ကျိုက်လတ်)
အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့၊ အမှတ် ၂၆/၆လမ်းနေ (ဦးစိန်-ဒေါ်တင်အုန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၃)ရပ်ကွက်၊သာယာအေးလမ်းသွယ်(၃)၊ အမှတ် ၂/၄နေ ဦးမြင့်၏ဇနီးသည် ၂-၄-၂၀၁၈ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးစိန်မောင် အသက်(၈၇)နှစ်
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(ငြိမ်း)
မြန်မာမေဖလားဝါးဘဏ်(ငြိမ်း)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၃၇၃နေ(ဦးရှန်-ဒေါ်ဖော့)တို့၏သား၊(ဦးအောင်ထွန်း-ဒေါ်ကျင်)တို့၏သားသမက်၊ ဒေါ်ခင်ဥ၏ချစ်လှစွာသောခင်ပွန်း၊ ဦးအေးသိန်း-ဒေါ်မိမိခိုင်၊ ဦးတင်မောင်ဦး-ဒေါ်မူမူခင်၊ ဦးမြဇော်(Marina Shipping)-ဒေါ်စံပယ်(အလက-၁၊ ဒဂုံ)၊ ဦးသန်းထွဋ်-ဒေါ်မို့မို့သက်(ခေတ္တ-နယူးဇီလန်)၊ ဦးဝင်းအောင်ထိုက်-ဒေါ်နီနီစံ၊ ဦးထွန်းထွန်းလှ-ဒေါ်မြမြမိုးတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂-၄-၂၀၁၈ရက် ည ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂ နာရီအထိ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူပြီး ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမြင့်မောင်(ဦးလေးထွေး)(ထားဝယ်) အသက်(၈၂)နှစ်
အလုပ်ရုံမှူး(အငြိမ်းစား)၊ မြန်မာ့ထီးစက်ရုံ
အထွေထွေစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

ထားဝယ်မြို့၊ ဇရစ်ရပ်နေ (ဦးဘအို-ဒေါ်စောခင်)တို့၏သား၊ (ဦးကံထူး-ဒေါ်သိန်းညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်(၁)လမ်း A၊ တိုက် ၁၀၊ အခန်း ၂၀၂နေ ဒေါ်ကြည်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုးညွန့်)၊ (ဦးညွန့်လှိုင်-ဒေါ်မေကြွယ်)၊ (ဦးကြည်စိန်-ဒေါ်ကြည်ကြည်)၊ (သခင်ဗသိန်းတင်-ဒေါ်မိလေး)၊ (ဗိုလ်မှူးကြီးဖေသက်-ဒေါ်တင်ညွန့်)၊ (ဒေါ်သန်းစု)၊ (ဗိုလ်မှူးကြီးမျိုးအောင်-ဒေါ်ဝါဝါ)၊ ဦးမြင့်အောင်-(ဒေါ်တင်ညွန့်)တို့၏ညီ/မောင်၊ ဒေါက်တာမျိုးမြင့်၊ ဒေါ်အုန်းကြွယ်တို့၏အစ်ကို၊ တူ/တူမ ၃၀တို့၏ဦးလေး/ဘကြီးသည် ၃-၄-၂၀၁၈ရက် (အင်္ဂါနေ့) ည ၁၁း၄၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျော်ငြိမ်း
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(ငြိမ်း)
အသက်(၇၉)နှစ်

ရန်ကုန်မြို့နေ (ဦးသန်းရှင်-ဒေါ်သန်း)တို့၏သား၊ (ဦးသောင်း-ဒေါ်ညွန့်ညွန့်)တို့၏သားသမက်၊ ဒေါ်တင်တင်အေး(ကထိက-ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)-ဦးဖေသန်း(လေယာဉ်မှူးကြီး-ငြိမ်း)၊ (ဦးဝင်းဖေ)(ပြည်တွင်းရေကြောင်း-ငြိမ်း၊ မန္တလေး)-ဒေါ်ခင်မေ၊ ဗိုလ်မှူးဝင်းလတ်(ငြိမ်း)-ဒေါ်အေးသန်းကြည်၊ (ဒေါ်တင်ရွှေ-ဦးစိန်ဦး)၊ (ဦးသောင်းဝင်း)-ဒေါ်အေးမြင့်တို့၏မောင်/ညီ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်ကျောင်းလမ်းသွယ်(၁)၊ ၉မိုင်၊ အမှတ် ၂၆၇နေ ဒေါ်မြင့်မြင့်သောင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်မွန်ငြိမ်း(UNICEF)၊ (ဦးကျော်စွာငြိမ်း)-ဒေါက်တာခင်အုန်းမြင့်(ကလေးအထူးကုဆရာဝန်ကြီး၊ ဗန်းမော်ပြည်သူ့ဆေးရုံကြီး)တို့၏ချစ်လှစွာသောဖခင်၊ မခင်ချမ်းမြေ့ငြိမ်း(ဆေး-၂)၏ဘိုးဘိုးကြီးသည် ၂-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးရွှေမြ (အရာခံဗိုလ်-ငြိမ်း)
အသက်(၇၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကျားကျွန်းကျေးရွာနေ (ဦးထွန်းရှိန်-ဒေါ်အေးစိန်)တို့၏သား၊ (ဦးဘိုကျော်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ (ဗိုလ်မှူးနိုင်ဦး၊ ငြိမ်း)-ဒေါ်နီလာအောင်၊ ဒုတိယဗိုလ်မှူးကြီးဝင်းကျော်(ရမခ)-ဒေါ်မိုးသီတာ၊ ဦးအောင်မျိုးသိုက်(အထက်တန်းရှေ့နေ)-ဒေါ်နန်းရွှေဇင်ဝင်း(ဦးစီးအရာရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဗိုလ်ကြီးကျော်နိုင်ထွန်း(ခမရ-၃၂၃)-ဒေါ်မေရွက်ဝါ၊ ဗိုလ်ကြီးရန်မျိုးနိုင်(ဆရက-၂/၁၀၀၀)-ဒေါ်ခက်ဆုရည်မွန်၊ ဒေါ်မြင့်မြင့်သန်း(M.Sc,Physics)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်တင်နွယ်စိုး၏အစ်ကို၊ ထောက်ကြန့်မြို့၊ တိုးချဲ့(၂/၁)ရပ်ကွက်၊ ပုလဲလမ်း၊ အိမ်အမှတ် ၅၀နေ ဒေါ်တင်ရီ၏ချစ်လှစွာသောခင်ပွန်းသည် ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးရွှေမြ (အရာခံဗိုလ်၊ ငြိမ်း)
အသက်(၇၇)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးဝင်းကျော်(ရမခ)-ဒေါ်မိုးသီတာတို့၏ဖခင်ဖြစ်သူ ဦးရွှေမြ (အရာခံဗိုလ်၊ ငြိမ်း)သည် ၄-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တဇ(၂၂)မှ သူငယ်ချင်းများ

ဒေါ်ရှုတင် (မြင်းခြံ)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၃၇နေ (ဦးဘိုးတင်-ဒေါ်ကြင်တီ)တို့၏ သမီး၊ (ဦးအုန်း)၏ဇနီး၊ ဦးသင်းအုန်း-ဒေါ်ခင်တည်၊ ဦးဝင်းအုန်း-(ဒေါ်မြင့်မြင့်ထွန်း)၊ (ဦးသိန်းအုန်း) - ဒေါ်အေးအေးသီ၊ ဦးဖေသက်-ဒေါ်ခင်သန်းအုန်း၊ ဦးမင်းဇော်-ဒေါ်ယဉ်သန်းအုန်း၊ဦးအောင်ကိုကိုသိမ့်-ဒေါ်သန္တာအုန်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် သုံးယောက်တို့၏ အဘွားသည် ၂-၄-၂၀၁၈ရက် နံနက် ၁း၅၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဇော်ဝင်း (ပုဇွန်တောင်)
အကောက်ခွန်ထိန်း(ကပ၀၈၃၃၆)
အကောက်ခွန်ဦးစီးဌာန
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးလှဝင်း-ဒေါ်လှသန်း) ဒါးပိန်တို့၏သား၊ (ဦးလှကြိုင်-ဒေါ်စိန်စိန်)တို့၏သားသမက်၊ (ဦးညီဝင်း)၊ ဒေါ်ဖြူဖြူဝင်း၊ ဒေါ်နုနုဝင်း၊ ဒေါ်မာမာဝင်း၊ ဦးအောင်သန်းဝင်း (လက်ထောက်အကောက်ခွန်မှူး)-ဒေါ်ဥမ္မာညွန့်တို့၏ညီ/မောင်၊ မောင်နေလင်းဦး(အကောက်ခွန်)၊ တူ/တူမ လေးယောက်တို့၏ဦးလေးသည် ၄-၄-၂၀၁၈ရက် နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ဗိုလ်တထောင်မြို့နယ်၊၄ခန်းတွဲ၊အမှတ် ၃၁၂၊ အကောက်ခွန်အိမ်ရာ နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

သိမ်းဆည်းမြေတိုင်ကြားစာများ၊ ပြန်လည်စွန့်လွှတ်သည့်သိမ်းဆည်းမြေများနှင့်ပတ်သက်၍ လုပ်ငန်းစိစစ်ရေးအဖွဲ့ လေးဖွဲ့ဖွဲ့၍ ကွင်းဆင်းဆောင်ရွက်နေ

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၄

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ပဉ္စမအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဒေါက်တာအောင်သူ၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် ဦးခင်မောင်ချို၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့

စာမျက်နှာ ၄ ကော်လံ ၁ ✻

ယနေ့ မာတိကာ

မြိတ်မြို့တွင် ငွေကျပ်တစ်သောင်းတန် အတုပြုလုပ် သုံးစွဲသူနှစ်ဦးအား ဖမ်းဆီးရမိ စာ » ၁၂

ယူကျုံးချုပ်တွင် လူလေးဦး သေနတ်ပစ်ခံရပြီး ပစ်ခတ်မှုကျူးလွန်သူဟု သံသယရှိသူအမျိုးသမီး သေဆုံး စာ » ၁၄

မြောင်းမြကြီးတံတား ကျိုးကျမှုဖြစ်စဉ်မှာ တံတား၏ ကွန်ကရစ်ကြိုးထိန်းခုံ အတွင်းပိုင်းကွန်ကရစ်ထဲတွင် မြှုပ်နှံထားသော သံမဏိကြိုးများ ဆွေးမြည့်ပြီး ကြိုးပြတ်၍ တံတားကျိုးကျခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြောင်းမြကြီးတံတားသည် ၁-၄-၂၀၁၈ ရက်နေ့၊ နံနက် ၁ နာရီ ၄၅ မိနစ်တွင် ၁၆ တန်၊ ခြောက်ဘီး ကုန်တင်ကားတစ်စီး ဖြတ်သန်းစဉ် တံတားကျိုးကျမှု ဖြစ်ခဲ့ပါသည်။ အဆိုပါ တံတားသည် ၁၉၉၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် စတင်ဖွင့်လှစ် အသုံးပြုခဲ့ပါသည်။ ယခုအခါ တံတားသက်တမ်း ၂၂ နှစ်ခန့် ရှိပြီးဖြစ်ပါသည်။

အဆိုပါတံတား တည်ဆောက်စဉ်ကပင် တန်ချိန် ၈၅၀၀ အလေးချိန်ရှိသော ကွန်ကရစ်ကြိုးထိန်းခုံ နိမ့်ကျမှုဖြစ်စဉ်ရှိခဲ့၍ တံတားစတင်အချိန်ကပင် ပြန်လည်ပြင်ဆင်ခဲ့ရသော တံတားဖြစ်ပါသည်။ မြောင်းမြဘက်ကမ်းရှိ ကွန်ကရစ်ကြိုးထိန်းခုံသည် တည်ဆောက်ချိန်က နိမ့်ကျမှု ပြဿနာဖြစ်ပွားခဲ့ရာ မြစ်၏ ဆန့်ကျင်ဘက်သို့ တာဝါတိုင်သည် ၁၁ လက်မ စောင်းရမည့်အစား မြစ်ဘက်သို့ ခုနစ်လက်မ စောင်းနေ၍ တံတားတည်ဆောက်ပြီးစီးချိန်ကစ၍ နှစ်စဉ်စောင့်ကြည့် စစ်ဆေးခဲ့ရပါသည်။ ထို့ပြင် တံတားသက်တမ်းနှစ် ၂၀ ပြည့်မြောက်သည့် ၂၀၁၆ ခုနှစ်မှစ၍ လစဉ် စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ပြုလုပ်ရာတွင် တံတားကြမ်းခင်းများ၊ မူလီများ၊ Expansion Joint များ၊ Suspender Rod များ မကောင်းလျှင် လဲလှယ်မှုများ ချက်ချင်းပြုလုပ်ခဲ့ပါသည်။

ယခုဖြစ်စဉ်ကို စစ်ဆေးရာတွင် ကွန်ကရစ်ကြိုးထိန်းခုံ၏ အတွင်းပိုင်း ကွန်ကရစ်ထဲတွင် ထည့်၍ မြှုပ်နှံထားသော သံမဏိကြိုးများ ဆွေးမြည့်ပြီး ကြိုးပြတ်၍ တံတားကျိုးကျပျက်စီးခဲ့ကြောင်း တွေ့ရှိရပါသည်။

စာမျက်နှာ ၄ ကော်လံ ၁ ▲

မြန်မာ ယူ-၂၃ အသင်း ခြေစမ်းပွဲတွင် နှစ်ပွဲဆက်အနိုင်ရ

ရန်ကုန် မေ ၄

ဘာရှုနိုင်းဘုရင့်ဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၂၃ အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ယနေ့နံနက်ပိုင်းက မြန်မာနေရှင်နယ်လိဂ် ကလပ် မကွေးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် ကစားကွက်နှင့် ကစားသမားများ၏ စွမ်းဆောင်ရည်ကို စမ်းသပ်နိုင်ရန် ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် အဓိက ဂိုးသမား ဘုန်းသစ္စာမင်းကို အနားပေးကာ ထွန်းနန္ဒာဦးဖြင့် ပွဲထွက်ခဲ့ပြီး ကျန်နေရာများတွင် လူစုံခဲ့ကာ ဝင်းနိုင်ထွန်း၊ လွင်မိုးအောင်၊ စိုးလွင်လွင်၊ ဟိန်းထက်အောင်၊ စိုးမိုးကျော်တို့ ပါဝင်ခဲ့သည်။ မကွေးအသင်းမှာမူ ပြီးခဲ့သည့်တစ်ပတ်က ယှဉ်ပြိုင်ကစားခဲ့သည့် GFA အသင်းနှင့် အမှတ်ပေးပွဲတွင် ပါဝင်ကစားခဲ့ခြင်းမရှိသည့် ကစားသမားအများစုကို အသုံးပြုခဲ့ပြီး ပထမပိုင်းတွင် ကျော်ဇင်လွင်၊ ဆက်ဖြိုးဝေ၊ စွမ်းထက်အောင်၊ ဒုတိယပိုင်းတွင် နန္ဒကျော်၊ ကျော်စွာလင်း၊ အောင်မြင့်ထွန်းတို့ကအသင်းကို ထိန်းကစားခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၆ ❂

မြန်မာ ယူ-၂၃ အသင်းနှင့် မကွေးအသင်း ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ ဧပြီ ၅၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး

အားလုံးအတွက် ပိုမိုကောင်းမွန်သည့် တရားမျှတမှုဆီသို့

■ နိုင်လင်းကြည်

မြန်မာနိုင်ငံ ၌ တရားဥပဒေစိုးမိုးရေး ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေနှင့်ပတ်သက်သည့် ဗဟုသုတများကို ပြည်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်လည်း လိုအပ်သည်။ လတ်တလောအခြေအနေအရ တရားဥပဒေစိုးမိုးရန်အတွက် လက်ရှိဆောင်ရွက်နေသည့် ဥပဒေကြောင်းဆိုင်ရာ ပညာပေးဆွေးနွေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်သွားရန်လည်း လိုအပ်လျက်ရှိသည်။

ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို အဓိကဦးတည်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူတိုင်းအတွက် အရည်အသွေးမြင့် တရားမျှတမှု ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်သည့် တရားဥပဒေစိုးမိုးရေးကို ဖြည့်ဆည်းပေးရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရခြင်းသည် “**အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့**”ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တိုးတက်ကောင်းမွန်သော တရားစီရင်ရေးစနစ်ကို ရောက်ရှိစေရေး ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေဖြင့် (၂၀၁၈-၂၀၂၂) မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းနယ်ပယ် ငါးရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ပြောကြားခဲ့သည်။

ထိရောက်သော မှုခင်းစီမံခန့်ခွဲမှု

မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းနယ်ပယ်ငါးရပ်မှာ တရားရုံးဝန်ဆောင်မှုများ အများပြည်သူသို့ လက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှု စွမ်းရည်မြှင့်တင်ရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်၊ ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ ဖြစ်သည်။

အဆိုပါ နယ်ပယ်များကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ကြိုးပမ်းသွားရင်းဖြင့် ၂၀၁၈ ခုနှစ်အတွင်း “အကောင်းဆုံးဝန်ဆောင်မှုများပေးရန်”၊ “ပိုမိုထိရောက်အကျိုးရှိတဲ့လုပ်ငန်းများကို ဆောင်ရွက်သွားရန်”၊ “စွမ်းအားအရင်းအမြစ်များကို ယခုထက် ပိုမိုထိထိရောက်ရောက် အသုံးပြုရန်”တို့ကို ဆက်လက်ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှု

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တိုးတက်အောင်မြင်မှုများမှာ ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဇွန် ၁၅ ရက်တွင် ထုတ်ပြန်နိုင်ခဲ့သည်။ အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံတွင်ရှိသည့် တရားရုံးများ၏ တိကျသော ကိန်းဂဏန်းအချက်အလက်များ ဆောင်ရွက်ချက်များကို ဖော်ပြထားပြီး တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုအပေါ် နယ်ပယ်ကဏ္ဍပေါင်းစုံက သက်ဆိုင်သူများအားလုံး ကျယ်ပြန့်စွာ သိရှိနားလည်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် နှစ်အတွင်းက ဆောင်ရွက်ချက်များ၏ အားနည်းချက်၊ အားသာချက်များကို ထင်ဟပ်စေသည့် အစီရင်ခံစာတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

မျှတပြီးခိုင်မာသောတရားစီရင်ရေးစနစ်

ထို့ပြင် မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကိုလည်း ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့က ထုတ်ပြန်နိုင်ခဲ့ပြီး ယင်းသို့ ထုတ်ပြန်လိုက်ခြင်းအားဖြင့် တရားသူကြီးများ၊ တရားရေးဝန်ထမ်းများသာမက တရားစီရင်ရေးကဏ္ဍတွင် ဆက်စပ်ပါဝင်သူအားလုံးအနေဖြင့် တရားစီရင်ရေးစနစ်အပေါ် ပိုမိုသဘောပေါက်နားလည်လာကာ လိုအပ်သည့် ပံ့ပိုးမှုများကို အထောက်အကူပြုခြင်းအားဖြင့် မျှတပြီးခိုင်မာသော တရားစီရင်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်သည်။

အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုပိုင်းကဏ္ဍတွင်လည်း ဥပဒေအသိပညာပြန့်ပွားစေရေးအတွက် ပြည်သူလူထုလက်ဝယ်သို့ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လေ့လာရေးအဖွဲ့များကို လည်ပတ်ခွင့်ပြုစေခြင်းအပြင် သတင်းမီဒီယာသမားများ လက်ဝယ်သို့ တရားရုံးသတင်းမီဒီယာ လက်စွဲ ဖြန့်ဝေခဲ့ခြင်း၊ သတင်းမီဒီယာများနှင့် ဆက်ဆံပြောဆိုမှု တိုးတက်စေရေးအတွက် မီဒီယာကျွမ်းကျင်မှု သင်တန်းများဖွင့်လှစ်နိုင်ခဲ့ခြင်း တစ်နိုင်ငံလုံးတွင်ရှိသည့် တရားရုံးသတင်းပြန်ကြားရေးအရာရှိများအနေဖြင့် သတင်းမီဒီယာသမားများ၏ သိရှိလိုသည့် မေးမြန်းချက်များကို အကြိမ်ရေပေါင်း ၁၅၀ ဖြေဆိုထိတွေ့ဆက်ဆံခဲ့ခြင်းသည် တရားရုံးများနှင့် သတင်းမီဒီယာအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ဦးကိုကိုနိုင်၊ ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

အသိအမှတ်ပြုလက်မှတ်များပေးအပ်

ထို့ပြင် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်အတွင်း အလုပ်သင်ရှေ့နေ ၁၈၁၆ ဦး၊ အထက်တန်းရှေ့နေ ၇၇၉ ဦးကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့သည်အပြင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် Website ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်စာမျက်နှာ Facebook ဖေ့စ်ဘုတ်တို့မှ တစ်ဆင့် အမည်စာရင်းများ ထုတ်ပြန်ကြေညာကာ တရားလွှတ်တော်ရှေ့နေ ၂၃၅၂ ဦးတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကိုယ်တိုင် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

“၂၀၁၇-၂၀၁၈ ခုနှစ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေနဲ့ ရည်မှန်းချက်ကတော့ တစ်ခုတည်းပါ၊ အဓိကအားဖြင့် လူတိုင်းကို အရည်အသွေးမြင့်တဲ့ တရားမျှတမှု၊ တရားရေးအပေါ်မှာ ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှု၊ ထိရောက်တဲ့ တရားစီရင်ရေးမြှင့်တင်ဆောင်ရွက်ပေးဖို့ပဲ ဖြစ်ပါတယ်၊ ဒါကတော့ တရားစီရင်ရေးရဲ့ အဓိကရည်ရွယ်ချက်တစ်ခုပဲ ဖြစ်ပါတယ်” ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက ပြောကြားသည်။

ပြုပြင်ပြောင်းလဲရေး

အဓိကအားဖြင့် နိုင်ငံတော်အစိုးရ၏ နှစ်နှစ်တာကာလ ကာလအပိုင်းအခြားသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၂၀၁၅-၂၀၁၇) တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း၏ ဒုတိယနှစ်ကာလ၊ တတိယနှစ်ကာလ အပိုင်းအခြားနှင့် တူညီနေသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် တရားစီရင်ရေးအပိုင်းတွင် အချက် ငါးချက်ရှိကြောင်း သိရသည်။

ပထမအချက်မှာ ရှေ့ပြေးတရားရုံး အစီအစဉ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအချက်မှာ တရားရုံးအဆင့်ဆင့်ရဲ့ မှုခင်းဆောင်ရွက်မှုအခြေအနေ၊ တတိယအချက်မှာ တရားရုံးအသစ်တွေ ဖွဲ့စည်းခြင်းနှင့် တရားစီရင်ပိုင်ခွင့် ပြောင်းလဲအပ်နှင်းခဲ့သည့် ကိစ္စ၊ ဥပဒေရေးရာ ဆောင်ရွက်ချက်ကိစ္စနှင့် အကျဉ်းသားအချုပ်သားများ အခွင့်အရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးခဲ့သည့်အချက်များ ဖြစ်သည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးဖွင့်ပွဲ ကျင်းပစဉ်။

အချပ်ပို(ခ)သို့

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၈-၂-၂၀၁၈ ရက်က နေပြည်တော်၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အမှာစကားပြောကြားစဉ်။

အချပ်ပို(က) မှ

တစ်နည်းအားဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်နှစ်တာကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အချက်များမှာ ရှေ့ပြေးတရားရုံးအစီအစဉ်ဖြစ်ပြီး တရားရုံးတွင်ရှိသည့် မှုခင်းကြန့်ကြာမှုများကို လျှော့ချရန်နှင့် တရားရုံးစွမ်းရည်မြှင့်တင်ရန်၊ ခေတ်မီမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို စတင်ဆောင်ရွက်ရန်အတွက် ပြည်သူများက တရားရုံး၏ ဝန်ဆောင်မှုများ၊ တရားရုံး၏ သတင်းအချက်အလက်များကို ပိုမိုလွယ်ကူစွာ လက်လှမ်းမီနိုင်ရန် အထောက်အပံ့များ ပြုလုပ်မည်ဆိုသည့် နယ်ပယ်နှစ်ရပ်အတွက် ရှေ့ပြေးတရားရုံး အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရှေ့ပြေးတရားရုံးအနေဖြင့် တရားရုံးသုံးရုံးကို ၂၀၁၅ ခုနှစ် ဇွန်လတွင်စတင် ဆောင်ရွက်ခဲ့ပြီး ထပ်မံတိုးချဲ့ခဲ့သည့် တရားရုံးငါးရုံးကိုမူ ၂၀၁၆ ခုနှစ် ဩဂုတ်လက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိထိရောက်ရောက် ဘယ်လိုလုပ်မလဲ

"အဓိကက ခေတ်မီဖွံ့ဖြိုးရေး စီမံခန့်ခွဲရေး စနစ်ဆိုတာက ဘာလဲဆိုတော့ တရားရုံးတွေမှာက သက်သေမလာရင် အမှုတွေရုပ်သိမ်းပေးရတယ်၊ စစ်ဆေးတဲ့အခါမှာ မပြီးသေးဘဲ ကြန့်ကြာနေတာတွေကို စနစ်တကျလျှော့ကျသွားအောင် ဘယ်လိုထိထိရောက်ရောက် စစ်ဆေးစီရင်ဖို့ ဘယ်လိုလုပ်မလဲဆိုတော့ အမှုမစစ်ခင်မှာ တစ်ဖက်အမှုသည်က ဘယ်လိုရှိမလဲ၊ နိုင်ငံတော်ဘက်က ဥပဒေအရာရှိ တရားစွဲဆိုတဲ့ ရဲအရာရှိပါဝင်တဲ့ အကြိုညှိနှိုင်းဆွေးနွေးပွဲတွေလုပ်မယ်၊ အမှုတွဲမှာ တင်ပြမယ့် သက်သေခံအထောက်အထားတွေ လူသက်သေ၊ စာရွက်သက်သေဒါတွေကို ပြင်ဆင်ပြီးတဲ့အခါမှာ ဘယ်ရုံးချိန်းမှာ ဘယ်လိုစစ်ဆေးမယ်ဆိုတာ စနစ်တကျညှိနှိုင်းပြီးတော့ ဆောင်ရွက်တဲ့စနစ်လေးပဲ ဖြစ်ပါတယ်။

"ဒါ့အပြင် ဒီလိုဆောင်ရွက်ချက်တွေကို တရားရုံးမှာရှိတဲ့ ဥပဒေစွဲတင်တဲ့အခါမှာ လိုအပ်တဲ့ သတင်းအချက်အလက်တွေထည့်တာ ဒီမှုခင်းရဲ့ တိုးတက်မှုတွေကို အမြဲစောင့်ကြည့်တဲ့စနစ် သုံးပြီးတော့ ကွန်ပျူတာတွေမှာ ဒီအချက်အလက်တွေထည့်ပြီး စောင့်ကြပ်ကြည့်ရှုတယ်ဆိုတာ ရှေ့ပြေးတရားရုံးတွေမှာ စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

"ဒါ့အပြင် ပိုမိုပြီးတော့ ဒီဆောင်ရွက်ချက်တွေ အားလုံးဟာ ဘယ်ကို ဦးတည်နေသလဲဆိုတော့ တရားရုံးအနေနဲ့ ပြည်သူတွေက တရားရုံးရဲ့ဝန်ဆောင်မှုတွေအပေါ်မှာ ဘယ်လောက်ထိ ကျေနပ်မှုရှိသလဲဆိုတာ သိဖို့အတွက် ကျွန်မတို့ ရှေ့ပြေးတရားရုံးအစီအစဉ်ကို စခဲ့ပါတယ်၊ သူတို့ရဲ့ ကျေနပ်မှုကို စစ်တမ်းကောက်ခဲ့ပါတယ်၊ နောက်တစ်ခါ သတ်မှတ်ထားတဲ့ကာလတစ်ခု ၂၀၁၆-၂၀၁၇ အတွင်း တိုးတက်မှုအခြေအနေကို စစ်တမ်းကောက်ခဲ့ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက ပြောကြားသည်။

ရလဒ်ပိုင်းအနေဖြင့် ကနဦးရှေ့ပြေးတရားရုံးဖြစ်သည့် တောင်ငူခရိုင်တရားရုံး၊ လှိုင်သာယာမြို့နယ်တရားရုံးနှင့် ဘားအံမြို့နယ်တရားရုံးတို့တွင် မူလက ပြည်သူများ၏ ကျေနပ်မှု ၆၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၇ ခုနှစ် စစ်တမ်းအရ ၆၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

ထပ်မံတိုးချဲ့ခဲ့သည့် ရှေ့ပြေးတရားရုံး ငါးရုံးမှာ မုံရွာခရိုင်တရားရုံး၊ မော်လမြိုင်ခရိုင်တရားရုံး၊ ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ပုသိမ်မြို့နယ်တရားရုံး၊ မကွေးမြို့နယ်တရားရုံးတို့ဖြစ်ပြီး အဆိုပါရှေ့ပြေးတရားရုံးများတွင် မူလက

ဒေါ်တင်နွယ်စိုး၊ ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားစီရင်ရေး
ကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်သူများ၏ ကျေနပ်မှု ၆၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၇၇ ရာခိုင်နှုန်းအထိ တိုးတက်မှုရရှိခဲ့ကြောင်း သိရသည်။

အမှုပြီးပြတ်တဲ့အရေအတွက် ပိုမိုများလာ

"ဒီနေရာမှာ အထူးသဖြင့် တရားရုံးအသုံးပြုသူတွေက ဘယ်အချက်တွေပေါ်မှာ ဘယ်လိုကျေနပ်မှုရှိသလဲဆိုတော့ သတင်းအချက်အလက်တွေကိုရတယ်၊ တရားရုံးတွေက အမှုသည်တွေအပေါ်မှာ ပြောဆိုဆက်ဆံတဲ့ကိစ္စရပ်တွေ၊ အမှုတွေကို ကောင်းမွန်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်မှုတွေ၊ နှစ်ဖက်အမှုသည်တွေကြားမှာ တန်းတူရည်တူ ခွဲခြားမှုမရှိဘဲ ဆက်ဆံခဲ့တာတွေ တရားရုံးကနေ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်တယ်ဆိုတဲ့ အချက်တွေကတော့ ကျွန်မတို့ စစ်တမ်းလိုက်မှ တိုးတက်တဲ့ ကျေနပ်မှုတွေကို တွေ့မြင်ခဲ့ရပါတယ်၊ ဒုတိယတစ်ခုကတော့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နှစ်ကုန်တဲ့အခါမှာ တရားရုံးအဆင့်ဆင့်ရဲ့ မှုခင်းဆောင်ရွက်မှုအခြေအနေပါ၊ ဒါကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၊ မြို့နယ် တရားရုံးများ၊ ဥပဒေအရ တည်ထောင်ထားသော အခြားတရားရုံးများ (စည်ပင်သာယာတရားရုံး၊ ကလေးသူငယ်တရားရုံး၊ မော်တော်ယာဉ်တရားရုံး) ဒီတရားရုံး အဆင့်ဆင့်ရဲ့ မှုခင်းစစ်ဆေးစီရင်နိုင်မှုကို ကြည့်တဲ့အခါ ၂၀၁၇ ခုနှစ်မှာ ၂၀၁၆ နဲ့ယှဉ်ရင် အမှုပြီးပြတ်တဲ့ အမှုအရေအတွက် ပိုမိုများလာပါတယ်၊ ဒါပေမဲ့ တစ်ဖက်မှာလည်း အမှုစွဲတင်တဲ့ အရေအတွက်က အရင်နှစ်ထက် ပိုများပါတယ်"ဟု ၎င်းက ပြောကြားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအရ အမှုပြီးပြတ်နှုန်းမှာ ၉၆ ရာခိုင်နှုန်းဖြစ်ပြီး ရှေ့ပြေးတရားရုံးဖြစ်သည့် ကနဦးတရားရုံးတွင်မူ အမှုပြီးပြတ် ၉၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် ၉၆ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပြီး နှိုင်းယှဉ်ကြည့်မည်ဆိုပါက ပုံမှန်အမှုစစ်ဆေးစီရင်ခြင်းနှင့် ခေတ်မီမှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးသည့် ရှေ့ပြေးတရားရုံးများ၏ ပြီးပြတ်မှုရလဒ်သည် ပိုမိုကောင်းမွန်တိုးတက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ယင်းအချက်များအပေါ်အခြေခံကာ ၂၀၁၈ ခုနှစ်မှ စတင်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မှုခင်းစီမံခန့်ခွဲမှုအကောင်အထည်ဖော်ရန် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပြီး တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ခဲ့မှု အခြေအနေပင်ဖြစ်သည်။

၂၀၁၇ ခုနှစ်အတွင်း ယခင်လောက်ကိုင်ခရိုင်တရားရုံးကို ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တရားရုံးအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးကို အသစ်ဖွဲ့စည်းကာ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ

ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက "နောက်တစ်ချက်က ဥပဒေရေးရာတွေနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲနေတာတွေလည်း ရှိပါတယ်၊ အဲ့ဒါတွေထဲကမှ ခေတ်နဲ့မလျော်ညီတော့တဲ့ ဥပဒေ လေးမျိုး၊ နောက်တစ်ခါ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကိုဆောင်ရွက်ပြီးတော့ ဥပဒေဆိုင်ရာအထောက်အကူပေးရေး နည်းဥပဒေတစ်ရပ်ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

အချပ်ပို(ဂ)သို့

❒ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်နှစ်တာကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အချက်များမှာ ရှေ့ပြေးတရားရုံး အစီအစဉ်ဖြစ်ပြီး တရားရုံးတွင်ရှိသည့် မှုခင်းကြန့်ကြာမှုများကို လျှော့ချရန်နှင့် တရားရုံးစွမ်းရည်မြှင့်တင်ရန်၊ ခေတ်မီမှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို စတင်ဆောင်ရွက်ရန်အတွက် ပြည်သူများက တရားရုံး၏ ဝန်ဆောင်မှုများ၊ တရားရုံး၏ သတင်းအချက်အလက်များကို ပိုမိုလွယ်ကူစွာ လက်လှမ်းမီနိုင်ရန် အထောက်အပံ့များ ပြုလုပ်မည်

၂၀၁၇ ခုနှစ်အတွင်း စီရင်ဆုံးဖြတ်ခဲ့သော အမှုပေါင်း
(ယခင်နှစ်လက်ကျန်စာရင်းမပါ)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်	ရာဇဝတ်	တရားမ	စာချုပ်တော်
စွဲတင်	၁၅၄၃	၂၅၀၃	၂၉၈
ပြီးပြတ်	၁၃၂၂	၂၂၁၄	၂၈၇
ပြီးပြတ်နှုန်း	၈၆%	၈၈%	၉၆%

၂၀၁၇ ခုနှစ်အတွင်း စီရင်ဆုံးဖြတ်ခဲ့သော အမှုပေါင်း
(ယခင်နှစ်လက်ကျန်စာရင်းမပါ)

တိုင်းဒေသကြီး / ပြည်နယ် တရားလွှတ်တော်များ	ရာဇဝတ်	တရားမ
စွဲတင်	၆၂၀၂	၆၀၄၀
ပြီးပြတ်	၅၇၀၆	၅၀၇၁
ပြီးပြတ်နှုန်း	၉၂%	၈၄%

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

အချပ်ပို(ခ) မှ

"နောက်ဆုံးဆောင်ရွက်ပေးခဲ့တဲ့ အချက်တစ်ခုအနေနဲ့ တရားစီရင်ရေး ဥပဒေပုဒ်မ (၆၇၊ ၆၈)တို့နဲ့အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များမှာရှိတဲ့ တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်တရားရုံးများမှာရှိတဲ့ ခရိုင်တရားသူကြီးတွေပါဝင်ပြီး မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ အကျဉ်းထောင်တွေကို ၆၁ ကြိမ်၊ အချုပ်စခန်းတွေကို ၄၄၅ ကြိမ်၊ ရဲဘက်စခန်းတွေကို ၂၆ ကြိမ် သွားရောက်ပြီး အကျဉ်းသား အချုပ်သားတွေရဲ့ အခြေအနေကိုကြည့်ရှုပြီး သူတို့တွေမှာ ဥပဒေအရ ရသင့်ရထိုက်တဲ့ အခွင့်အရေး ဆုံးရှုံးမှု ရှိ၊ မရှိ၊ အချုပ်သားတွေအနေနဲ့ စစ်ဆေးဆဲအမှုတွေမှာ နှောင့်နှေးကြန့်ကြာမှု မရှိစေဖို့အတွက် ညှိနှိုင်းပြီး ဆောင်ရွက်ပေးခဲ့တာတွေလည်း ရှိပါတယ်။

ရည်မှန်းချက်အပြည့်အဝ မရောက်ရှိသေး

"ဒါတွေကတော့ ၂၀၁၇ ခုနှစ် ကာလအတွင်းမှာ ကျွန်မတို့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်၊ အောင်မြင်မှုတွေပဲလားဆိုတော့ တစ်ဖက်မှာလည်း ကျွန်မတို့ အခက်အခဲတွေ၊ အားနည်းချက်တွေ၊ မဆောင်ရွက်နိုင်သေးတဲ့ လုပ်ငန်းတွေလည်း ရှိခဲ့ပါတယ်၊ အဓိကက ဘာလဲဆိုတော့ ရည်မှန်းထားတာ ၁၀၀ ရာခိုင်နှုန်းပြည့်မီဖို့ဆိုတော့ ရည်မှန်းချက်ကို အပြည့်အဝ မရောက်ရှိသေးပါဘူး၊ တိုးတက်မှုတော့ ရှိတယ်၊ အပြည့်အဝမရောက်ရှိသေးဘူးဆိုတဲ့ အချက်ပါ။

မှာ လူရဲ့ကျွမ်းကျင်မှုတွေသာမက နည်းပညာအကူအညီ လိုလာတဲ့အခါ စက်ပိုင်းဆိုင်ရာ ပံ့ပိုးမှုတွေလိုသလို ကိုင်တွယ်အသုံးပြုမယ့် လူတွေရဲ့ နည်းပညာကောင်းမွန်စွာ အသုံးပြုနိုင်တဲ့ ကျွမ်းကျင်မှုတွေကလည်း ကျွန်မတို့မှာ အားနည်းချက်အနေနဲ့ လိုနေတာကို တွေ့ရပါတယ်"ဟု ပြောသည်။

လက်ရှိတွင် ၂၀၁၈ စီမံကိန်းကာလ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး စီမံကိန်းတွင် ပါဝင်သည့် လုပ်ငန်းစဉ်များ၊ ရည်မှန်းချက်များ ရောက်ရှိရန်အတွက်လည်း လက်ရှိထက် ပိုမိုတိုးတက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

အဓိကပြုပြင်ပြောင်းလဲလိုက်တဲ့ ကိစ္စနှစ်ခု

"၂၀၁၈ ကနေ ၂၀၂၂ ခုနှစ်ထိ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်းအသစ် ရေးဆွဲတယ်၊ ဒီလိုရေးဆွဲတဲ့အခါကျတော့ ကိုယ့်ရှိနေတဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို ပြင်ဆင်ပြီးတော့ ပိုမိုကောင်းမွန်ဖို့အတွက် စီမံကိန်းအသစ်ချတာပါ၊ ဒီအခါမှာ အဓိကပြုပြင်ပြောင်းလဲလိုက်တဲ့ ကိစ္စနှစ်ခုကတော့ တရားစီရင်ရေးဆိုတာက တရားရုံးရဲ့ ရုံးဝန်ထမ်းတွေ တရားရုံးဘက်က တစ်ခုတည်း ဆောင်ရွက်လို့ မရပါဘူး၊ ဒီအမှုမှာပါဝင်တဲ့ အစိုးရအဖွဲ့အစည်းတွေ ရှိပါတယ်၊ ပုဂ္ဂလိကရှိပါတယ်၊ ပြည်သူတွေရှိပါတယ်၊ Private Sector ကဆိုလည်း ရှေ့နေတွေ ပါတယ်၊ ဒီလူတွေအားလုံးက တကယ့်ကို သာလွန်တိုးတက် ကောင်းမွန်ဖို့အတွက် အတူတကွ ပူးပေါင်းပါဝင်မှသာ ၁၀၀ ရာခိုင်နှုန်း အောင်မြင်မှာပါ။

မဟာဗျူဟာစီမံကိန်းအသစ်ရေးဆွဲ

"ပူးပေါင်းပါဝင်ဖို့မှာလည်း ကျွန်မတို့ကတော့ လုံးဝကို အပြည့်အဝ ကျန်ရှိနေတယ်လို့ ပြောလို့

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးက တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်စဉ်။

လူမှုအဖွဲ့အစည်းတွေကို အကုန်လုံးဖိတ်ခေါ်ပြီး စီမံကိန်းအသစ်အတွက် ဘယ်လိုအချက်တွေ ပါဝင်သင့်သလဲဆိုတာကို ကနဦးဆွေးနွေးပွဲတွေ ပြုလုပ်ခြင်းအားဖြင့် ကျွန်မတို့ ဖြေရှင်းဆောင်ရွက်ခဲ့ပါတယ်၊ မဟာဗျူဟာစီမံကိန်းအသစ်ရဲ့ထူးခြားချက်တစ်ခုက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ခဲ့တဲ့ စီမံကိန်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကပဲ ကြီးကြပ်ဆောင်ရွက်တာမျိုး မဟုတ်ဘဲနဲ့ တရားရုံးအဆင့်တိုင်း၊ တရားသူကြီးဦးဆောင်ပြီး မူဝါဒပိုင်းတွေ ချမှတ်ပေးတယ်၊ အကောင်အထည်ဖော်ရေး ကော်မတီကို ပြည်ထောင်စုအဆင့်မှာ ဖွဲ့စည်းထားတယ်၊ နောက်တစ်ခါ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ကိုယ့်ဒေသအလိုက် အကောင်အထည်ဖော်ဖို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်တွေ ဦးဆောင်တဲ့စီမံခန့်ခွဲမှုအဖွဲ့တွေ ဖွဲ့ထားတယ်၊ တစ်ခုလုံးအောင်မြင်ဖို့ဆိုရင်တော့ တရားသူကြီးတိုင်း၊ ရုံးဝန်ထမ်းတိုင်း သူတို့ရဲ့

ဆောင်ရွက်ရာတွင် တရားရုံး၏ လုံခြုံရေးသည်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း သိရသည်။

ထို့ကြောင့် တရားရုံးလုံခြုံရေးနှင့် စပ်လျဉ်းပြီး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက "တရားရုံးရဲ့လက်ရှိလုံခြုံရေးပိုင်းကတော့ အားလုံးတွေ့မြင်နေရမှာပါ၊ စိတ်မကောင်းစရာကောင်းတဲ့ အနေအထားမျိုးတွေ အများကြီးရှိပါတယ်၊ ဒီနေရာမှာ တရားသူကြီး လုံခြုံရေးအပိုင်းဆိုတာကလည်း ကျွန်မတို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စဉ်းစားတာက တရားရုံးရဲ့လုံခြုံရေးဆိုတာ အဲဒီမှာတာဝန်ထမ်းဆောင်နေတဲ့ တရားသူကြီးတွေ၊ ရုံးဝန်ထမ်းတွေအပြင် တရားရုံးကို အမှုအခင်းအတွက် လာရောက်ရတဲ့ အမှုသည်တွေ၊ ရှေ့နေရှေ့ရပ်တွေအားလုံးရဲ့ လုံခြုံရေး၊ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးအားလုံး ပါဝင်ဖို့ လိုတယ်လို့ ကျွန်မတို့က ယူဆပါတယ်၊ ဒီအတွက်လည်း

အချပ်ပို(ဃ) သို့

တရားရုံး သတင်းပြန်ကြားရေးအရာရှိများအား သတင်းမီဒီယာများနှင့် ဆက်ဆံပြောဆိုမှု တိုးတက်စေရေးအတွက် မီဒီယာကျွမ်းကျင်မှုသင်တန်းများ နေပြည်တော်၌ ဖွင့်လှစ်သင်ကြားပေးစဉ်။

"ဒီလိုဖြစ်တဲ့ အကြောင်းအရင်းတွေကို ပြန်လည်လေ့လာတဲ့အခါ အဓိကအားနည်းချက်ကတော့ အရင်းအမြစ် အားနည်းတာပါ၊ လူလုံလောက်မှု၊ ပစ္စည်းလုံလောက်မှု၊ အသုံးပြုနိုင်တဲ့ ဘတ်ဂျက်ငွေလုံလောက်မှုမရှိတဲ့ ကိစ္စရပ်တွေ၊ နောက်တစ်ခါ တရားရုံးရဲ့စွမ်းရည်မြှင့်တင်တဲ့အခါမှာ

မရပါဘူး၊ သူ့ဘက်မှာလည်း အားနည်းချက်တွေ၊ အခက်အခဲတွေ ရှိခဲ့ပါတယ်၊ ဒါကိုဖြေရှင်းနိုင်ဖို့ ကျွန်မတို့ ဘာတွေဆောင်ရွက်နေသလဲဆိုတော့ မဟာဗျူဟာစီမံကိန်းအသစ် ရေးဆွဲတဲ့အခါ မရေးဆွဲခင်မှာ ကနဦးအဆင့်ကတည်းက ဒီတရားမျှတမှုကဏ္ဍမှာ ပါဝင်တဲ့ အစိုးရအဖွဲ့အစည်းတွေ၊

တိုင်း၊ ရုံးဝန်ထမ်းတိုင်းက ပါဝင်အကောင်အထည်ဖော်ပြီးတော့ တာဝန်ယူဆောင်ရွက်တဲ့ ဦးဆောင်မှုကဏ္ဍနဲ့ စီမံခန့်ခွဲတဲ့ပုံစံကို ပြောင်းလဲလိုက်ပါတယ်။

"ပြည်ထောင်စုအဆင့်မှာ ကော်မတီတွေ ဖွဲ့ထားပါတယ်၊ ပြည်ထောင်စု တရားသူကြီးချုပ်က လုပ်ငန်းမှာ ကျွမ်းကျင်မှုအရည်အသွေး ပြည့်ဝမှုတွေ၊ သူတို့ရဲ့ ကျင့်ဝတ်စောင့်ထိန်းလိုက်နာမှုတွေ အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုပြီး ပြုပြင်ပြောင်းလဲ ဆောင်ရွက်လိုက်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက ဆိုသည်။

တရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို

၂၀၁၇ ခုနှစ်အတွင်း စီရင်ဆုံးဖြတ်ခဲ့သော အမှုပေါင်း (ယခင်နှစ်လက်ကျန်စာရင်းမပါ)

ခရိုင်တရားရုံးများ	ရာဇဝတ်	တရားမ
စွဲတင်	၂၀၄၇၈	၁၂၆၄၄
ပြီးပြတ်	၁၈၈၂၀	၁၁၂၃၈
ပြီးပြတ်နှုန်း	၉၂%	၈၉%

၂၀၁၇ ခုနှစ်အတွင်း စီရင်ဆုံးဖြတ်ခဲ့သော အမှုပေါင်း (ယခင်နှစ်လက်ကျန်စာရင်းမပါ)

မြို့နယ်တရားရုံးများ	ရာဇဝတ်	တရားမ
စွဲတင်	၃၆၅၂၅၆	၂၇၂၈၇
ပြီးပြတ်	၃၅၅၃၅၀	၂၄၂၂၇
ပြီးပြတ်နှုန်း	၉၇%	၈၉%

"တရားဥပဒေ စိုးမိုးရေးကို အဓိက ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူတိုင်းအတွက် အရည်အသွေးမြင့် တရားမျှတမှု ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်သည့် တရားဥပဒေစိုးမိုးရေးကို ဖြည့်ဆည်းပေးရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ"

အချပ်ပို(ဂ) မှ

မဟာဗျူဟာစီမံကိန်းအသစ်ရဲ့ နယ်ပယ်(၄)မှာ လုံခြုံရေးအပိုင်းမှာ တိုးမြှင့်ဆောင်ရွက်ဖို့ဆိုတဲ့ အစီအစဉ်တွေ ချထားပါတယ်၊ ဒါကလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တစ်ခုတည်းနဲ့ မဟုတ်ဘဲနဲ့ အားလုံးပါဝင်နေပြီးတော့ ဆောင်ရွက်ဖို့လည်းလိုတာတွေ ရှိပါတယ်၊ ဒီအစီအစဉ်တွေကတော့ ၂၀၁၈ ထဲမှာ အကောင်အထည်ဖော်မှာပါ၊ Capacity ပိုင်းမှာတော့ Capacity Building ကတော့ စဉ်ဆက်မပြတ်ပါပဲ။

တရားစီရင်ရေးရဲ့ ဒီမိုကရေစီစံနှုန်း

"တရားသူကြီးတွေကိုယ်တိုင်၊ ရုံးဝန်ထမ်းတွေ အားလုံး အမြဲတမ်းအဆက်မပြတ် ဆောင်ရွက်သွားရမယ့် လုပ်ငန်းပါ၊ ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ လေ့ကျင့်ရေးဌာနရှိပါတယ်၊ နောက်တစ်ခါ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့်သုတေသနရှိပါတယ်၊ ဒီဌာနတွေဟာ ဘာလုပ်ပေးသလဲဆိုတော့ ပုံမှန်လေ့ကျင့်သင်ကြားပေးမှုတွေ၊ နိုင်ငံတော်က စီးပွားရေးလုပ်ငန်းတွေ ပွင့်လင်းမြင်သာလာတော့ ဥပဒေနယ်ပယ်အသစ်တွေ၊ နောက်တစ်ခါ တရားစီရင်ရေးရဲ့ ဒီမိုကရေစီစံနှုန်းတွေ၊ လူ့အခွင့်အရေးစံနှုန်းတွေ ဒါတွေအတွက် အလုပ်ရုံဆွေးနွေးပွဲ workshop တွေကို အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်နေတယ်ဆိုတော့ ဒါတွေက စဉ်ဆက်မပြတ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

" နောက်တစ်ချက်ကတော့ အရင်တုန်းက မရှိခဲ့တဲ့ တရားရုံးရဲ့ဆောင်ရွက်မှုတွေကို ပြည်သူတွေနဲ့ တရားရုံးရဲ့ကြားမှာ ဆက်ဆံရေးပေ့ါ၊ ဒါတွေအတွက် လေ့ကျင့်သင်ကြားပေးတာတွေလုပ်ခဲ့ပါတယ်၊ Facility အပိုင်းမှာ လက်ရှိဆောင်ရွက်ပေးနိုင်တာကတော့ ဝန်ထမ်းတွေ၊ တရားသူကြီးတွေအတွက် ဝန်ထမ်းအိမ်ရာ အဆောက်အအုံတွေကို နိုင်ငံတော်ခွင့်ပြုတဲ့ ဘတ်ဂျက်ထဲကနေပြီးတော့ ကျွန်မတို့ ဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်"ဟု ရှင်းပြသည်။

တရားရေးမဏ္ဍိုင်နှင့် ပတ်သက်၍ နားလည်သူရှိသကဲ့သို့ နားမလည်သူများလည်း ရှိနေပြီး တရားဥပဒေစိုးမိုးရေးသည် မြန်မာနိုင်ငံတွင် သာမက နိုင်ငံတိုင်းတွင် အမြဲတမ်းတိုးတက် အောင်ဆောင်ရွက်နေသည့်အရာဖြစ်သည်။

ယင်းအချက်နှင့် စပ်လျဉ်းပြီး "ကျွန်မတို့ တရားဥပဒေစိုးမိုးရေးမှာ ဘယ်သူတွေပါသလဲ၊ ဘယ်သူတွေက တာဝန်ရှိသလဲ၊ လုပ်ငန်းပိုင်းက ဘယ်သူတွေနဲ့ သက်ဆိုင်သလဲဆိုတာ အင်မတန်ကျယ်ပြန့်ပါတယ်၊ တကယ်တော့ တရားဥပဒေစိုးမိုးရေးဟာ နိုင်ငံတော်ကိုယ်တိုင်ကစပြီး ပြည်သူတစ်ဦးချင်းထိ အားလုံးပါဝင်ဆောင်ရွက်ဖို့လိုတဲ့ကိစ္စရပ်ပါ။

" တရားရေးဆိုတာကတော့ ဒီတရားဥပဒေစိုးမိုးရေးမှာ အကောင်အထည်ဖော်ပေးတဲ့ အဖွဲ့အစည်းတစ်ရပ်အနေနဲ့ ပါပါတယ်၊ ပြည်သူတွေကို ရုံးရှေ့ကိုရောက်လာတဲ့ အမှုအခင်းတွေကို ဥပဒေနဲ့အညီ အရည်အသွေးပြည့်ဝတဲ့ တရားမျှတမှုတွေပေးဖို့ ကျွန်မတို့က အဓိကတာဝန်ယူတာပါ၊ ဒီအစိတ်အပိုင်းမှာ တာဝန်ယူတယ်ဆိုတာထက် တာဝန်ပေးအပ်ခြင်း ခံရတာပါ။

"နိုင်ငံတော်ကိုယ်စား ဆောင်ရွက်ဖို့ ပေးအပ်တာဆိုတဲ့အခါကျတော့ ဒီအစိတ်အပိုင်းတိုင်းကနေပြီး တိုးတက်အောင်ဆောင် ရွက်ဖို့က နိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးဆိုတာတစ်ခုကို သွားပြီးတော့ သက်ရောက်မှုရှိမယ်၊ တကယ်ကို တိုးတက်မှုရှိလာမှာပါ၊ တကယ်တမ်းတော့ တရားဥပဒေစိုးမိုးရေးထက် ကျွန်မတို့အပါအဝင် လူတိုင်းလူတိုင်းရဲ့ နေ့စဉ်ဘဝလုံခြုံမှု တိုးတက်ဖြစ်ပေါ်ဖို့ စီးပွားရေးတိုးတက်မှုအားလုံးနဲ့ ဆိုင်နေပါတယ်။



"ကျွန်မတို့ရဲ့ရည်မှန်းချက်ထဲမှာလည်း ရိုးရိုး တရားဥပဒေမဟုတ်၊ ထိရောက်မှုရှိတဲ့ တရားဥပဒေကို မြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးမယ်ဆိုပြီး ထည့်သွင်းထားပါတယ်၊ ဒီနေရာမှာတော့ အားလုံးက တကယ့်တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကို နားလည်လက်ခံပြီးတော့ ဝိုင်းဝန်းဆောင်ရွက်ဖို့ လိုပါလိမ့်မယ်၊ ဒီရည်ရွယ်ချက်နဲ့လည်း ပထမဦးဆုံး မဟာဗျူဟာ စီမံကိန်းဖြစ်တဲ့ ၂၀၁၅-၂၀၁၇ ဖော်ဆောင်တဲ့အခါမှာ ကျွန်မတို့ရဲ့ ဆောင်ပုဒ်က **တရားမျှတရေး အတူတကွဆောင်ရွက်ပေး** ဖြစ်ပါတယ်၊ ကျွန်မတို့က တရားရုံးကဏ္ဍကို ဦးဆောင်တဲ့အခါမှာ ကျန်တဲ့သူတွေကလည်း ပူးပေါင်းပါဝင်ကြပါဆိုပြီးတော့ ကျွန်မတို့ ကမ်းလှမ်းပြီးတော့ ဆောင်ရွက်ခဲ့တာပါ၊ မဟာဗျူဟာစီမံကိန်း ဒုတိယစီမံကိန်း ၂၀၁၈ - ၂၀၂၂ မှာ **အားလုံးအတွက် ပိုမိုကောင်းမွန်တဲ့ တရားမျှတမှုဆီသို့**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြည်သူတွေအတွက် ဘယ်လိုဆောင်ရွက်သလဲဆိုတာ ဦးတည်ပြီးတော့ ချမှတ်ထားတာပါ၊ တကယ်လို့သာ ပူးပေါင်းဆောင်ရွက်ကြမယ်၊ အောင်မြင်စွာဆောင်ရွက်ကြမယ်ဆိုရင် ဒါတွေက အခုဖြစ်နေတဲ့ အခြေအနေတွေကို ဖြေရှင်းနိုင်ဖို့ အားလုံးအတွက် ကြိုးပမ်းနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တရားဥပဒေ

တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရာတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ တရားဥပဒေစိုးမိုးရန်အတွက် ပြည်သူတွေအနေဖြင့် လည်း ဥပဒေဗဟုသုတများကို သိရှိနားလည်ထားရန်လည်း လိုအပ်လျက်ရှိသည်။

"တရားရုံးပိုင်းကတော့ ကျွန်မတို့ ဆောင်ရွက်ချက်တွေအပေါ်မှာ ကျေနပ်အားရမှုရှိပါတယ်၊ ဒါပေမယ့်လည်း အပြည့်အဝဖြစ်ဖို့အတွက် ဒီထက်ပိုပြီးကြိုးစားရပါမယ်၊ ကြိုးစားရမယ်ဆိုတဲ့နေရာမှာ ပြည်သူတွေအနေနဲ့ ဥပဒေကို သိနားလည်ဖို့၊ ဒီထက်ပိုပြီး ပါဝင်ဆောင်ရွက်ဖို့ ရှင်းပြပြောပြရမယ့် အလုပ်က ကျွန်မတို့ အလုပ်လို့ ခံယူထားပါတယ်၊ ဒီနေရာမှာ အထူးသဖြင့် သတင်းမီဒီယာတွေရဲ့ကဏ္ဍက အင်မတန်မှ အရေးကြီးပါတယ်၊ အခုတရားရုံးတွေမှာလည်း ဒီအချက်ကို ပါဝင်ဖို့အတွက် တရားရုံးတွေအနေနဲ့ မီဒီယာနဲ့ ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်လာတာပါ၊ ဒါတွေက အစဉ်အလာအားဖြင့် တရားရုံးအနေနဲ့ ဘယ်တော့မှ မလုပ်ခဲ့တဲ့အလုပ်တွေပါ၊ တရားရုံးဆောင်ရွက်ချက်ဆိုတာ စီရင်ချက်ထဲမှာသာ ဖော်ပြပြီးတော့ သိလိုတဲ့ လူသာလာပြီး စုံစမ်းလာပြီး ဒါကိုမိတ္တူကူးပြီး ဖတ်ရှုဆိုတော့ တကယ်ကို ဥပဒေနယ်ပယ်ကလူတွေနဲ့ပဲ သက်ဆိုင်တဲ့ ကဏ္ဍတစ်ခုလို ဖြစ်ခဲ့တာပါ။

၄-၅- ၂၀၁၇ ရက်က လှိုင်သာယာမြို့နယ်တရားရုံးဖွင့်ပွဲကျင်းပစဉ်။

"ဒါကတော့ မြန်မာနိုင်ငံတင် မဟုတ်ပါဘူး၊ တရားစီရင်ရေးရဲ့ track ကိုက ဒီလိုရှိလာတာပါ၊ နောက်ပိုင်း ပြုပြင်ပြောင်းလဲရေးတွေ လုပ်လာတဲ့အခါ ကျွန်မတို့က ပွင့်လင်းမြင်သာရမယ်၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေရှိရမယ်၊ ပြည်သူလူထုရဲ့အသိအမြင်ပြည့်ဖို့အတွက် ပိုပြီး Contact လုပ်ရမယ်၊ Communication လုပ်ရမယ်၊ Media Skill တွေ တရားသူကြီးတွေကို Training ပေးတယ်၊ တရားရုံးတိုင်းမှာ သတင်းပြန်ကြားရေးအရာရှိတွေကို ကျွန်မတို့ သတ်မှတ်တာဝန်ပေးတယ်၊ ပေးပြီးတဲ့အခါ မီဒီယာကပဲ ဖြစ်ဖြစ်၊ ပြည်သူကပဲဖြစ်ဖြစ် မေးမြန်းလာတာတွေကို မီဒီယာလက်စွဲတွေ ထုတ်ပြန်ပြီး အဲဒီလက်စွဲနဲ့ အညီတွေ့ဆုံတယ်၊ ပြောပြတယ်။

မှုခင်းစီမံခန့်ခွဲမှု စနစ်

" လိုအပ်တဲ့ကိစ္စ၊ လူစိတ်ဝင်စားတဲ့ကိစ္စ၊ အရေးကြီးတဲ့ကိစ္စတွေကို သင့်တော်သလို သတင်းစာရှင်းလင်းပွဲတွေလုပ်တယ်၊ အဲဒီမှာ အဓိကကတော့ တရားရုံးရဲ့သတင်းအချက်အလက် အမှန်ကိုပေးဖို့က သူတို့ရဲ့တာဝန်ပါဆိုတော့ ဒီလုပ်ငန်းတွေက ဘယ်တုန်းကမှမရှိခဲ့တဲ့ဟာတွေပါ၊ အင်မတန်အားရကျေနပ်ဖွယ် ကောင်းပါတယ်၊ အမှုတွေပြီးပြတ်မှုနှုန်းတွေ၊ မှုခင်းစီမံခန့်ခွဲမှု စနစ်တစ်ခုကို ဆောင်ရွက်နေတာမျိုး အားထုတ်မှုတွေပေ့ါ၊ ဒါကတော့ ကာလအတိုလေးအတွင်းမှာ တစ်နှစ်အတွင်း၊ နှစ်နှစ်အတွင်းပြီးမယ်ဆိုတာမျိုး ပြောလို့မရပါဘူး၊ ရေရှည်ဆောင်ရွက်သွားရမှာပါ။

" အောင်မြင်ပြီးရင်လည်း တစ်နိုင်ငံလုံးခြုံပြီးတော့လုပ်ပြီးရင် ပိုမိုကောင်းမွန်အောင် အမြဲကြိုးစားသွားရမှာဆိုတော့ ဒါတွေကိုစပြီးတော့ မိတ်ဆက်နိုင်တယ်၊ စမ်းသပ်နိုင်ခဲ့တယ်၊ နောက်လုပ်မယ့်အစီအစဉ်တွေ ချနိုင်ခဲ့တယ်ဆိုတာကတော့ ဒီကာလအတွင်းမှာ ကျွန်မတို့ ဆောင်ရွက်ချက်တွေရဲ့အဓိကအောင်မြင်မှုလို့ ပြောလို့ရပါတယ်"ဟု ဒေါ်တင်နွယ်စိုးက ရှင်းပြသည်။

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၁၈ - ၂၀၂၂ ကို ဇန်နဝါရီလက ထုတ်ပြန်ကြေညာခဲ့ပြီး မီဒီယာအပါအဝင် သက် ဆိုင်သည့် အစိုးရဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး မဏ္ဍိုင်များအားလုံးကို ဖိတ်ကြားကာ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၁၈ - ၂၀၂၂ တွင် နှစ်အလိုက် ဘာလုပ်မည်ဆိုသည့် လုပ်ငန်းအစီအစဉ်များကို ထည့်သွင်းထားကြောင်း၊ အစီအစဉ်များကို စနစ်တကျဆောင်ရွက်နေကြောင်း၊ ထိုအစီအစဉ်တွင် အရင်းအမြစ်များ လုံလောက် မှုမရှိသည့်အပိုင်း၌ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများထံမှ နည်းပညာပိုင်းဆိုင်ရာအကူအညီများရယူပြီး ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ သွားမည့်ရည်မှန်းချက်မှာ အားလုံးအတွက် ကောင်းမွန်သည့် တရားမျှတမှုဆီသို့ ရှေးရှုပြီး ဆောင်ရွက်နေကြောင်း မှတ်သားမိခဲ့သမျှ ပြန်လည်ရေးသား မျှဝေလိုက်ရပါသည်။ ॥

"တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ တရားဥပဒေစိုးမိုးရန်အတွက် ပြည်သူတွေအနေဖြင့်လည်း ဥပဒေဗဟုသုတများကို သိရှိနားလည်ထားရန်လည်း လိုအပ်"